ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြန်တမ်း

အမှတ် ၁၃] ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၇ ရက်) } သောကြာနေ့ [အတွဲ ၇၉

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥပဒေအမှတ် (၇/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၆ ခုနှစ်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၆ ခုနှစ်)** ဟု ခေါ်တွင်စေရမည်။

၂။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၂ တွင်–

(က) ပုဒ်မခွဲ (ဏ) ၏နောက်တွင် ပုဒ်မခွဲ (တ) နှင့် ပုဒ်မခွဲ (ထ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(တ) **ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း** ဆိုသည်မှာ အကူသူနာပြုများကိုဖြစ်စေ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများကိုဖြစ်စေ ကျန်းမာရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနည်းပညာဘာသာရပ်အလိုက် စနစ်တကျ လေ့ကျင့်သင်ကြားမွေးထုတ်နိုင်ရန် သတ်မှတ်ထားသည့် အင်္ဂါရပ်များနှင့်အညီ သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်သောလုပ်ငန်းကို ဆိုသည်။

(ထ) **ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း** ဆိုသည်မှာ သတ်မှတ်ထားသည့် အင်္ဂါရပ်များနှင့်အညီ ဆေးကုသဌာန တည်ထောင်ဖွင့်လှစ်၍ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဘာသာရပ်ဆိုင်ရာ အထူးဆေးကုသခွင့် လိုင်စင်ရရှိသူက အနည်းဆုံး ၂၄ နာရီ စောင့်ကြည့်ကုသရန် မလိုအပ်သည့် ပြင်ပလူနာများအား ခွဲစိတ်ကုသမှုကို စနစ်တကျကုသသည့် လုပ်ငန်းကို ဆိုသည်။

ရှင်းလင်းချက်။ အနည်းဆုံး ၂၄ နာရီ စောင့်ကြည့်ကုသရန် မလိုအပ်သည့် ပြင်ပလူနာများအား ခွဲစိတ်ကုသမှု ဆိုသည်မှာ ဤဥပဒေပုဒ်မ ၁၀–ခ ပါ အင်္ဂါရပ်များနှင့် ညီညွတ်မှုရှိသည့် ခွဲစိတ်ခန်းအသုံးပြု၍ ခွဲစိတ်မှုပြုလုပ်ကုသရန် လိုအပ်သော်လည်း ဆေးရုံတွင် ၂၄ နာရီထက်ကျော်လွန်၍ အတွင်း လူနာအဖြစ် တက်ရောက်ကုသရန် လိုအပ်ခြင်း မရှိသည့် ခွဲစိတ်ကုသမှုကို ဆိုသည်။"

(ခ) မူလပုဒ်မခွဲ (တ)၊ (ထ)၊ (ဒ)၊ (ဓ) နှင့် (န) တို့ကို ပုဒ်မခွဲ (ဒ)၊ (ဓ)၊ (န)၊ (ပ) နှင့် (ဖ) တို့အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

၃။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေတွင်ပါရှိသော **အစိုးရအဖွဲ့** ဆိုသည့်စကားရပ်ကို **ပြည်ထောင်စုအစိုးရအဖွဲ့** ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ **ကျန်းမာရေးဦးစီးဌာန** ဆိုသည့်စကားရပ်ကို **ကုသရေးဦးစီးဌာန** ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ **ကြိုတင်ခွင့်ပြုချက်** ဆိုသည့်စကားရပ်ကို **ကြိုတင်ထောက်ခံချက်** ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ **ပြည်နယ်၊ တိုင်း** ဆိုသည့်စကားရပ်ကို **နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်** ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဇ) ၏နောက်တွင် ပုဒ်မခွဲ (ဈ) နှင့် (ည) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၊

(ည) ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း။"

၅။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ အခန်း (၈) ၏ နောက်တွင် အခန်း (၈-က) နှင့် အခန်း (၈-ခ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"အခန်း (၈-က)

ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၏ အင်္ဂါရပ်များ

၁၀-က။ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရမည်-

(က) သင်တန်းကျောင်း၏ ရည်ရွယ်ချက်နှင့်ကိုက်ညီသည့် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုစနစ်တို့ကို စီစဉ်ထားရှိခြင်း၊

(ခ) ဆေးလက်တွေ့ သင်ကြားမည့်သင်တန်းများအတွက် သက်ဆိုင်သော ဌာနများပါရှိသည့် ဆေးရုံများနှင့် တွဲဖက်ဖွင့်လှစ်ခြင်း၊

(ဂ) ဆေးလက်တွေ့မဟုတ်သည့်သင်တန်းများအတွက် လိုအပ်သည့်အထောက်အကူပစ္စည်းများ ပြည့်စုံစွာထားရှိခြင်း၊

(ဃ) အဆောက်အအုံ၏ပုံစံနှင့် အခန်းဖွဲ့စည်းမှုများသည် ကျောင်းအင်္ဂါရပ်များဖြင့် ညီညွတ်ခြင်း၊

(င) မီးဘေးအန္တရာယ်လုံခြုံရေး၊ လေဝင်လေထွက် ကောင်းမွန်ရေးနှင့် လုံလောက်သော အလင်းရောင်ရရှိရေးတို့ကို စီစဉ်ထားခြင်း၊

(စ) သင်ကြားပြသပေးမည့် ဘာသာရပ်ဆိုင်ရာဆရာများ ခန့်အပ်ထားခြင်း၊

(ဆ) လုပ်ငန်းဆိုင်ရာ စံသတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများဖြင့် လေ့ကျင့်သင်ကြားခြင်း၊

(ဇ) သင်တန်းသားလက်ခံရေးမူဝါဒနှင့် စိစစ်အကဲဖြတ်ရေးမူဝါဒတို့ကို ရေးဆွဲထားခြင်း၊

(ဈ) ဗဟိုအဖွဲ့က အခါအားလျော်စွာသတ်မှတ်သည့် အခြားလိုအပ်ချက်များနှင့်အညီ ဆောင်ရွက်ထားခြင်း။

အခန်း (၈-ခ)

ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း၏ အင်္ဂါရပ်များ

၁၀-ခ။ ပုဂ္ဂလိကပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်းသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရမည်-

(က) လုံလောက်သော အကျယ်အဝန်းရှိသည့် သီးခြားအဆောက်အဦရှိခြင်းနှင့် သတ်မှတ်ချက်များနှင့် ပြည့်စုံသောနေရာတွင် တည်ထောင်ခြင်း၊

(ခ) အဆောက်အအုံပုံစံနှင့် အခန်းဖွဲ့စည်းမှုများသည် သတ်မှတ်ထားသောစံများနှင့် ညီညွတ်ခြင်း၊

(ဂ) ဆေးကုသဌာန အတွင်း၊ အပြင်နှင့် ပရိဝုဏ်တို့ကို သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဃ) ပြင်ပလူနာများကို ခွဲစိတ်ကုသမှုပြုလုပ်နိုင်ရန် ပိုးမွှားကင်းစင်သည့် အခန်းနှင့် လိုအပ်သော ခွဲစိတ်ပစ္စည်းကိရိယာများ ထားရှိခြင်း၊

(င) လူနာများကို အရေးပေါ် အသက်ကယ်ကုသစောင့်ရှောက်မှုပေးနိုင်ခြင်း၊

(စ) သတ်မှတ်ထားသော စံနှင့်ညီညွတ်သော ပစ္စည်းကိရိယာနှင့် ဆေးဝါးများထားရှိခြင်း၊

(ဆ) လူနာဧည့်သွန်းပို့မှုစနစ်ရှိခြင်း၊

(ဇ) အန္တရာယ်ကင်းသော သွေးသွင်းကုသမှုအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဈ) ပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိစေရေး၊ကူးစက်ရောဂါမပြန့်ပွားစေရေးနှင့် စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသော စံနှင့်အညီ စနစ်တကျစွန့်ပစ်ရေးတို့အတွက် ဆောင်ရွက်ထားခြင်း၊

(ည) သန့်ရှင်းသော သောက်ရေ၊ သုံးရေ လုံလောက်စွာရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဋ) ရေနှင့် မိလ္လာစနစ်ကို စနစ်တကျ တည်ဆောက်ထားခြင်း၊

(ဌ) ဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုနှင့် အရေးပေါ်ကယ်ဆယ်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဍ) ကောင်းမွန်သော ဆက်သွယ်ရေးစနစ်ရှိခြင်း၊

(ဎ) လျှပ်စစ်မီး ၂၄ နာရီပတ်လုံး ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဏ) ဗဟိုအဖွဲ့က အခါအားလျော်စွာသတ်မှတ်သည့် အခြားလိုအပ်ချက်များကို ဆောင်ရွက်ထားခြင်း။"

၆။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးကော်မတီသည် ပုဒ်မ ၁၁ အရ လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍-

(က) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်းများမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကိုပြုပြင်ရန် ကြိုတင်ထောက်ခံချက် လျှောက်ထားသည့်ကိစ္စဖြစ်ပါက သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ခ) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်းများ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ထောက်ခံချက် လျှောက်ထားသည့်ကိစ္စဖြစ်ပါက စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ ကြိုတင်ထောက်ခံချက် ထုတ်ပေးခြင်း သို့မဟုတ် ကြိုတင်ထောက်ခံချက် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။"

၇။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၇။ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးကော်မတီသည်-

(က) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်းများမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားချက်ကို သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ခ) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားခြင်းကိုစိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။"

၈။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဏ) ၏နောက်တွင် ပုဒ်မခွဲ (တ)၊ (ထ)၊ (ဒ)၊ (ဓ)၊ (န)၊ (ပ) နှင့် (ဖ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(တ) သက်ဆိုင်ရာ လိုင်စင်အရ ခွင့်ပြုထားသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း၏ အချက်အလက်များကို မမှန်မကန်ကြော်ငြာခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ထ) သက်ဆိုင်ရာလိုင်စင်အရ ခွင့်ပြုထားသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း၏ အချက်အလက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ခြင်း၊

(ဒ) ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းတွင် ဘာသာရပ်အလိုက် လိုအပ်သည့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ ပြည့်စုံလုံလောက်စွာထားရှိပြီး သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများနှင့်အညီ သင်ကြားနိုင်ရန် စီမံထားရှိခြင်း၊

(ဓ) ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၏ သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများနှင့် သက်ဆိုင်ခြင်းမရှိသည့် ပါတီနိုင်ငံရေးဆိုင်ရာ အကြောင်းအရာများ၊ ဘာသာရေးဆိုင်ရာ အကြောင်းအရာများနှင့် မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်ညီသော အကြောင်းအရာများကို သင်ကြားပို့ချခြင်း မပြုရန် ကြပ်မတ်ခြင်း၊

(န) ဖွင့်လှစ်ဆဲ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းတစ်ခုခု ရပ်နားလိုပါက သင်တန်းတက်ရောက်ဆဲ သင်တန်းသားများ၏ အခွင့်အရေးမဆုံးရှုံးစေရန် စီမံဆောင်ရွက်ခြင်း၊

(ပ) သင်တန်းသားတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်၊ သင်ယူတတ်မြောက်မှု အရည်အချင်းမှတ်တမ်းများကို သတ်မှတ်ချက်နှင့်အညီ ထားရှိခြင်း၊

(ဖ) သင်တန်းသားများ၏ အရည်အချင်းနှင့် ကျွမ်းကျင်မှုကိုစစ်ဆေး၍ သင်တန်းပြီးဆုံးကြောင်း အောင်လက်မှတ်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ထုတ်ပေးခြင်း။"

၉။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၃၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၁။ မည်သူမဆို ပုဂ္ဂလိက ဆေးရုံလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိက ကုသမှုအထောက်အကူပြု သင်တန်းကျောင်းလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်းကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

၁၀။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၃၃ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၃၃။ မည်သူမဆို ပုဂ္ဂလိက ဆေးရုံလုပ်ငန်း၊ ပုဂ္ဂလိက ကုသမှုအထောက်အကူပြု သင်တန်းကျောင်းလုပ်ငန်း၊ ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း၊ ပုဂ္ဂလိက သားဖွားခန်းလုပ်ငန်းနှင့် ပုဂ္ဂလိကဆေးခန်းလုပ်ငန်းတို့မှအပ အခြားပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်ကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် ၃ လမှ အများဆုံး ထောင်ဒဏ် ၁ နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥပဒေအမှတ် (၈/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

သမဝါယမအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **သမဝါယမအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ သမဝါယမအသင်းဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (တ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(တ) **ဝန်ကြီး** ဆိုသည်မှာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်၊"

၃။ သမဝါယမအသင်းဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ည)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ည) အသင်းသည် အသင်းသား၊ အသင်းဝင်နှင့် အကျိုးတူစီးပွားဖက်လုပ်ကိုင်သူ၏ အကျိုးစီးပွားအတွက် အချင်းချင်း လုပ်အား၊ ပစ္စည်း၊ ငွေကြေး သို့မဟုတ် နည်းပညာတို့ ပူးပေါင်း၍ အများ၏ဆန္ဒဖြင့် စီမံခန့်ခွဲပြီး သတ်မှတ်ချက်များနှင့်အညီ စုပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်စေရန်။ "

၄။ သမဝါယမအသင်းဥပဒေပုဒ်မ ၅ တွင် ပုဒ်မခွဲ (ဃ)၊ (c) နှင့် (စ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) အသင်းစည်းကမ်းတွင် အမှုဆောင်၊ စာရင်းစစ် သို့မဟုတ် ကိုယ်စားလှယ်၏ သက်တမ်းသည် တစ်ကြိမ်လျှင် ငါးနှစ်ဖြစ်ကြောင်း ဖော်ပြရမည့်အပြင် အသင်းသားဦးရေ ၁၅ ဦး အောက်ရှိသည့် အခြေခံသမဝါယမအသင်းမှအပ အများဆုံး နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမရှိစေရန်နှင့် အမှုဆောင်၊ စာရင်းစစ် သို့မဟုတ် ကိုယ်စားလှယ်နေရာလစ်လပ်ပါက ရွေးချယ်ခန့်ထားခြင်းဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းဖော်ပြရမည်၊

(c) အသင်းစည်းကမ်းတွင် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံသူသည် အမှုဆောင် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ရွေးချယ်ခံပိုင်ခွင့်ရှိကြောင်း ထည့်သွင်းဖော်ပြရမည်-

(၁) တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ပြီးသူ၊

(၂) အသင်းလုပ်ငန်းများအတွက် အချိန်ပေးနိုင်ပြီး စီးပွားရေးအမြင်နှင့် အတွေ့အကြုံရှိသူ၊

(၃) အသင်းသားသက်တမ်း အနည်းဆုံး တစ်နှစ်ရှိပြီး အရပ်ရပ်ဆိုင်ရာအစည်းအဝေးသို့ အနည်းဆုံး တစ်ကြိမ် တက်ရောက်ဖူးသူ၊

(၄) အကျင့်စာရိတ္တကောင်းမွန်သူ၊

(၅) ကျန်းမာရေးကောင်းမွန်ပြီး အသက် ၇၀ နှစ် မပြည့်သေးသောသူ၊

(၆) သမဝါယမလုပ်ငန်းကို စိတ်ပါဝင်စားမှုရှိသူ၊

(၇) တည်ဆဲဥပဒေနှင့် အသင်းစည်းကမ်းကို လိုက်နာသူ။

(စ) အသင်းစည်းကမ်းတွင် အသင်းသားသည် အသင်းနှင့်ကင်းကွာခြင်းမရှိစေရန် လိုအပ်သော စည်းကမ်းချက်များကို ထည့်သွင်းဖော်ပြရမည်။"

၅။ သမဝါယမအသင်းဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) ၏ ခြွေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ခ) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄) အရ အကျိုးခံစားခွင့်ဆက်ခံစေလိုသူကို သတ်မှတ်ခြင်းမရှိဘဲ အသင်းသားသေဆုံးလျှင်ဖြစ်စေ၊ အကြိုအသင်းသားသေဆုံးလျှင်ဖြစ်စေ ယင်း၏ အကျိုးခံစားခွင့်နှင့် ကြွေးမြီအားလုံး၏ ပေးရန် သို့မဟုတ် ရရန်ရှိသည်တို့ကို အောက်ပါအစီအစဉ်အတိုင်း အသင်းက လွှဲပြောင်းပေးရမည်–"

၆။ သမဝါယမအသင်းဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (စ) နှင့် (ဇ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(စ) အသင်းသည် ပစ္စည်းစာရင်း၊ ငွေစာရင်း၊ အခြားစာရင်းဇယားနှင့် မှတ်တမ်းတို့ကို ပြုစုထိန်းသိမ်းထားရှိပြီး စာရင်းဇယားနှင့် အစီရင်ခံစာတို့ကို ဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ ပေးပို့ခြင်း၊

(ဇ) အစိုးရဘဏ်ချေးငွေ သို့မဟုတ် နိုင်ငံတော်အထောက်အပံ့ရယူပြီး လုပ်ငန်းဆောင်ရွက်သောအသင်းဖြစ်ပါက ဦးစီးဌာန၏ စာရင်းစစ်ဆေးမှုအား ခံယူခြင်း။"

၇။ သမဝါယမအသင်းဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(စ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့်ဖြစ်စေ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အကူအညီနှင့် အထောက်အပံ့ကို ရယူခွင့်ရှိခြင်း။"

၈။ သမဝါယမအသင်းဥပဒေပုဒ်မ ၂၂ ခြွေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်–

"အသင်းသည် ဘဏ္ဍာရေးနှစ်အလိုက် အသားတင်အမြတ်၏ ငါးဆယ်ရာခိုင်နှုန်းကို အောက်ပါရန်ပုံငွေများအတွက် သင့်လျော်သလို ခွဲဝေထားရှိရမည်–"

၉။ သမဝါယမအသင်းဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (ခ) ၏နောက်တွင် ပုဒ်မခွဲ (ဂ)၊ (ဃ) နှင့် (င) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(ဂ) ကြွေးဆုံးလျှာထားငွေ၊

(ဃ) အာမခံကြေးလျှာထားငွေ၊

(င) အမှုဆောင်နှင့် အသင်းဝန်ထမ်းတို့အတွက် လစာနှင့်စရိတ်လျှာထားငွေ။"

၁၀။ သမဝါယမအသင်းဥပဒေပုဒ်မ ၂၄ တွင်–

(က) ခြွေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်–

"အသင်းသည် ဘဏ္ဍာရေးနှစ်အလိုက် အသားတင်အမြတ်၏ ကျန်ငါးဆယ်ရာခိုင်နှုန်းအား အောက်ပါခွဲဝေငွေများအတွက် သင့်လျော်သလို သတ်မှတ်ပေးရမည်–"

(ခ) ပုဒ်မခွဲ (ဂ) ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ (ဃ) ကို ပုဒ်မခွဲ (ဂ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၁၁။ သမဝါယမအသင်းဥပဒေ အခန်း (၉) ၏နောက်တွင် အခန်း (၉-က) နှင့် အခန်း (၉-ခ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"အခန်း (၉-က)

စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၃၄ - က။ ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သော အသင်း၊ အသင်းသား သို့မဟုတ် အသင်းဝင်အား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့် တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်–

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) အသင်းသား၊ အသင်းဝင်အဖြစ်မှ ထုတ်ပယ်ခြင်း၊

(ဃ) မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ယာယီရပ်ဆိုင်းခြင်း၊

(င) မှတ်ပုံတင်ပယ်ဖျက်ခြင်း။

၃၄-ခ။ ပုဒ်မ ၃၄-က အရ ချမှတ်သောအမိန့်ကို ကျေနပ်မှုမရှိသော အသင်း၊ အသင်းသား သို့မဟုတ် အသင်းဝင်သည် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးထံ အယူခံတင်သွင်းခွင့်ရှိသည်။

၃၄-ဂ။ ဝန်ကြီးသည် ပုဒ်မ ၃၄-က အရ ချမှတ်သော ညွှန်ကြားရေးမှူးချုပ်၏ အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ဝန်ကြီး၏ အမိန့်သည် အပြီးအပြတ်ဖြစ်စေရမည်။

အခန်း (၉-ခ)

ပြစ်မှုနှင့် ပြစ်ဒဏ်

၃၄ - ဃ။ မည်သူမဆို အသင်းကိုဖြစ်စေ၊ အမှုဆောင်အဖွဲ့ သို့မဟုတ် အမှုဆောင်တစ်ဦးဦးကိုဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကိုဖြစ်စေ မမှန်မကန်တိုင်ကြားကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၄-င။ အသင်းသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့်ဖြစ်စေ၊ အသင်းအချင်းချင်းဖြစ်စေ၊ ပုဂ္ဂလိကနှင့်ဖြစ်စေ ချုပ်ဆိုထားသော စာချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပြီး ငွေကြေး သို့မဟုတ် ပစ္စည်းကို အလွဲသုံးစားပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ယင်းအသင်း၏ အမှုဆောင် အသီးသီးကို ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံးကျပ်သိန်း ၅၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၄-စ။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကိုကျူးလွန်ရန် စည်းရုံးခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း ပြုလျှင်ဖြစ်စေ၊ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။”

၁၂။ သမဝါယမအသင်းဥပဒေပုဒ်မ ၃၅ တွင်ပါရှိသော **မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေ** ဆိုသည့်စကားရပ်ကို **မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ သမဝါယမအသင်းဥပဒေပုဒ်မ ၃၆ ၏နောက်တွင် ပုဒ်မ ၃၆-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-.

“၃၆-က။ အသက် ၆၂ နှစ်ပြည့်ပြီးသော အသင်းဝန်ထမ်းအား တာဝန်မှ အနားယူခွင့်ပြုရမည်။”

၁၄။ သမဝါယမအသင်းဥပဒေပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။”

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥပဒေအမှတ် (၉/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

အခွန်အယူခံခုံအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အခွန်အယူခံခုံအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (က)၊ (ဌ)၊ (ဍ) နှင့် (ဟ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) **အခွန်** ဆိုသည်မှာ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွက် ကောက်ခံသည့် အခွန်အကောက်အားလုံး၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။

(ဌ) **အယူခံမှု** ဆိုသည်မှာ အခွန်ကို တာဝန်ယူကောက်ခံသည့် သို့မဟုတ် အစိုးရအဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တာဝန်ပေးအပ်ခြင်းခံရသည့် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခုက အခွန်ဆိုင်ရာဥပဒေအရ ချမှတ်သော အခွန်ဆိုင်ရာ အပြီးသတ်အမိန့် သို့မဟုတ် အပြီးသတ်ဆုံးဖြတ်ချက်ကိုသော်လည်းကောင်း၊ အကောက်ခွန်ဆိုင်ရာဥပဒေအရ ချမှတ်သော အပြီးသတ်အမိန့် သို့မဟုတ် အပြီးသတ်ဆုံးဖြတ်ချက်ကိုသော်လည်းကောင်း ကျေနပ်မှုမရှိ၍ ခုံအဖွဲ့သို့ အယူခံတင်သွင်းသည့်အမှုကို ဆိုသည်။

(ဍ) **ပြန်လည်သုံးသပ်မှု** ဆိုသည်မှာ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုတွင် ခုံအဖွဲ့ကချမှတ်သော အမိန့်နှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ပေးရန် ခုံအဖွဲ့၏ သတ်မှတ်ချက်နှင့်အညီ တင်သွင်းသည့် အမှုကို ဆိုသည်။

(ဟ) **လွှဲအပ်မှု** ဆိုသည်မှာ ခုံအဖွဲ့သို့ တင်သွင်းလာသည့်အမှုကို စုံညီခုံအဖွဲ့က ကြားနာစိစစ်ပြီးနောက် ဥပဒေကြောင်းအရ ဖြေရှင်းရန်အကြောင်းပေါ်ပေါက်သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးပို့ရမည့် အမှုကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (တ) နောက်တွင် ပုဒ်မခွဲ (ထ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ထ) **ဝန်ကြီးဌာန** ဆိုသည်မှာ ခုံအဖွဲ့ရုံး၏ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ဝန်ကြီးဌာနကို ဆိုသည်။"

၃။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၂) ဥပဒေ၊ အခွန်၊ စာရင်းကိုင်၊ စာရင်းစစ်တို့နှင့် သက်ဆိုင်သည့်နယ်ပယ်များတွင် ညွှန်ကြားရေးမှူး အဆင့်နှင့်အထက် ရာထူးရှိပြီး အရာထမ်းလုပ်သက် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ် ကျွမ်းကျင်ပညာရှင်အဖြစ် ရွေးချယ်သတ်မှတ်သူ" အဖွဲ့ဝင်

၄။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၂။ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်အားလုံးပါဝင်သောစုံညီခုံအဖွဲ့သည် လွှဲအပ်မှုအဖြစ်ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့လွှဲအပ်ပေးရန် အကြောင်းပေါ်ပေါက်ခြင်း ရှိ မရှိ ဆုံးဖြတ်ရာတွင်-

(က) ခုံအဖွဲ့က ကြားနာစစ်ဆေးနေစဉ် အမှုဌ ဥပဒေကြောင်းနှင့်စပ်လျဉ်း၍ ဖြေရှင်းရမည့်ကိစ္စတစ်ရပ်ရပ်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိချက်အရ တင်ပြလာခြင်းဖြစ်ပါက စိစစ်ဆုံးဖြတ်ရမည်။

(ခ) လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူက ခုံအဖွဲ့၏အမိန့်တွင် ဥပဒေကြောင်းအရ ဖြေရှင်းရမည့်ကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ကြောင်းဖော်ပြ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးပါရန် လျှောက်ထားခြင်းဖြစ်ပါက ကြားနာစစ်ဆေးဆုံးဖြတ်ရမည်။"

၅။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။ ပုဒ်မ ၁၂ အရ ဆုံးဖြတ်ရာတွင်-

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်သင့်ကြောင်းဆုံးဖြတ်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်ရယူနိုင်ရန် အမှုကို လွှဲအပ်ပေးပို့ရမည်။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ရန်မသင့်ကြောင်း ဆုံးဖြတ်ပါက-

(၁) ခုံအဖွဲ့က ကြားနာစစ်ဆေးနေဆဲအမှုဖြစ်ပါက အမှုကို ဆက်လက်စစ်ဆေးဆုံးဖြတ်စေရမည်။

(၂) လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူက တင်ပြလျှောက်ထားသောအမှုဖြစ်ပါက ပလပ်ကြောင်း အမိန့်ချမှတ်ရမည်။"

၆။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) တွင်ပါရှိသော **စာရွက်စာတမ်း** ဆိုသည့်စကားရပ်ကို **စာတမ်းအမှတ်အသား** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၅။ ခုံအဖွဲ့သည် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းက ချမှတ်ထားသော အပြီးသတ်အမိန့် သို့မဟုတ် အပြီးသတ်ဆုံးဖြတ်ချက်များ သို့မဟုတ် မူလခုံအဖွဲ့က ချမှတ်သော အမိန့်အပေါ် အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။"

၈။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) သက်ဆိုင်ရာ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းက တာဝန်ပေးအပ်ခြင်းခံရသည့် ဦးစီးအရာရှိအဆင့် အောက်မနိမ့်သော ပုဂ္ဂိုလ်သည် အမှုနှင့်စပ်လျဉ်း၍ ခုံအဖွဲ့သို့လာရောက်ခြင်း၊ လျှောက်ထားခြင်း၊ ဆောင်ရွက်ခြင်း၊ လျှောက်လဲချက်ပေးခြင်းတို့ ပြုနိုင်သည်။"

၉။ အခွန်အယူခံခုံအဖွဲ့ဥပဒေ၏ အခန်း (၆) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

"ကြားနာခြင်း၊ ဆုံးဖြတ်ချက်၊ အမိန့်ချမှတ်ခြင်းနှင့် ရုပ်သိမ်းခြင်း"

၁၀။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) လွှဲအပ်မှုမှတစ်ပါး အမှုများကို ကြားနာစစ်ဆေးရာတွင် ခုံအဖွဲ့တစ်ဖွဲ့လျှင် မိမိအပါအဝင်ဖြစ်စေ၊ အခြားအဖွဲ့ဝင်များဖြင့်ဖြစ်စေ ခုံအဖွဲ့ခေါင်းဆောင်တစ်ဦးနှင့် အဖွဲ့ဝင် နှစ်ဦး ပါဝင်ဆောင်ရွက်ရန် ဖွဲ့စည်းရမည်။"

၁၁။ အခွန်အယူခံခုံအဖွဲ့ ဥပဒေပုဒ်မ ၂၂ တွင်-

(က) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ကြားနာသော အမှုနှင့်စပ်လျဉ်း၍ ခုံအဖွဲ့၏ နေ့စဉ်ဆောင်ရွက်ချက်များကို ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်ခြင်းခံရသူက မှတ်တမ်းတင်ပြီး ဥက္ကဋ္ဌ သို့မဟုတ် ခုံအဖွဲ့ခေါင်းဆောင်က လက်မှတ်ရေးထိုးထားရှိရမည်။"

(ခ) ပုဒ်မခွဲ (င) ကို ပယ်ဖျက်ရမည်။

၁၂။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၂၂ ၏နောက်တွင် ပုဒ်မ ၂၂-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၂၂-က။ ခုံအဖွဲ့သည် အမှုကို ကြားနာခြင်း၊ စစ်ဆေးခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အဓိန့်ချမှတ်ခြင်းတို့ကို ဆောင်ရွက်ရာတွင် တရားမကျင့်ထုံးဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံအက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အဓိန့်ကြော်ငြာစာ၊ အဓိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆီလျော်သရွေ့ ရည်ညွှန်းသုံးစွဲနိုင်သည်။"

၁၃။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၂၄ တွင်ပါရှိသော **ဆုံးဖြတ်ချက်** ဆိုသည့်စကားရပ်နှင့် ပုဒ်မ ၂၉ တွင်ပါရှိသော **စီရင်ချက်အဓိန့်** ဆိုသည့်စကားရပ်တို့ကို **အဓိန့်** ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၄။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၂၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၅။ အမှုကြားနာစစ်ဆေးသော ဥက္ကဋ္ဌ သို့မဟုတ် ခုံအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များက အတည်ပြုလက်မှတ်ရေးထိုး၍ ရက်စွဲတပ်ထားသောအဓိန့်ကို ခုံအဖွဲ့က အများပြည်သူရှေ့မှောက်တွင် ချမှတ်ခြင်း သို့မဟုတ် ခုံအဖွဲ့ရုံးက နှစ်ဖက်အမှုသည်များထံ စာဖြင့်ပေးပို့ခြင်းနှင့် ပြန်တမ်းတွင် ထည့်သွင်းကြေညာနိုင်ရန် ပေးပို့ခြင်းတို့ကို ဆောင်ရွက်ရမည်။"

၁၅။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၃၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၀။ ခုံအဖွဲ့သည် မိမိဆောင်ရွက်ခဲ့သည့် ကြားနာမှုများနှင့်သက်ဆိုင်သည့် အစီရင်ခံစာကို ဘဏ္ဍာရေးနှစ်တစ်နှစ် ပြီးဆုံးသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း အစိုးရအဖွဲ့သို့ နှစ်စဉ်တင်ပြရမည်။"

၁၆။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၄၂ တွင်ပါရှိသော **ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန** ဆိုသည့်စကားရပ်ကို **ဝန်ကြီးဌာန** ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အဓိန့်ကြော်ငြာစာအမှတ် (၄၂/ ၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

အမြဲတမ်းအတွင်းဝန် / ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် အုပ်ချုပ်မှုစရိတ်သတ်မှတ်ခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၁၇ ရက်စွဲပါ အဓိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၆ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။　ယင်းပြင်ဆင်သတ်မှတ်ချက်အရ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင် အား နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ပေးအပ်ခဲ့ရာ ၎င်းအား ၂၀၂၄ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် အခွန်အယူခံခုံအဖွဲ့တွင် အဖွဲ့ဝင် အဖြစ် တာဝန်ပေးအပ်ပြီးဖြစ်ပါသဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ညွှန်ကြားရေးမှူးချုပ် (တွဲဖက်အတွင်းရေးမှူး) ဦးဇော်မြင့်ဦး အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန် ပေးအပ်လိုက်သည်။

၃။　အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်ခြင်းခံရသူ ဦးဇော်မြင့်ဦး သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကွပ်ကဲမှုအောက်ရှိဌာနများ၏ တာဝန်များကိုပါ တာဝန်ခံ ဆောင်ရွက်ရသည့်အတွက် လစဉ်အုပ်ချုပ်မှုစရိတ် ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို ခံစားခွင့် ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဌေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

အမိန့်ကြော်ငြာစာအမှတ် (၄၅/ ၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက်)

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့် အထိမ်းအမှတ်မဟာမင်္ဂလာအခမ်းအနားကျင်းပရေး ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ နာယကအဖွဲ့နှင့် ဦးစီးကော်မတီ ဖွဲ့စည်းခြင်း

၁။　၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၉ ရက်နေ့(၂၄-၅-၂၀၂၆ ရက်နေ့)မှ ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်နေ့ (၂၆-၅-၂၀၂၆ ရက်နေ့) အထိ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ် (၇၀) ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့် အထိမ်းအမှတ်မဟာမင်္ဂလာအခမ်းအနားကျင်းပရေး ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ နာယကအဖွဲ့နှင့် ဦးစီးကော်မတီ** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) **ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့**

(၁)　ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

(၂)　ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
မဟာဓမ္မကထိကဗဟုဇနဟိတဓရ
အကျိုးတော်ဆောင်ဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

(၃) ဘဒ္ဒန္တသုခမ္မာစာရာဘိဝံသ (ဟသ်ာတမိုးကောင်းဆရာတော်ကြီး)
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
နိုင်ငံတော်ဩဝါဒါစရိယ
ဥက္ကဋ္ဌဆရာတော်
တိပိဋကဓရ တိပိဋကကောဝိဒ ရွှေချယ်ရေးစာမေးပွဲဩဝါဒါစရိယအဖွဲ့

(၄) ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ (သီတဂူဆရာတော်ကြီး)
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
နိုင်ငံတော်ဩဝါဒါစရိယ
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ
သောဠသမရွှေကျင်သာသနာပိုင်ဆရာတော်

(၅) ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (တိပိဋကယောဆရာတော်ကြီး)
အဘိဓဇမဟာရဋ္ဌဂုရု၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက
မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်ရွှေကျင်ကျောင်းတိုက်
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(၆) ဘဒ္ဒန္တကေသရာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဒုတိယဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

(၇) ဘဒ္ဒန္တသုစိတ္တ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဒုတိယဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

(၈) ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (တိပိဋကရေစကြိုဆရာတော်)
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ခ) **နာယကအဖွဲ့**

(၁) နိုင်ငံတော်ဝန်ကြီးချုပ် ဥက္ကဋ္ဌ

(၂) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(၃) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(၄) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၅) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၆) ဝန်ကြီးချုပ် အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(၈) **ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့် အထိမ်းအမှတ်မဟာမင်္ဂလာအခမ်းအနားကျင်းပရေး ဦးစီးကော်မတီ**

(၁)	ပြည်ထောင်စုဝန်ကြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန	ဥက္ကဋ္ဌ
(၂)	ဝန်ကြီးချုပ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့	ဒုတိယဥက္ကဋ္ဌ
(၃)	တိုင်းမှူး ရန်ကုန်တိုင်းစစ်ဌာနချုပ်	အဖွဲ့ဝင်
(၄)	ဒုတိယဝန်ကြီး အမျိုးသားစီမံကိန်းဝန်ကြီးဌာန	အဖွဲ့ဝင်
(၅)	ဒုတိယဝန်ကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၆)	ဒုတိယဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၇)	ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၈)	ဒုတိယဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၉)	ဒုတိယဝန်ကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန	အဖွဲ့ဝင်
(၁၀)	ဒုတိယဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၁၁)	ဒုတိယဝန်ကြီး(ယဉ်ကျေးမှု) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန	အဖွဲ့ဝင်
(၁၂)	ဒုတိယဝန်ကြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	အဖွဲ့ဝင်
(၁၃)	ဒုတိယဝန်ကြီး စွမ်းအင်ဝန်ကြီးဌာန	အဖွဲ့ဝင်
(၁၄)	ဒုတိယဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၁၅)	ဒုတိယဝန်ကြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၁၆)	ဒုတိယဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၁၇)	ဒုတိယစာရင်းစစ်ချုပ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး	အဖွဲ့ဝင်
(၁၈)	လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့	အဖွဲ့ဝင်
(၁၉)	လူမှုရေးရာဝန်ကြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့	အဖွဲ့ဝင်

(၂၀)	မြို့တော်ဝန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ	အဖွဲ့ဝင်
(၂၁)	အမြဲတမ်းအတွင်းဝန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန	အဖွဲ့ဝင်
(၂၂)	ညွှန်ကြားရေးမှူးချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုဌာနကြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး	အဖွဲ့ဝင်
(၂၃)	ဒုတိယဝန်ကြီး(သာသနာရေး) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန	အတွင်းရေးမှူး

၂။ ဦးစီးကော်မတီသည် လုပ်ငန်းများစနစ်တကျ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းသွားရန်ဖြစ်ပါသည်။

အမိန့်အရ

အောင်လင်းဌေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး
အမိန့်ကြော်ငြာစာအမှတ် (၄၆/ ၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၄ ရက်)

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ခိုင်ထွန်း ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဌေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး
အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၅ ရက်)

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဝင်း ကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။　အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန
(က)　ဒေါက်တာ ခိုင်ခိုင်စိုး	ညွှန်ကြားရေးမှူးချုပ် ပြည်သူ့အင်အားဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
(ခ)　ဦးခင်မောင်လှိုင်	ညွှန်ကြားရေးမှူးချုပ် စားသုံးသူရေးရာဦးစီးဌာန စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၃။　အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဇော်ဇော်ဦး ကို အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဌေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၉ ရက်)

အမိန့်ကြော်ငြာစာပြင်ဆင်ခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၄၄/ ၂၀၂၆ ကို အောက်ပါအတိုင်း ပြင်ဆင်လိုက်သည်-

(၁)　ဝဏ္ဏကျော်ထင်ဘွဲ့အောက်ရှိ အမှတ်စဉ် ၁၉ အား ပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဌေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုအစိုးရအဖွဲ့

အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၆)

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

အရာထမ်း၊ အမှုထမ်း ရာထူးအခေါ်အဝေါ်များ သတ်မှတ်ခြင်း

၁။　ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၇ ပုဒ်မခွဲ (က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ (ခ) နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၃ တို့အရ ဖွဲ့စည်းထားသော ပြည်ထောင်စု

ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၈၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၃၆ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၆ တို့အရ နိုင်ငံတော် သမ္မတက ခန့်အပ်ထားသော ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၇ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ (ခ) နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၃ တို့အရ ခန့်အပ်ထားသော အရာထမ်း၊ အမှုထမ်းများ၏ ရာထူးအမျိုးအစားအလိုက် ရာထူးအခေါ်အဝေါ်များကို ပူးတွဲပါဇယားတွင် ဖော်ပြထားသည့်အတိုင်း ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့် နေ့မှစ၍ ခေါ်ဝေါ်သုံးစွဲရန် သတ်မှတ်လိုက်သည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ရုံးခွဲများဖွဲ့စည်းထားရှိပါက အဆိုပါရုံးခွဲများရှိ ဝန်ထမ်းများ၏ ရာထူးအခေါ်အဝေါ်များကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအလိုက် ခေါ်ဝေါ်အသုံးပြုသည့် လစာနှုန်းနှင့်တူညီသောရာထူးများကိုပင် သတ်မှတ်ခေါ်ဝေါ်သုံးစွဲရမည်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၂၀ နှင့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၂ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

နေလင်း
အတွင်းရေးမှူး

ပူးတွဲဇယား

လစာနှုန်းထားအလိုက် သတ်မှတ်သည့် ရာထူးအခေါ်အဝေါ်များ

စဉ်		ရာထူးအဆင့်(၁၂)ဆင့်၏ ရာထူးအခေါ်အဝေါ်များ	လစာနှုန်း (စီမံ/ဘဏ္ဍာ)၏ ၂၉-၄-၂၀၁၈ အမိန့်စာ (၃၀/၂၀၁၈)
၁	၁	အမြဲတမ်းအတွင်းဝန် (Permanent Secretary)/ ညွှန်ကြားရေးမှူးချုပ် (Director General)	၅၅၀,၀၀၀
	၂	ညွှန်ကြားရေးမှူးချုပ် (Director General)	။
	၃	ဦးဆောင်ညွှန်ကြားရေးမှူး (Managing Director)	။
	၄	သံအမတ်ကြီး [Ambassador (Extraordinary)]	။
	၅	ပါမောက္ခချုပ် (Rector)	။
	၆	ကျောင်းအုပ်ကြီး (Principal)	။
	၇	ဌာနကြီးမှူး (Senior Head of Department)	။
	၈	ဆေးရုံအုပ်ကြီး (Senior Medical Superintendent)	။
၂	၁	ဒုတိယအမြဲတမ်းအတွင်းဝန် (Deputy Permanent Secretary)	၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀
	၂	ဒုတိယညွှန်ကြားရေးမှူးချုပ် (Deputy Director General)	။
	၃	ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (Deputy Managing Director)	။

စဉ်		ရာထူးအဆင့်(၁၂)ဆင့်၏ ရာထူးအခေါ်အဝေါ်များ	လစာနှုန်း (စီမံ/ဘဏ္ဍာ)၏ ၂၉-၄-၂၀၁၈ အမိန့်စာ (၃၀/၂၀၁၈)
	၄	အထွေထွေမန်နေဂျာ (General Manager)	၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀
	၅	သံအမတ် (Minister)	။
	၆	ဆေးရုံအုပ်ကြီး (Senior Medical Superintendent)	။
	၇	ဒုတိယပါမောက္ခချုပ် (Pro-Rector)	။
	၈	ပါမောက္ခ (Professor)	။
	၉	ကျောင်းအုပ်ကြီး (Principal)	။
	၁၀	ဒုတိယကျောင်းအုပ်ကြီး (Vice-Principal)	။
	၁၁	အင်ဂျင်နီယာချုပ် (Chief Engineer)	။
	၁၂	စစ်ဆေးရေးအရာရှိချုပ် (Chief Inspection Officer)	။
	၁၃	စက်ရုံမှူး (Factory Manager)	။
	၁၄	ဌာနမှူး (Head of Department)	။
၃	၁	လက်ထောက်အတွင်းဝန် (Assistant Secretary)	၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀
	၂	ညွှန်ကြားရေးမှူး (Director)	။
	၃	ဒုတိယအထွေထွေမန်နေဂျာ (Deputy General Manager)	။
	၄	ဌာနကြီးမှူး (Senior Head of Department/ Dean/ Head of Department)	။
	၅	ဌာနမှူး (Head of Department)	။
	၆	ဒုတိယဌာနမှူး (Deputy Head of Department)	။
	၇	ပါမောက္ခ (Professor)	။
	၈	သံမှူးကြီး (Minister Counsellor)	။
	၉	ကောင်စစ်ဝန်ချုပ် (Counsellor General)	။
	၁၀	ကျောင်းအုပ်ကြီး (Principal)	။
	၁၁	ဒုတိယကျောင်းအုပ်ကြီး (Vice-Principal)	။
	၁၂	ဆေးရုံအုပ်ကြီး (Senior Medical Superintendent)	။
	၁၃	အင်ဂျင်နီယာချုပ် (Chief Engineer)	။
	၁၄	ဒုတိယအင်ဂျင်နီယာချုပ် (Deputy Chief Engineer)	။

စဉ်		ရာထူးအဆင့်(၁၂)ဆင့်၏ ရာထူးအခေါ်အဝေါ်များ	လစာနှုန်း (စီမံ/ဘဏ္ဍာ)၏ ၂၉-၄-၂၀၁၈ အမိန့်စာ (၃၀/၂၀၁၈)
	၁၅	အင်ဂျင်နီယာမှူးကြီး (Superintendent Engineer)	၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀
	၁၆	စက်ရုံမှူး (Factory Manager)	〃
	၁၇	ဒုတိယစက်ရုံမှူး (Deputy Factory Manager)	〃
	၁၈	ရေကြောင်းဌာနမှူးချုပ် (Master Attendant/ Marine Superintendent)	〃
	၁၉	ရေကြောင်းပြမှူးကြီး (Pilot)	〃
	၂၀	ဆိပ်ကမ်းအရာရှိချုပ် (Chief Port Officer)	〃
	၂၁	ဒုတိယရေကြောင်းဌာနမှူးချုပ် (Harbour Master)	〃
	၂၂	ဘူမိဗေဒအရာရှိချုပ် (Chief Geologist)	〃
	၂၃	ဘူမိရူပဗေဒအရာရှိချုပ် (Chief Geophysicist)	〃
	၂၄	သုတေသနအရာရှိချုပ် (Chief Research Officer)	〃
	၂၅	ဒုတိယစစ်ဆေးရေးအရာရှိချုပ်(Deputy Chief Inspection Officer)	〃
	၂၆	စာရင်းကိုင်ချုပ် (Chief Accountant)	〃
	၂၇	စာတည်းမှူးချုပ် (Editor in Chief)	〃
၄	၁	ဒုတိယညွှန်ကြားရေးမှူး (Deputy Director)	၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀
	၂	လက်ထောက်အထွေထွေမန်နေဂျာ (Assistant General Manager)	〃
	၃	ဌာနမှူး (Head of Department)	〃
	၄	လက်ထောက်ဌာနမှူး (Assistant Head of Department)	〃
	၅	ဒုတိယဌာနမှူး (Deputy Head of Department)	〃
	၆	သံမှူး (Counsellor)	〃
	၇	တွဲဖက်ပါမောက္ခ (Associate Professor)	〃
	၈	ကျောင်းအုပ်ကြီး (Principal)	〃
	၉	ဒုတိယကျောင်းအုပ်ကြီး (Vice-Principal)	〃
	၁၀	ဆေးရုံအုပ်ကြီး (Senior Medical Superintendent)	〃
	၁၁	အထူးကုဆရာဝန်ကြီး (Specialist Doctor)	〃
	၁၂	အတိုင်ပင်ခံအထူးကုဆရာဝန်ကြီး (Senior Consultant)	〃
	၁၃	ဒုတိယအင်ဂျင်နီယာချုပ် (Deputy Chief Engineer)	〃

စဉ်		ရာထူးအဆင့်(၁၂)ဆင့်၏ ရာထူးအခေါ်အဝေါ်များ	လစာနှုန်း (စီမံ/ဘဏ္ဍာ)၏ ၂၉-၄-၂၀၁၈ အမိန့်စာ (၃၀/၂၀၁၈)
	၁၄	အင်ဂျင်နီယာမှူးကြီး (Superintendent Engineer)	၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀
	၁၅	ဒုတိယအင်ဂျင်နီယာမှူးကြီး (Deputy Superintendent Engineer)	〃
	၁၆	စက်ရုံမှူး (Factory Manager)	〃
	၁၇	ဒုတိယစက်ရုံမှူး (Deputy Factory Manager)	〃
	၁၈	လက်ထောက်စက်ရုံမှူး (Assistant Factory Manager)	〃
	၁၉	ဒုတိယရေကြောင်းဌာနမှူးချုပ် (Deputy Marine Superintendent)	〃
	၂၀	ရေယာဉ်မှူးကြီး (Senior Captain)	〃
	၂၁	ဘူမိဗေဒအရာရှိကြီး (Senior Geologist)	〃
	၂၂	ဘူမိရူပဗေဒအရာရှိကြီး (Senior Geophysicist)	〃
	၂၃	သုတေသနအရာရှိကြီး (Chief Research Officer)	〃
	၂၄	ပစ္စည်းထိန်းချုပ် (Controller of Stores)	〃
	၂၅	ဒုတိယစာရင်းကိုင်ချုပ် (Deputy Chief Accountant)	〃
	၂၆	ဒုတိယစာတည်းမှူးချုပ် (Deputy Editor In Chief)	〃
၅	၁	လက်ထောက်ညွှန်ကြားရေးမှူး (Assistant Director)	၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀
	၂	မန်နေဂျာ (Manager)	〃
	၃	ဌာနမှူး (Head of Department)	〃
	၄	ဌာနခွဲမှူး (Head of Division)	〃
	၅	ပထမအတွင်းဝန် (First Secretary)	〃
	၆	ကထိက (Lecturer)	〃
	၇	ဒုတိယကျောင်းအုပ်ကြီး (Vice-Principal)	〃
	၈	ကျောင်းအုပ် (Principal)	〃
	၉	မော်ကွန်းထိန်း (Registrar)	〃
	၁၀	မြို့နယ်ပညာရေးမှူး (Township Education Officer)	〃
	၁၁	ဆေးရုံအုပ် (Medical Superintendent)	〃
	၁၂	ဒုတိယဆေးရုံအုပ် (Deputy Medical Superintendent)	〃
	၁၃	အထူးကုဆရာဝန် (Junior Consultant)	〃

စဉ်		ရာထူးအဆင့်(၁၂)ဆင့်၏ ရာထူးအခေါ်အဝေါ်များ	လစာနှုန်း (စီမံ/ဘဏ္ဍာ)၏ ၂၉-၄-၂၀၁၈ အမိန့်စာ (၃၀/၂၀၁၈)
	၁၄	အတိုင်ပင်ခံအထူးကုဆရာဝန် (Consultant)	၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀
	၁၅	ဆရာဝန်ကြီး (Senior Doctor)	။
	၁၆	သူနာပြုအုပ်ကြီး (Senior Matron)	။
	၁၇	အင်ဂျင်နီယာမှူး (Executive Engineer)	။
	၁၈	စက်ရုံမှူး (Factory Manager)	။
	၁၉	ဒုတိယစက်ရုံမှူး (Deputy Factory Manager)	။
	၂၀	အလုပ်ရုံမှူး (Workshop Manager)	။
	၂၁	လက်ထောက်ရေကြောင်းဌာနမှူးချုပ် (Assistant Marine Superintendent)	။
	၂၂	ရေယာဉ်အင်ဂျင်နီယာ (Ship Engineer)	။
	၂၃	ရေယာဉ်မှူး (Captain)	။
	၂၄	ရေယာဉ်ဗိသုကာ (Naval Architect)	။
	၂၅	ဘူမိဗေဒအရာရှိ (Geologist)	။
	၂၆	ဘူမိရူပဗေဒအရာရှိ (Geophysicist)	။
	၂၇	ဘူမိဓာတုဗေဒအရာရှိ (Geochemist)	။
	၂၈	စာတည်းမှူး (Executive Editor)	။
	၂၉	ပြတိုက်မှူး (Museum Officer)	။
	၃၀	စာကြည့်တိုက်မှူး (Librarian)	။
	၃၁	သုတေသနအရာရှိ (Research Officer)	။
	၃၂	ကျောင်းအုပ်ကြီး (Principal)	။
၆	၁	ဦးစီးအရာရှိ (Staff Officer)	၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀
	၂	ကိုယ်ရေးအရာရှိ (Personal Staff Officer)	။
	၃	လက်ထောက်မန်နေဂျာ (Assistant Manager)	။
	၄	ဌာနစုမှူး (Head of Branch)	။
	၅	ဌာနစုမှူး (၁) [Head of Branch (1)]	။
	၆	ဌာနစုမှူး (၂) [Head of Branch (2)]	။
	၇	ဒုတိယအတွင်းဝန် (Second Secretary)	။
	၈	တတိယအတွင်းဝန် (Third Secretary)	။
	၉	လက်ထောက်ကထိက (Assistant Lecturer)	။
	၁၀	ဒုတိယမြို့နယ်ပညာရေးမှူး (Deputy Township Education Officer)	။
	၁၁	ကျောင်းအုပ် (Principal)	။

စဉ်		ရာထူးအဆင့်(၁၂)ဆင့်၏ ရာထူးအခေါ်အဝေါ်များ	လစာနှုန်း (စီမံ/ဘဏ္ဍာ)၏ ၂၉-၄-၂၀၁၈ အမိန့်စာ (၃၀/၂၀၁၈)
	၁၂	ဒုတိယကျောင်းအုပ် (Vice–Principal)	၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀
	၁၃	အထက်တန်းကျောင်းအုပ်ကြီး (High School Headmaster)	။
	၁၄	အလယ်တန်းကျောင်းအုပ်ကြီး (Middle School Headmaster)	။
	၁၅	လက်ထောက်မော်ကွန်းထိန်း (Assistant Registrar)	။
	၁၆	နည်းပြအရာရှိ (Instructor Officer)	။
	၁၇	လက်ထောက်အင်ဂျင်နီယာ (Assistant Engineer)	။
	၁၈	ဓာတ်ခွဲခန်းမှူး (Laboratory Officer)	။
	၁၉	ဒုတိယစက်ရုံမှူး (Deputy Factory Manager)	။
	၂၀	ဒုတိယအလုပ်ရုံမှူး (Deputy Workshop Manager)	။
	၂၁	အလုပ်ရုံခွဲမှူး (Head of Workshop Division)	။
	၂၂	ရေယာဉ်အင်ဂျင်နီယာ (Second Engineer)	။
	၂၃	ရေယာဉ်မှူး (Captain)	။
	၂၄	လက်ထောက်ရေယာဉ်အင်ဂျင်နီယာ (Third Engineer)	။
	၂၅	လက်ထောက်ရေယာဉ်မှူး (Captain)	။
	၂၆	ရေယာဉ်အရာရှိ (Second Officer/Fleet Officer)	။
	၂၇	လက်ထောက်ရေယာဉ်ဗိသုကာ (Assistant Naval Architect)	။
	၂၈	ရေငုပ်အရာရှိ (Diver Officer)	။
	၂၉	လက်ထောက်ဆိပ်ကမ်းအရာရှိ (Assistant Port Officer)	။
	၃၀	ရုံပိုင်ချုပ်ကြီး (Senior Station Superintendent)	။
	၃၁	လက်ထောက်ဘူမိဗေဒအရာရှိ (Assistant Geologist)	။
	၃၂	လက်ထောက်ဘူမိရူပဗေဒအရာရှိ (Assistant Geophysicist)	။
	၃၃	လက်ထောက်ဘူမိဓာတုဗေဒအရာရှိ (Assistant Geochemist)	။
	၃၄	စာတည်း (Editor)	။
	၃၅	သတင်းထောက်မှူး (Chief Reporter)	။
	၃၆	စာပေစိစစ်ရေးမှူး (Scrutinizer)	။
	၃၇	အားကစားမှူး (Sport Officer)	။
	၃၈	လက်ထောက်စာကြည့်တိုက်မှူး (Assistant Librarian)	။
	၃၉	လက်ထောက်ပြတိုက်မှူး (Assistant Museum Officer)	။
	၄၀	လုပ်ငန်းအရာရှိ (Work Officer)	။
	၄၁	လက်ထောက်သုတေသနအရာရှိ (Assistant Research Officer)	။
	၄၂	ဆေးရုံအုပ် (Medical Superintendent)	။
	၄၃	ဒုတိယဆေးရုံအုပ် (Deputy Medical Superintendent)	။
	၄၄	ဆရာဝန် (Doctor)	။
	၄၅	တာဝန်ခံဆရာဝန် (Station Medical Officer)	။
	၄၆	အဖွဲ့ခေါင်းဆောင်ဆရာဝန် (Team Leader Doctor)	။
	၄၇	သူနာပြုအုပ် (Matron)	။
	၄၈	ဆေးလူမှုဆက်ဆံရေးအရာရှိ (Medical Social Works Officer)	။

စဉ်		ရာထူးအဆင့်(၁၂)ဆင့်၏ ရာထူးအခေါ်အဝေါ်များ	လစာနှုန်း (စီမံ/ဘဏ္ဍာ)၏ ၂၉-၄-၂၀၁၈ အမိန့်စာ (၃၀/၂၀၁၈)
၇	၁	ဦးစီးမှူး (Officer)	၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀
	၂	ရုံးအုပ် (Superintendent)	။
	၃	ကြီးကြပ်ရေးမှူး (Supervisor)	။
	၄	စာရင်းကိုင် (၁) [Accountant (1)]	။
	၅	စာရင်းစစ် (၁) [Auditor (1)]	။
	၆	စာရင်းစစ်မှူး (Senior Auditor)	။
	၇	စာရင်းအင်းမှူး (Chief Statistician)	။
	၈	ငွေကိုင် (၁) [Cashier (1)]	။
	၉	ပစ္စည်းထိန်း(၁) [Store Keeper (1)]	။
	၁၀	လုံခြုံရေး (၁) [Security (1)]	။
	၁၁	သိုလှောင်ရုံမှူး (၁) [Warehouse Officer (1)]	။
	၁၂	ယန္တရားမောင်း (၁) [Heavy Vehicle Operator (1)]	။
	၁၃	စက်မောင်း (၁) [Machine Operator (1)]	။
	၁၄	ယာဉ်မောင်း(၁) [Driver (1)]	။
	၁၅	ယာဉ်မောင်းစက်ပြင်(၁) [Driver Mechanic (1)]	။
	၁၆	အလုပ်ရုံစုမှူး (Foreman)	။
	၁၇	စက်မှုစီမံရေး (၁) [Industrial Planning Staff (1)]	။
	၁၈	သုတေသနလက်ထောက်(၁) [Assistant Researcher (1)]	။
	၁၉	ရေယာဉ်အုပ်(၁) [Serang (1)]	။
	၂၀	စက်ခန်းအုပ် (၁) [Marine Engine Operator (1)]	။
	၂၁	တပ်မကိုင် (၁) [Helmsman (1)]	။
	၂၂	သင်္ဘောသား (၁) [Seaman (1)]	။
	၂၃	ရေယာဉ်ဆက်သွယ်ထောက်ပံ့ရေးမှူး (Senior Shipping Assistant)	။
	၂၄	ရေငုပ်(၁) [Driver (1)]	။
	၂၅	တိုင်းထွာရေး(၁) [Chain Man(1)]	။
	၂၆	ရုံပိုင်ချုပ် (Station Superintendent)	။
	၂၇	စက်ခေါင်းမှူး (၁) [Locomotive Driver (1)]	။
	၂၈	ဆက်သွယ်ရေး (၁) [Communication (1)]	။
	၂၉	ဘူမိဗေဒလက်ထောက် (၁) [Geologist Assistant (1)]	။
	၃၀	ဘူမိရူပဗေဒလက်ထောက် (၁) [Geophysicist Assistant (1)]	။
	၃၁	ဘူမိဓာတုဗေဒလက်ထောက် (၁) [Geochemist Assistant(1)]	။
	၃၂	သတ္တုဗေဒလက်ထောက် (၁) [Metallurgy Assistant (1)]	။
	၃၃	သတ္တုတွင်းလက်ထောက် (၁) [Mining Assistant (1)]	။
	၃၄	အငယ်တန်းအင်ဂျင်နီယာ (၁) [Junior Engineer(1)]	။
	၃၅	ပုံဆွဲ(၁) [Drawing (1)]	။

စဉ်		ရာထူးအဆင့်(၁၂)ဆင့်၏ ရာထူးအခေါ်အဝေါ်များ	လစာနှုန်း (စီမံ/ဘဏ္ဍာ)၏ ၂၉-၄-၂၀၁၈ အမိန့်စာ (၃၀/၂၀၁၈)
	၃၆	ပုံထုတ် (၁) [Draftsman (1)]	၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀
	၃၇	ခန့်မှန်း (၁) [Quantity Surveyor (1)]	။
	၃၈	သစ်စစ် (၁) [Timber Grading (1)]	။
	၃၉	သစ်စာရင်းကိုင် (၁) [Timber Data Collector (1)]	။
	၄၀	သစ်ပေါင်း (၁) [Timber Kiln Operator (1)]	။
	၄၁	သစ်ရွေး (၁) [Timber Selector (1)]	။
	၄၂	ပစ္စည်းရွေး (၁) [Timber Selector (1)]	။
	၄၃	ဘွိုင်လာထိန်း (၁) [Boiler Controller (1)]	။
	၄၄	တိရစ္ဆာန်ထိန်း (၁) [Animal Keeper (1)]	။
	၄၅	တိရစ္ဆာန်ဆေးကုမှူး (Veterinarian)	။
	၄၆	မြေတိုင်း (၁) [Land Surveyor (1)]	။
	၄၇	လျှာထိုးစက်ကိုင် (၁) [Parquet Tongued & Grooved Machine Operator (1)]	။
	၄၈	ထွန်စက်မောင်း (၁) [Tractor Driver (1)]	။
	၄၉	အကြီးတန်းနည်းပြ (Senior Tutor)	။
	၅၀	ကျန်းမာရေးမှူး (၁) [Health Assistant (1)]	။
	၅၁	အနာကြီးရောဂါစောင့်ရှောက်ရေးမှူး (၁) [Leprosy Inspector (1)]	။
	၅၂	ပိုးမွှားစုံစမ်းရေးမှူး (Entomologist)	။
	၅၃	ပြည်သူ့ကျန်းမာရေးဆရာမကြီး (Public Health Nurse)	။
	၅၄	အကြီးတန်းသတင်းထောက် (Senior Reporter)	။
	၅၅	စာပေလက်ထောက် (၁) [Assistant Literature (1)]	။
	၅၆	အနုပညာရှင် (၁) [Artist (1)]	။
	၅၇	ရိုးရာပန်းပညာရှင် (၁) [Traditional Artist (1)]	။
	၅၈	စာကြည့်တိုက်လက်ထောက် (၁) [Library Assistant (1)]	။
	၅၉	ပြတိုက်လက်ထောက် (၁) [Museum Assistant (1)]	။
	၆၀	မော်ကွန်းထိန်းလက်ထောက် (၁) [Archivist Assistant (1)]	။
	၆၁	လူမှုဝန်ထမ်း (၁) [Social Worker (1)]	။
	၆၂	သာသနာရေးလက်ထောက် (၁) [Religious Assistant (1)]	။
	၆၃	အကြီးတန်းစုံစမ်းရေးမှူး (Senior Inspector)	။
	၆၄	အရောင်း (၁) [Sales (1)]	။
	၆၅	အခမ်းအနားပြင် (၁) [Decorator (1)]	။
	၆၆	ကျွမ်းကျင် (၁) [Technician (1)]	။
	၆၇	စစ်ဆေးရေးမှူး (၁) [Inspector (1)]	။
	၆၈	စိစစ်ရေးမှူး (၁) [Analyst (1)]	။
	၆၉	စကားပြန် (၁) [Interpreter (1)]	။
	၇၀	ဘာသာပြန် (၁) [Translator (1)]	။

စဉ်		ရာထူးအဆင့်(၁၂)ဆင့်၏ ရာထူးအခေါ်အဝေါ်များ	လစာနှုန်း (စီမံ/ဘဏ္ဍာ)၏ ၂၉-၄-၂၀၁၈ အမိန့်စာ (၃၀/၂၀၁၈)
	၇၁	သံရုံးအုပ် (Chief of Chancery)	၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀
	၇၂	ဈေးတာဝန်ခံ (၁) [Market In Charge (1)]	။
	၇၃	အခွန်ကောက် (၁) [Tax Collector (1)]	။
	၇၄	စည်းကမ်းထိန်း (၁) [Regulatory Staff (1)]	။
၈	၁	ဒုတိယဦးစီးမှူး (Deputy Staff Officer)	၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀
	၂	ဒုတိယကြီးကြပ်ရေးမှူး (Deputy Supervisor)	။
	၃	ဌာနစိတ်မှူး (Head of Section)	။
	၄	အငယ်တန်းလက်ထောက် (Junior Assistant)	။
	၅	ဌာနခွဲစာရေး (Branch Clerk)	။
	၆	စနစ်သရုပ်ခွဲမှူး (System Analyst)	။
	၇	ကွန်ပျူတာစီစဉ်ရေးမှူး (Computer Programmer)	။
	၈	ကွန်ပျူတာလုပ်ဆောင်ရေးမှူး (Computer Operator)	။
	၉	စာရင်းကိုင် (၂) [Accountant (2)]	။
	၁၀	စာရင်းစစ် (၂) [Auditor (2)]	။
	၁၁	ဒုတိယစာရင်းစစ်မှူး (Deputy Senior Auditor)	။
	၁၂	ငွေကိုင် (၂) [Cashier (2)]	။
	၁၃	ပစ္စည်းထိန်း (၂) [Store Keeper (2)]	။
	၁၄	လုံခြုံရေး (၂) [Security (2)]	။
	၁၅	သိုလှောင်ရုံမှူး (၂) [Warehouse Officer (2)]	။
	၁၆	ဒုတိယမီးသတ်ဦးစီးမှူး (Deputy Fire Staff Officer)	။
	၁၇	ယန္တရားမောင်း (၂) [Heavy Vehicle Operator (2)]	။
	၁၈	စက်မောင်း (၂) [Machine Operator (2)]	။
	၁၉	ယာဉ်မောင်း (၂) [Driver (2)]	။
	၂၀	ယာဉ်မောင်းစက်ပြင် (၂) [Driver Mechanic (2)]	။
	၂၁	အလုပ်ရုံစိတ်မှူး (Assistant Foreman)	။
	၂၂	စက်မှုစီမံရေး (၂) [Industrial Planning Staff (2)]	။
	၂၃	သုတေသနလက်ထောက် (၂) [Assistant Researcher (2)]	။
	၂၄	ရေယာဉ်အုပ် (၂) [Serang (2)]	။
	၂၅	စက်ခန်းအုပ် (၂) [Marine Engine Operator (2)]	။
	၂၆	တက်မကိုင် (၂) [Helmsman (2)]	။
	၂၇	သင်္ဘောသား (၂) [Seaman (2)]	။
	၂၈	ရေငုပ် (၂) [Diver (2)]	။
	၂၉	တိုင်းထွာရေး (၂) [Chain Man (2)]	။
	၃၀	အငယ်တန်းရေယာဉ်ဆက်သွယ်ထောက်ပံ့ရေးမှူး (Shipping Assistant)	။
	၃၁	စက်ခေါင်းမှူး (၂) [Locomotive Driver (2)]	။
	၃၂	ဆက်သွယ်ရေး (၂) [Communication (2)]	။

စဉ်		ရာထူးအဆင့်(၁၂)ဆင့်၏ ရာထူးအခေါ်အဝေါ်များ	လစာနှုန်း (စီမံ/ဘဏ္ဍာ)၏ ၂၉-၄-၂၀၁၈ အမိန့်စာ (၃၀/၂၀၁၈)
	၃၃	ဘူမိဗေဒလက်ထောက် (၂) [Geologist Assistant (2)]	၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀
	၃၄	ဘူမိရူပဗေဒလက်ထောက် (၂) [Geophysicist Assistant (2)]	″
	၃၅	ဘူမိဓာတုဗေဒလက်ထောက် (၂) [Geochemist Assistant (2)]	″
	၃၆	သတ္တုဗေဒလက်ထောက် (၂) [Metallurgy Assistant (2)]	″
	၃၇	သတ္တုတွင်းလက်ထောက် (၂) [Mining Assistant (2)]	″
	၃၈	အငယ်တန်းအင်ဂျင်နီယာ (၂) [Junior Engineer (2)]	″
	၃၉	ပုံဆွဲ (၂) [Drawing (2)]	″
	၄၀	ပုံထုတ် (၂) [Draftsman (2)]	″
	၄၁	ခန့်မှန်း (၂) [Quantity Surveyor (2)]	″
	၄၂	သစ်အုပ်ကြီး (Senior Timber Ranger)	″
	၄၃	ဆင်အုပ် (Chief Mahout)	″
	၄၄	သစ်စစ် (၂) [Timber Grading (2)]	″
	၄၅	သစ်စာရင်းကိုင် (၂) [Timber Data Collector (2)]	″
	၄၆	သစ်ပေါင်း (၂) [Timber Kiln Operator (2)]	″
	၄၇	သစ်ရွေး (၂) [Timber Selector (2)]	″
	၄၈	ပစ္စည်းရွေး (၂) [Timber Selector 2)]	″
	၄၉	ဘွိုင်လာထိန်း (၂) [Boiler Controller (2)]	″
	၅၀	တောအုပ်ကြီး (Range Officer)	″
	၅၁	တိရစ္ဆာန်ထိန်း (၂) [Animal Keeper (2)]	″
	၅၂	ဒုတိယတိရစ္ဆာန်ဆေးကုမှူး (Deputy Veterinarian)	″
	၅၃	မြေတိုင်း (၂) [Land Surveyor (2)]	″
	၅၄	လျှာထိုးစက်ကိုင် (၂) [Parquet Tongued & Grooved Machine Operator (2)]	″
	၅၅	ထွန်စက်မောင်း (၂) [Tractor Driver (2)]	″
	၅၆	စာစဉ်မှူး (Pre-Press Technician)	″
	၅၇	လက်ထောက်မြို့နယ်ပညာရေးမှူး (Assistant Township Education Officer)	″
	၅၈	ကျန်းမာရေးမှူး (၂) [Health Assistant (2)]	″
	၅၉	အနာကြီးရောဂါစောင့်ရှောက်ရေးမှူး (၂) [Leprosy inspector (2)]	″
	၆၀	သူနာပြုကြီး (Practitioner)	″
	၆၁	သူနာပြုဆရာ/ဆရာမကြီး (Brother/Sister)	″
	၆၂	ဒုတိယပိုးမွှားစုံစမ်းရေးမှူး (Deputy Entomologist)	″
	၆၃	ဆေးလူမှုဆက်ဆံရေးမှူး (Medical Social Worker)	″
	၆၄	အငယ်တန်းသတင်းထောက် (Junior Reporter)	″
	၆၅	စာပေလက်ထောက် (၂) [Assistant Literature (2)]	″
	၆၆	အနုပညာရှင် (၂) [Artist (2)]	″
	၆၇	ကျွမ်းကျင် (၂) [Technician (2)]	″
	၆၈	ရိုးရာပန်းပညာရှင် (၂) [Traditional Artist (2)]	″

စဉ်		ရာထူးအဆင့်(၁၂)ဆင့်၏ ရာထူးအခေါ်အဝေါ်များ	လစာနှုန်း (စီမံ/ဘဏ္ဍာ)၏ ၂၉-၄-၂၀၁၈ အမိန့်စာ (၃၀/၂၀၁၈)
	၆၉	စာကြည့်တိုက်လက်ထောက် (၂) [Library Assistant (2)]	၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀
	၇၀	ပြတိုက်လက်ထောက် (၂) [Museum Assistant (2)]	။
	၇၁	မော်ကွန်းထိန်းလက်ထောက် (၂) [Archivist Assistant (2)]	။
	၇၂	လူမှုဝန်ထမ်း (၂) [Social Worker (2)]	။
	၇၃	လူဝင်မှုကြီးကြပ်ရေးမှူး (Assistant Immigration Officer)	။
	၇၄	သာသနာရေးလက်ထောက် (၂) [Religious Assistant (2)]	။
	၇၅	အရောင်း (၂) [Sales (2)]	။
	၇၆	အခမ်းအနားပြင် (၂) [Decorator (2)]	။
	၇၇	စစ်ဆေးရေးမှူး (၂) [Inspector (2)]	။
	၇၈	ဒုတိယစာရင်းအင်းမှူး (Deputy Statistician)	။
	၇၉	စိစစ်ရေးမှူး (၂) [Analyst (2)]	။
	၈၀	စကားပြန် (၂) [Interpreter (2)]	။
	၈၁	ဘာသာပြန် (၂) [Translator (2)]	။
	၈၂	အကောက်ခွန်မှူး (Customs Inspector)	။
	၈၃	သံရုံးစာရေး (Attache')	။
	၈၄	ကြိုးမဲ့ကြေးနန်းစာရေး (Wireless Telegraphy Clerk)	။
	၈၅	ဈေးတာဝန်ခံ (၂) [Market In Charge (2)]	။
	၈၆	အခွန်ကောက် (၂) [Tax Collector (2)]	။
	၈၇	စည်းကမ်းထိန်း (၂) [Regulatory Staff (2)]	။
	၈၈	နည်းပြ (Tutor/ Instructor/ Coach)	။
	၈၉	သရုပ်ပြ (Demonstrator)	။
	၉၀	စုံစမ်းရေးမှူး (Investigator)	။
	၉၁	ထောင်မှူးကြီး (Chief Jailor)	။
	၉၂	ရုံပိုင်ကြီး (Selected Station Master)	။
	၉၃	မူလတန်းကျောင်းအုပ် (Primary School Headmaster)	။
	၉၄	အထက်တန်းပြ (Senior Teacher)	။
၉	၁	လက်ထောက်ဦးစီးမှူး (Assistant Officer)	၁၉၈,၀၀၀-၂,၀၀၀-၂၀၈,၀၀၀
	၂	လက်ထောက်ကြီးကြပ်ရေးမှူး (Assistant Supervisor)	။
	၃	ဒုတိယအငယ်တန်းလက်ထောက် (Deputy Junior Assistant)	။
	၄	အကြီးတန်းစာရေး (Senior Clerk)	။
	၅	လက်ထောက်ကွန်ပျူတာစီစဉ်ရေးမှူး (Assistant Computer Programmer)	။
	၆	လက်ထောက်စနစ်သရုပ်ခွဲမှူး (Assistant System Analyst)	။
	၇	ငွေကိုင် (၃) [Cashier (3)]	။
	၈	လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး (Assistant Computer Operator)	။
	၉	စာရင်းကိုင် (၃) [Accountant (3)]	။

စဉ်		ရာထူးအဆင့်(၁၂)ဆင့်၏ ရာထူးအခေါ်အဝေါ်များ	လစာနှုန်း (စီမံ/ဘဏ္ဍာ)၏ ၂၉-၄-၂၀၁၈ အမိန့်စာ (၃၀/၂၀၁၈)
	၁၀	စာရင်းစစ် (၃) [Auditor (3)]	၁၉၈,၀၀၀-၂,၀၀၀-၂၀၈,၀၀၀
	၁၁	လက်ထောက်စာရင်းစစ်မှူး (Assistant Senior Auditor)	။
	၁၂	ပစ္စည်းထိန်း (၃) [Store Keeper (3)]	။
	၁၃	သိုလှောင်ရုံမှူး (၃) [Warehouse Officer (3)]	။
	၁၄	လုံခြုံရေး (၃) [Security (3)]	။
	၁၅	ယန္တရားမောင်း (၃) [Heavy Vehicle Operator (3)]	။
	၁၆	စက်မောင်း (၃) [Machine Operator (3)]	။
	၁၇	ယာဉ်မောင်းစက်ပြင် (၃) [Driver Mechanic (3)]	။
	၁၈	ယာဉ်မောင်း (၃) [Driver (3)]	။
	၁၉	စက်မှုစီမံရေး (၃) [Industrial Planning Staff (3)]	။
	၂၀	သုတေသနလက်ထောက် (၃) [Assistant Researcher (3)]	။
	၂၁	ရေယာဉ်အုပ်(၃) [Serang (3)]	။
	၂၂	စက်ခန်းအုပ် (၃) [Marine Engine Operator (3)]	။
	၂၃	တပ်မကိုင် (၃) [Helmsman (3)]	။
	၂၄	သင်္ဘောသား(၃) [Seaman (3)]	။
	၂၅	ရေငုပ် (၃) [Diver (3)]	။
	၂၆	တိုင်းထွာရေး (၃) [Chain Man (3)]	။
	၂၇	လက်ထောက်အငယ်တန်းရေယာဉ်ဆက်သွယ်ထောက်ပံ့ရေးမှူး (Junior Shipping Assistant)	။
	၂၈	စက်ခေါင်းမှူး (၃)[Locomotive Driver (3)]	။
	၂၉	ဆက်သွယ်ရေး (၃) [Communication (3)]	။
	၃၀	ဘူမိဗေဒလက်ထောက် (၃) [Geologist Assistant (3)]	။
	၃၁	ဘူမိရူပဗေဒလက်ထောက် (၃) [Geophysicist Assistant (3)]	။
	၃၂	ဘူမိဓာတုဗေဒလက်ထောက် (၃) [Geochemist Assistant(3)]	။
	၃၃	သတ္တုဗေဒလက်ထောက် (၃) [Metallurgy Assistant (3)]	။
	၃၄	သတ္တုတွင်းလက်ထောက် (၃) [Mining Assistant (3)]	။
	၃၅	အငယ်တန်းအင်ဂျင်နီယာ (၃) [Junior Engineer(3)]	။
	၃၆	ပုံဆွဲ (၃) [Drawing (3)]	။
	၃၇	ပုံထုတ် (၃) [Draftsman (3)]	။
	၃၈	ခန့်မှန်း (၃) [Quantity Surveyor (3)]	။
	၃၉	သစ်အုပ် (Timber Ranger)	။
	၄၀	ချောင်းအုပ် (Compartment In Charge)	။
	၄၁	ဆင်ခေါင်း (Mahout Leader)	။
	၄၂	တောအုပ် (Deputy Ranger)	။
	၄၃	သစ်စစ် (၃) [Timber Grading (3)]	။
	၄၄	သစ်စာရင်းကိုင် (၃) [Timber Data Collector (3)]	။

အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဝင်များ၏ သဘောတူဆုံးဖြတ်ချက်အရ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ အတည်ပြုပြီးဖြစ်သော အသေးစားငွေရေး

ကြေးရေးလုပ်ငန်းပိတ်သိမ်းသည့် အောက်ပါကုမ္ပဏီ (၃) ဖွဲ့အား အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ဖျက်သိမ်းလိုက်သည်-

စဉ်	ကုမ္ပဏီအမည်	လိုင်စင်အမှတ်
(၁)	ကစ်မီကုမ္ပဏီလီမိတက်	၀၁၁၅/၂၀၁၂
(၂)	Advans Myanmar Microfinance Co.,Ltd	၀၂၆၆/၂၀၁၈
(၃)	ဂရိတ်ဗစ်ထရီမြန်မာကုမ္ပဏီလီမိတက်	၀၂၇၇/၂၀၂၀

ဒေါက်တာ ကံဇော်
ဒုတိယဒါရိုက်တာ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားစီမံကိန်းဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၂၆ အရ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ခိုင်ထွန်း ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ညိုစော
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄)
အမိန့်ကြော်ငြာစာအမှတ် (၀၀၃/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

ကာကွယ်ရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ပါအရာထမ်း (၃) ဦးတို့အား ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၅) ၏ အတည်ပြုချက်အရ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄)၊ အမျိုးသားဥာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ယှဉ်တွဲပါ လစာနှုန်း၊ ရာထူးများဖြင့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် (အင်္ဂါနေ့) နံနက်ပိုင်းမှစ၍ တာဝန်ထမ်းဆောင်စေလိုက်သည်-

(၁)	ကြည်း ၅၈၄၅၀ ဗိုလ်ကြီး ရဲလှိုင်ထွန်း	လက်ထောက်ညွှန်ကြားရေးမှူး ဘဏ္ဍာရေးဌာနခွဲ ၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀
(၂)	ကြည်း ၅၈၅၀၀ ဗိုလ်ကြီး သာထွန်းဦး	လက်ထောက်ညွှန်ကြားရေးမှူး စီမံရေးဌာနခွဲ ၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀

(၃) ကြည်း ၅၈၉၂၄ ဗိုလ်ကြီး အာကာဖြိုး ဦးစီးအရာရှိ
အမြင်အာရုံနည်းပညာအထူးစီမံကိန်းများဌာနခွဲ
၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀

ထွန်းအုံ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
(ဝန်ကြီးရုံး)
အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်
(၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၁ ရက်)

၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ မီးငြှိမ်းသတ်ယာဉ် (၃) စီးကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ တင်သွင်းယာဉ်များသည် မီးသတ်ယာဉ်များဖြစ်ခြင်း၊ ယခင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ထားပြီး အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားခြင်း၊ ဌာနမှ ထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များအရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခနှင့် ယာဉ်ထုတ်ရက်လွန် ဒဏ်ကြေးတို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၂ (က) အရ ဖောင်းကြွနံပါတ်ပြားခမှအပ ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့် ပတ်သက်သည့်အခငွေများကို ကင်းလွတ်ခွင့်ပြုလိုက်သည်-

(က) Myanmar Wanbao Mining Copper Ltd က မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်း၍ စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင် ဧရိယာရှိ လက်ပံတောင်းတောင် ကြေးနီသတ္တုသိုက်၊ ဓာတ်သတ္တုသိုက် အကြီးစားတူးဖော်ထုတ်လုပ်ရန်အတွက် Mine Development ကြေးနီသတ္တုစင် တူးဖော်ထုတ်လုပ် သန့်စင်ရောင်းချခြင်းလုပ်ငန်းခွင်တွင် အသုံးပြုရန်နှင့် စီမံကိန်းများအတွက်သာမက စီမံကိန်းအနီးပတ်ဝန်းကျင်ဒေသများရှိ ကျေးရွာများတွင် မီးဘေးအန္တရာယ်ကျရောက်ပါက မီးသတ်ဦးစီးဌာန၏ လမ်းညွှန်မှုနှင့် အညီ မီးငြှိမ်းသတ်ရေးနှင့် ကူညီကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် ပြည်ပမှ မှာယူတင်သွင်းခဲ့သည့် အမျိုးအမည်- YINHE, အမျိုးအစား - Fire Fighting Truck (8x4)L.H.D (T/S) (Double Cab), 2024 Model, 7S-5465, 7S-5468 မီးငြှိမ်းသတ်ယာဉ် ၂ စီး၊

(ခ) Myanmar Yang Tse Copper Ltd က မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်ရှိ ကြေးစင်တောင်၊ စံပယ်တောင်သတ္တုသိုက်များမှ ကြေးနီသတ္တုတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းခွင်များတွင် အသုံးပြုရန်နှင့် စီမံကိန်းများအတွက်သာမက စီမံကိန်းအနီးပတ်ဝန်းကျင်ဒေသများရှိ ကျေးရွာများတွင် မီးဘေးအန္တရာယ်ကျရောက်ပါက မီးသတ်ဦးစီးဌာန၏ လမ်းညွှန်မှုနှင့်အညီ မီးငြှိမ်းသတ်ရေးနှင့် ကူညီကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် ပြည်ပမှ မှာယူတင်သွင်းခဲ့သည့် အမျိုးအမည် - YINHE, အမျိုးအစား- Fire Fighting Truck (8x4) L.H.D (T / S) (Double Cab), 2024 Model, 7S-5467 မီးငြှိမ်းသတ်ယာဉ် ၁ စီး။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၇/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) ဦးကြည်ဇော်ထူး အား လုပ်ငန်းလိုအပ်ချက်အရ ဝန်ကြီးရုံး (ဆက်သွယ်ရေး)၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်းတူ လက်ထောက်အတွင်းဝန်ရာထူးဖြင့် လုပ်ငန်းတာဝန်များ စတင်ထမ်းဆောင်သည့်အချိန်မှစ၍ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၉/၂၀၂၆)

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးဖြိုးဝေအောင် အား လုပ်ငန်းလိုအပ်ချက်အရ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ရာထူးနေရာသို့ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၄၀/၂၀၂၆)

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး (လေကြောင်းသတင်းပြန်ကြားရေး)၊ လစာနှုန်း (၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀) များဖြစ်ကြသော ဒေါ်ထက်ထက်ဖြိုးသွယ်၊ ဒေါ်တင်နီလာစိုးတင့်နှင့် ဦးကောင်းသန့်ဇင် တို့ (၃) ဦးအား လက်ထောက်မန်နေဂျာ (လေကြောင်းသတင်းပြန်ကြားရေး)၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၄၁/၂၀၂၆)

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး (လေကြောင်းထိန်း)၊ လစာနှုန်း (၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀) များဖြစ်ကြသော ဦးဝေယံလင်း၊ ဦးသန့်ထက်စိုး၊ ဦးနေဝင်းအောင်၊ ဒေါ်စန္ဒီကျော်၊ ဒေါ်ဆွီးဇာလျန်၊ ဦးမျိုးချမ်းဇော်၊ ဒေါ်ဖြိုးပပခိုင်၊ ဒေါ်ဟေမာန်ဦး၊ ဦးဝင်းလွင်ဦး၊ ဦးဖုန်းမြင့်၊ ဒေါ်အေးစုမွန် နှင့် ဒေါ်စိုးသန္တာအောင် တို့ (၁၂) ဦးအား လက်ထောက်မန်နေဂျာ (လေကြောင်းထိန်း)၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၄၃/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်

(၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၁၉ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆)၏ကြိုတင်ခွင့်ပြုချက်အရရေကြောင်းဘက်ဆိုင်ရာသင်ခန်းစာများ သင်ကြားပို့ချနိုင်ရေးအတွက် ရေကြောင်းဘက်ဆိုင်ရာပညာရှင်များဖြစ်ကြသော အောက်ဖော်ပြပါ ပြင်ပပုဂ္ဂိုလ် (၂) ဦးတို့အား မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် ကျွမ်းကျင်သူများအဖြစ် (လစဉ်ထောက်ပံ့ငွေ ၂၇၅,၀၀၀/-) ဖြင့် ၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၁၈ ရက်နေ့မှစ၍ ပထမအကြိမ် (၁) နှစ်ခန့်ထားလိုက်သည်-

စဉ်	အမည်	ခန့်အပ်သည့်ရာထူး
(က)	ဦးခင်မောင်ဇော်	ကျွမ်းကျင်သူ
(ခ)	ဦးကျော်မိုးမြင့်	ကျွမ်းကျင်သူ

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၄၄/၂၀၂၆)

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၁၇ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၂၆ အရ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကို အား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၏ ကျောင်းအုပ်ကြီးအဖြစ် တာဝန်ဝတ္တရားများ စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၄၆/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၃ ရက်)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်စီစီဟန် အား လုပ်ငန်းလိုအပ်ချက်အရ ယင်းဌာနတွင် လစ်လပ်လျက်ရှိသော အထွေထွေမန်နေဂျာ (ဝန်ဆောင်မှု)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ ၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၃ ရက်နေ့နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၄၇/၂၀၂၆)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးမိုးကျော် အား လုပ်ငန်းလိုအပ်ချက်အရ ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ ၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၃ ရက်နေ့နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၅၄/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၆) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် စစ်ဆေးရေးမှူး-၂၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များဖြစ်ကြသော ဒေါ်သီသီအောင်၊ ဒေါ်နော်နွယ်နိုင်း၊ ဒေါ်မိမိဇော် နှင့် ဦးဝင်းမင်းကြိုင် တို့ (၄) ဦးအား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၅၅/၂၀၂၆)

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၆) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ စက်မှုကျွမ်းကျင်-၂၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များဖြစ်ကြသော ဦးသိန်းထိုက်၊ ဦးချမ်းကျော်ဦး၊ ဦးသူရလွင်၊ ဦးရဲမိုးစိုး နှင့် ဒေါ်ဇာခြည်အောင် တို့ (၅) ဦးအား လက်ထောက်အင်ဂျင်နီယာ (စက်မှု)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၅၆/၂၀၂၆)

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၆) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာ့မီးရထား၊ ဘဏ္ဍာရေးဌာနမှ စာရင်းကိုင် (၁)၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) များဖြစ်ကြသော ဒေါ်ခင်မာမြင့်၊ ဒေါ်အေးအေးသွယ်၊ ဒေါ်ဝင်းသန္တာထွန်း နှင့် ဦးစိုးခိုင် တို့ (၄) ဦးအား လက်ထောက်မန်နေဂျာ (ဘဏ္ဍာရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၅၇/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၆) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာ

ဌာနမှ အငယ်တန်းအင်ဂျင်နီယာ-၁၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဦးသူဇင်သန့် အား လက်ထောက်အင်ဂျင်နီယာ (စက်မှု)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၅၈/၂၀၂၆)

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၆) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြို့ပြအင်ဂျင်နီယာ ဌာနမှ တိုင်းထွာရေး-၁ (မြို့ပြ)၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဦးမြတ်ကျော်ဇင်သန့် အား ဌာနစုမှူး (တိုင်းတာရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၅၉/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၆ ဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့် ပြုခဲ့သော ကြည်း ၆၄၆၃၈ ဗိုလ်ကြီး အောင်အောင်ဦး အား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် အင်ဂျင်နီယာမှူး (မြို့ပြ)၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ရာထူးနေရာသို့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၆၀/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၂၆ အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်ထွန်းကျော် အား ဝန်ကြီးရုံး၏ ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများစတင်ဆောင်ရွက်သည့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့နံနက်ပိုင်းမှစ၍ အစမ်းခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၆၁/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ်

(၄/၂၀၂၆) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀) ဦးမျိုးမင်း နှင့် ဦးခိုင်ဇော်လတ် တို့ (၂) ဦးအား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၆၆/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကုန်လုပ်ငန်းဌာနမှ လက်ထောက်အထွေထွေမန်နေဂျာ၊ လစာနှုန်း (၃၄၁,၀၀၀–၄,၀၀၀–၃၆၁,၀၀၀) ဦးရဲသူအောင် အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယအထွေထွေမန်နေဂျာ၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၆၉/၂၀၂၆)

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထားမှ လက်ထောက်အထွေထွေမန်နေဂျာ (တိုင်း)၊ လစာနှုန်း (၃၄၁,၀၀၀–၄,၀၀၀–၃၆၁,၀၀၀) ဦးထွန်းဝေ အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယအထွေထွေမန်နေဂျာ (အုပ်ချုပ်ရေး) ရာထူး နေရာသို့လည်းကောင်း၊ လက်ထောက်အထွေထွေမန်နေဂျာ (တိုင်း) ဦးကျော်ကျော်လှိုင် အား ဒုတိယ အထွေထွေမန်နေဂျာ (စစ်ဆေးရေး)၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) ရာထူးနေရာသို့လည်းကောင်း ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၇၅/၂၀၂၆)

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ အောက်ဖော်ပြပါ လက်ထောက်အထွေထွေမန်နေဂျာ ရာထူးနှင့် အဆင့်တူ၊ လစာနှုန်း (၃၄၁,၀၀၀–၄,၀၀၀–၃၆၁,၀၀၀) (၃) ဦးတို့အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယ အထွေထွေမန်နေဂျာ ရာထူးနှင့်အဆင့်တူ၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) ရာထူးနေရာများသို့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်–

စဉ်	အမည်	လက်ရှိရာထူး	တိုးမြှင့်ခန့်ထားမည့်ရာထူး
၁	ဦးတင်ထွန်းနိုင်	လက်ထောက်အထွေထွေမန်နေဂျာ (ထုတ်လုပ်ရေး)	ဒုတိယအထွေထွေမန်နေဂျာ (ထုတ်လုပ်ရေး)
၂	ဦးဝင်းထွန်း	လက်ထောက်စက်ရုံမှူး (ပြင်ဆင်ရေး)	စက်ရုံမှူး (တည်ဆောက်ရေး)
၃	ဦးစည်သူသိန်း	လက်ထောက်အထွေထွေမန်နေဂျာ (စီမံရေး)	အင်ဂျင်နီယာချုပ် (ရေယာဉ်ဗိသုကာ)

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၇၇/၂၀၂၆)

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀–၄,၀၀၀–၃၆၁,၀၀၀) ဦးစိုးအောင်သန်း အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၈၀/၂၀၂၆)

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဥပဒေနှင့် နည်းပညာစံများဌာနခွဲမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) ဦးလှမျိုးကျော် အား လုပ်ငန်းလိုအပ်ချက်အရ လစာနှုန်းတူရာထူးဖြင့် ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲသို့ တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၈၇/၂၀၂၆)

၁။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၅၅၀,၀၀၀) ဦးသင့်မြတ်သူ အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအခန်း (၈)၊ နည်းဥပဒေ ၈၁ ပါ ပြဋ္ဌာန်းချက်အရ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၉၁/၂၀၂၆)

၁။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကုန်လုပ်ငန်းဌာနမှ ဒုတိယအထွေထွေမန်နေဂျာ၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) ဦးဇော်လင်းဦး အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအခန်း (၈)၊ နည်းဥပဒေ ၈၁ ပါ ပြဋ္ဌာန်းချက်အရ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့နံနက်ပိုင်းမှစ၍ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၉၆/၂၀၂၆)

၁။ ၂၁-၂-၂၀၂၆ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်တွင်းရေကြောင်း

ပို့ဆောင်ရေးမှ ဒုတိယအထွေထွေမန်နေဂျာ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးလေးနိုင် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအခန်း (၈)၊ နည်းဥပဒေ ၈၁ ပါ ပြဋ္ဌာန်းချက်အရ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၁-၃-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ၃၀-၆-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။　ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၁၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၀၄/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်စန္ဒာသိန်း အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ လုပ်ငန်းလိုအပ်ချက်အရ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၀၅/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၂၆ အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော် အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၀၈/၂၀၂၆)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး (တောင်ကြီး) မှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးသိန်းဟန် အား လုပ်ငန်းလိုအပ်ချက်အရ လစာနှုန်းတူရာထူးဖြင့် မန္တလေးတိုင်းဒေသကြီးရုံးသို့ တာဝန်ဝတ္တရားများ စတင် လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

မြထွန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် (၁၀၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို **အမြန်စီမံခန့်ခွဲရန် လိုအပ်သော ကုန်ပစ္စည်းများဆိုင်ရာ လုပ်ထုံးလုပ်နည်းများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော စကားရပ်များသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **ဝန်ကြီးဌာန** ဆိုသည်မှာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ကို ဆိုသည်။

(ခ) **ဦးစီးဌာန** ဆိုသည်မှာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန ကို ဆိုသည်။

(ဂ) **အမြန်စီမံခန့်ခွဲရန် လိုအပ်သော ကုန်ပစ္စည်း** ဆိုသည်မှာ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားဆီး၊ ဖမ်းဆီးထားသည့် ကုန်ပစ္စည်းများအနက် ပုပ်သိုးပျက်စီးလွယ်သော သို့မဟုတ် သဘာဝအရ ပျက်စီးလွယ်သော သို့မဟုတ် သက်တမ်းကုန်ဆုံးရက် နီးကပ်နေသော သို့မဟုတ် အပူချိန်ထိန်းချုပ်မှုစနစ်ဖြင့် ထားရှိရန်လိုအပ်သော သို့မဟုတ် ဈေးကွက်သဘောသဘာဝအရ အချိန်နှင့်အမျှ တန်ဖိုးလျော့ကျနိုင်သော သို့မဟုတ် သိုလှောင်သိမ်းဆည်းရန် နည်းပညာကန့်သတ်ချက်များ လိုအပ်သော သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းတစ်ရပ်ရပ်၏ ညွှန်ကြားချက်အရ ဆောင်ရွက်ရသော ကုန်ပစ္စည်းများကို ဆိုသည်။

အခန်း (၂)

အမြန်စီမံခန့်ခွဲရန် လိုအပ်သော ကုန်ပစ္စည်းများအား အရေးယူဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်း

၃။ ဦးစီးဌာနသည် အမြန်စီမံခန့်ခွဲရန် လိုအပ်သော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း စီမံဆောင်ရွက်နိုင်သည်–

(က) ဒဏ်ငွေဖြင့် ရွေးယူခွင့်ပြုခြင်း၊

(ခ) လေလံတင်ရောင်းချခြင်း၊

(ဂ) သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းရမည့် ကုန်ပစ္စည်းများဖြစ်ပါက လွှဲပြောင်းခြင်း၊

(ဃ) အများပြည်သူစားသုံးရန် ဖြစ်စေ၊ သုံးစွဲရန်ဖြစ်စေ မသင့်သော ကုန်ပစ္စည်းဖြစ်ပါက ဖျက်ဆီးခြင်း။

ဒဏ်ငွေဖြင့် ရွေးယူခွင့်ပြုခြင်း

၄။ ဦးစီးဌာနသည် ဒဏ်ငွေဖြင့် ရွေးယူခွင့်ပြုရန် လျှောက်ထားလာသည့် ကိစ္စရပ်များတွင် ကျသင့်အခွန်အခများနှင့် ဒဏ်ကြေးငွေများကောက်ခံပြီး ရွေးယူခွင့်ပြုနိုင်သည်။

လေလံတင်ရောင်းချခြင်း

၅။ လေလံတင်ရောင်းချနိုင်ရန် သိမ်းဆည်းမိန့်ထုတ်ပြန်ပြီး ကြမ်းခင်းဈေးသတ်မှတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) **ရန်ကုန်ရုံးချုပ်။** ရန်ကုန်ရုံးချုပ် သတ်မှတ်နယ်မြေအတွင်း ကြမ်းခင်းဈေး သတ်မှတ်ရေးအဖွဲ့ကို ဦးစီးဌာနမှ ကိုယ်စားလှယ် သုံးဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဖမ်းဆီးစဉ်ပါဝင်သည့် အခြားဆက်စပ်ဌာန (ရှိလျှင်) တို့မှ အရာထမ်းကိုယ်စားလှယ် တစ်ဦးစီဖြင့် ဖွဲ့စည်းရမည်။

(ခ) **တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်ရုံးများ။** ကြမ်းခင်းဈေးသတ်မှတ်ရေးအဖွဲ့ကို ဦးစီးဌာနမှ ကိုယ်စားလှယ်နှစ်ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ဖမ်းဆီးစဉ်ပါဝင်သည့် အခြားဆက်စပ်ဌာန (ရှိလျှင်) တို့မှ အရာထမ်းကိုယ်စားလှယ် တစ်ဦးစီဖြင့် ဖွဲ့စည်းရမည်။

၆။ ကြမ်းခင်းဈေးသတ်မှတ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကြမ်းခင်းဈေးကို ပစ္စည်းများ၏ လက်ရှိမြေပြင်အခြေအနေနှင့်ကိုက်ညီသော ဒေသတွင်း ပျမ်းမျှလက်ကားပေါက်ဈေးကိုအခြေခံ၍ ၂၀ ရာခိုင်နှုန်း လျှော့ချ တွက်ချက်ရမည်။

(ခ) အပိုဒ်ခွဲ (က) အရ ဆောင်ရွက်၍မရနိုင်သော ပစ္စည်းများအတွက် Website များတွင်ရှာဖွေ၍ အကောက်ခွန်တန်ဖိုး သတ်မှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ တန်ဖိုးတွက်ချက်ရမည်။

(ဂ) ကြမ်းခင်းဈေးသတ်မှတ်ရေးအဖွဲ့သည် အတည်ပြုသတ်မှတ်သော ကြမ်းခင်းဈေးကို လေလံတင်ရောင်းချမည့် ပစ္စည်းအစု (Lot) အတွဲအလိုက် စာရင်းပြုစု၍ ရန်ကုန်ရုံးချုပ်အနေဖြင့် သက်ဆိုင်ရာညွှန်ကြားရေးမှူးထံသို့လည်းကောင်း၊မြို့နယ်ရုံးများအနေဖြင့်သက်ဆိုင်ရာတိုင်းဒေသကြီး၊ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ အကောက်ခွန်ဦးစီးမှူးထံသို့လည်းကောင်း တင်ပြအတည်ပြုချက်ရယူရမည်။

၇။ လေလံတင်ရောင်းချရေးအဖွဲ့ ဖွဲ့စည်းခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) **ရန်ကုန်ရုံးချုပ်။** ရန်ကုန်ရုံးချုပ်သတ်မှတ်နယ်မြေအတွင်း လေလံတင်ရောင်းချရေးအဖွဲ့ကို ဦးစီးဌာနမှ ကိုယ်စားလှယ်သုံးဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ဖမ်းဆီးစဉ်ပါဝင်သည့် အခြားဆက်စပ်ဌာန (ရှိလျှင်) တို့မှ အရာထမ်းကိုယ်စားလှယ် တစ်ဦးစီဖြင့် ဖွဲ့စည်းရမည်။

(ခ) **တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်ရုံးများ။** လေလံတင်ရောင်းချရေးအဖွဲ့ကို ဦးစီးဌာနမှ ကိုယ်စားလှယ်နှစ်ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ဖမ်းဆီးစဉ်ပါဝင်သည့် အခြားဆက်စပ်ဌာန (ရှိလျှင်) တို့မှ အရာထမ်းကိုယ်စားလှယ် တစ်ဦးစီဖြင့် ဖွဲ့စည်းရမည်။

၈။ အများပြည်သူသို့ အသိပေးကြေညာခြင်းကို ကြမ်းခင်းဈေးအတည်ပြုချက်ရရှိပါက လေလံပွဲကျင်းပမည့်အကြောင်း လေလံပွဲမတိုင်မီ ကြိုတင်၍ သတင်းစာတွင်ကြော်ငြာခြင်း သို့မဟုတ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကုန်သည်လုပ်ငန်းရှင်များအသင်းရုံး (ရှိလျှင်) ကြော်ငြာသင်ပုန်းများတွင် ကြေညာခြင်း သို့မဟုတ် ဦးစီးဌာန Website တွင် ကြေညာခြင်းများ ဆောင်ရွက်ရမည်။

၉။ လေလံတင်ရောင်းချရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လေလံပုံစံများကို လေလံပွဲစည်းကမ်းများနှင့်အတူ လေလံပွဲမကျင်းပမီ ကြိုတင်၍ သတ်မှတ်နှုန်းထားဖြင့် ရောင်းချခြင်း၊

(ခ) အာမခံစပေါ်ငွေပေးသွင်းမှု အထောက်အထား တင်ပြနိုင်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဂ) အာမခံစပေါ်ငွေ ပေးသွင်းထားပြီးသော လေလံပုံစံတင်သွင်းသူများကို လေလံပွဲကျင်းပမည့်နေ့တွင် လေလံပွဲမစတင်မီ အချိန်ကာလတစ်ခုသတ်မှတ်၍ ပစ္စည်းကြည့်ရှုခွင့်ပြုခြင်း၊

(ဃ) လေလံပွဲကို အသိပေးကြေညာထားသည့် လေလံပွဲစည်းကမ်းများနှင့်အညီ ကျင်းပခြင်း။

၁၀။ ရန်ကုန်ရုံးချုပ်နှင့် တိုင်းဒေသကြီး၊ပြည်နယ်၊နေပြည်တော်ကောင်စီနယ်မြေရှိမြို့နယ်ရုံးများသည်-

(က) လေလံအောင်မြင်ပြီးနောက် လေလံတင်ရောင်းချခြင်းနှင့် သက်ဆိုင်သည့် မှတ်တမ်းများကို စနစ်တကျ မှတ်တမ်းတင်ခြင်း၊

(ခ) လေလံတင်ရောင်းချရငွေများကို မြန်မာ့စီးပွားရေးဘဏ်ရှိ ဦးစီးဌာန၏ဘဏ်စာရင်းသို့ စနစ်တကျ ပေးသွင်းခြင်း၊

(ဂ) လေလံအောင်မြင်သူထံ ကုန်ပစ္စည်းထုတ်ပေးခြင်း၊

(ဃ) လေလံပွဲဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာကို ဦးစီးဌာနသို့ တင်ပြခြင်း၊

(င) အမှုတွဲအလိုက် ကုန်လှောင်ရုံမှတ်တမ်းနှင့် မှုခင်းဆိုင်ရာ ဆောင်ရွက်မှုမှတ်တမ်း (CR-64) တို့တွင် ဖြည့်သွင်းခြင်း၊

(စ) သက်ဆိုင်ရာငွေစာရင်း ခေါင်းစဉ်၌ မှန်ကန်စွာ စာရင်းသွင်းခြင်း၊

(ဆ) လေလံအောင်မြင်ခြင်း မရှိသူများသို့ တင်သွင်းထားသည့် အာမခံစပေါ်ငွေများ ပြန်လည် ထုတ်ပေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ရမည်။

၁၁။ လေလံအောင်မြင်ခြင်းမရှိသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပထမအကြိမ် လေလံတင်ရောင်းချရာ၌ အောင်မြင်ခြင်းမရှိသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံတင်ပြပြီး အထူးကြမ်းခင်းဈေးသတ်မှတ်ရေးအဖွဲ့ဖြင့် ကြမ်းခင်းဈေး ပြန်လည်သတ်မှတ်၍ လေလံတင် ရောင်းချရမည်။

(ခ) ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အခွန်ဘဏ္ဍာငွေနစ်နာမှုမရှိစေရန် အထူးဂရုပြု၍ ဆောင်ရွက်ရမည်။

သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းခြင်း

၁၂။ သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းရမည့် ကုန်ပစ္စည်းများအား သိမ်းဆည်းမိန့်ထုတ်ပြန်ပြီးနောက် အောက်ပါအတိုင်း တင်ပြအတည်ပြုချက်ရယူပြီး လွှဲပြောင်း/ လက်ခံပုံစံ (TransferSheet) ဖြင့် စနစ်တကျ လွှဲပြောင်းပေးရမည်-

(က) **ရန်ကုန်ရုံးချုပ်**။ သက်ဆိုင်ရာဌာနခွဲညွှန်ကြားရေးမှူး၊

(ခ) **မြို့နယ်ရုံး**။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော်ကောင်စီနယ်မြေ အကောက်ခွန်ဦးစီးဌာနမှူး။

ဖျက်ဆီးရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် ဖျက်ဆီးခြင်း

၁၃။ အများပြည်သူ စားသုံးရန်ဖြစ်စေ၊ သုံးစွဲရန်ဖြစ်စေ မသင့်သောကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဖျက်ဆီးရေးအဖွဲ့ ဖွဲ့စည်းခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) **ရန်ကုန်ရုံးချုပ်**။ ရန်ကုန်ရုံးချုပ်သတ်မှတ်နယ်မြေအတွင်း ဖျက်ဆီးရေးအဖွဲ့ကို ဦးစီးဌာနမှ ကိုယ်စားလှယ်သုံးဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ဖမ်းဆီးစဉ် ပါဝင်သည့် အခြားဆက်စပ်ဌာန (ရှိလျှင်) တို့မှ အရာထမ်းကိုယ်စားလှယ်တစ်ဦးစီဖြင့် ဖွဲ့စည်းရမည်။

(ခ) **တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်ရုံးများ။** ဖျက်ဆီးရေးအဖွဲ့ကို ဦးစီးဌာနမှ ကိုယ်စားလှယ်နှစ်ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ဖမ်းဆီးစဉ်ပါဝင်သည့် အခြားဆက်စပ်ဌာန (ရှိလျှင်) တို့မှ အရာထမ်းကိုယ်စားလှယ်တစ်ဦးစီဖြင့် ဖွဲ့စည်းရမည်။

၁၄။ ဖျက်ဆီးရေးအဖွဲ့သည် ဖျက်ဆီးရမည့် ကုန်ပစ္စည်းများအား ပိုင်ရှင် သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်ရှေ့မှောက်တွင် ဖျက်ဆီး၍ စနစ်တကျမှတ်တမ်းထားရှိရမည်။ ယင်းသို့ဖျက်ဆီးရာတွင် ကျသင့်သည့် ကုန်ကျစရိတ်ကို ပိုင်ရှင် သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်မှ ကျခံရမည်။ ပိုင်ရှင်မဲ့ကုန်ပစ္စည်းဖြစ်ပါက ဦးစီးဌာနမှ ကျခံရမည်။ ဖျက်ဆီးရာတွင် ပိုင်ရှင် သို့မဟုတ် ကိုယ်စားလှယ်လာရောက်နိုင်ခြင်းမရှိပါက ဖျက်ဆီးရေးအဖွဲ့၏ အစီအမံဖြင့် ဆောင်ရွက်ရမည်။

အခန်း (၃)

ပြန်လည်သုံးသပ်မှုနှင့် အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

၁၅။ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉၁ ပါ ပြန်လည်သုံးသပ်သည့်အမိန့်အရသော်လည်းကောင်း၊ အခွန်အယူခံခုံအဖွဲ့၏ အယူခံစီရင်ချက် အမိန့်အရသော်လည်းကောင်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့်အမိန့်ကိုပယ်ဖျက်ပြီး ပြင်ဆင်မိန့်ချမှတ်လျှင် ဦးစီးဌာနသည် အောက်ပါအတိုင်း စီမံဆောင်ရွက်နိုင်သည်-

(က) မူလသိမ်းဆည်းမိန့်အား ပယ်ဖျက်ပြီး အခွန်ပေးဆောင်ခွင့်ပြုသည့် ပြင်ဆင်မိန့် ချမှတ်ပါက ကုန်ပစ္စည်း၏တန်ဖိုးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်သတ်မှတ်၍ နိုင်ငံတော်မှရရန်ရှိသော အကောက်ခွန်နှင့် အခွန်အခများ၊ ကုန်ပစ္စည်းသယ်ယူရွှေ့ပြောင်း သိုလှောင်စရိတ်များ၊ လေလံပွဲစရိတ်များနုတ်ယူပြီး ကျန်ငွေအား ကုန်ပစ္စည်းပိုင်ရှင်သို့ ပြန်လည်ထုတ်ပေးခြင်းနှင့် အမှုတွဲပိတ်သိမ်းခြင်း၊

(ခ) မူလသိမ်းဆည်းမိန့်အား ပယ်ဖျက်ပြီး ကျသင့်အခွန်အခများနှင့် ဒဏ်ငွေတစ်ရပ်ရပ် တပ်ရိုက်စေရန် ပြင်ဆင်မိန့်ချမှတ်ပါက ကုန်ပစ္စည်း၏တန်ဖိုးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်သတ်မှတ်၍ နိုင်ငံတော်မှရရန်ရှိသော အကောက်ခွန်နှင့် အခွန်အခများ၊ ကုန်ပစ္စည်းသယ်ယူရွှေ့ပြောင်း သိုလှောင်စရိတ်များ၊ လေလံပွဲစရိတ်များ၊ တပ်ရိုက်သောဒဏ်ငွေပမာဏတို့ကို တွက်ချက်နုတ်ယူပြီး ကျန်ငွေအား ကုန်ပစ္စည်းပိုင်ရှင်သို့ ပြန်လည်ထုတ်ပေးခြင်း၊

(ဂ) အပိုဒ်ခွဲ (က) နှင့် အပိုဒ်ခွဲ (ခ) တို့ပါ နိုင်ငံတော်မှရရန်ရှိသော အကောက်ခွန်နှင့် အခွန်အခများ၊ ကုန်ပစ္စည်းသယ်ယူရွှေ့ပြောင်း သိုလှောင်စရိတ်များ၊ လေလံစရိတ်များနှင့် တပ်ရိုက်ထားသော ဒဏ်ငွေများကို မြန်မာ့စီးပွားရေးဘဏ်ရှိ ဦးစီးဌာန၏ ဘဏ်စာရင်းသို့ စနစ်တကျ ပေးသွင်းခြင်း။

၁၆။ ပြန်လည်သုံးသပ်မှု သို့မဟုတ် အခွန်အယူခံခုံအဖွဲ့၏ အယူခံမှုလုပ်ငန်းစဉ်များပြီးဆုံး၍ အပိုဒ် ၁၅ အပိုဒ်ခွဲ (ခ) အရ ပြင်ဆင်မိန့်ချမှတ်ပါက ဒဏ်ငွေအပေါ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၂၀ နှင့်အညီ ဖမ်းဆီးသူများအတွက် ဆုငွေချီးမြှင့်ရေးကိစ္စများ ဆောင်ရွက်ပြီးစီးပါက အမှုတွဲအား ပိတ်သိမ်းရမည်။

၁၇။ ပြန်လည်သုံးသပ်မှု လျှောက်ထားခြင်းမရှိသည့် အမှုဖြစ်ပါက ပြန်လည်သုံးသပ်မှု ကာလ ကျော်လွန်သည့်အမှု သို့မဟုတ် အခွန်အယူခံခုံအဖွဲ့သို့ အယူခံမှုလျှောက်ထားခြင်းမရှိသည့် အမှုဖြစ်ပါက

အယူခံကာလကျော်လွန်သည့်အမှု သို့မဟုတ် ပြန်လည်သုံးသပ်မှုတွင်ဖြစ်စေ၊ အယူခံမှုတွင်ဖြစ်စေ ပလပ်သောအမှုများနှင့်စပ်လျဉ်း၍ လေလံတင်ရောင်းချရငွေအပေါ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၂၀ နှင့်အညီ ဖမ်းဆီးသူများအတွက် ဆုငွေထုတ်ပေးနိုင်ရေး ဆောင်ရွက်ရမည်။

၁၈။ သက်ဆိုင်ရာဌာနသို့လွှဲပြောင်းပေးအပ်ထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်မှုအရဖြစ်စေ၊ အခွန်အယူခံခုံအဖွဲ့မှဖြစ်စေ သိမ်းဆည်းမိန့်အား ပြင်ဆင်မိန့်ထုတ်ပြန်ခဲ့လျှင် ပစ္စည်းပိုင်ရှင်က အဆိုပါပစ္စည်းအား လွှဲပြောင်းလက်ခံထားသည့် ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်သွယ်ဆောင်ရွက်ရမည်။

အခန်း(၄)

အထွေထွေ

၁၉။ ဦးစီးဌာနသည် အမြန်စီမံခန့်ခွဲရန် လိုအပ်သော ကုန်ပစ္စည်းများအား သက်ဆိုင်ရာလုပ်ငန်းစဉ်အလိုက် ဆောင်ရွက်ပြီးစီးပါက အမှုတွဲအား ပိတ်သိမ်း၍ မှတ်တမ်းထားရှိရမည်။

၂၀။ ဦးစီးဌာနသည် ဤလုပ်ထုံးလုပ်နည်းများပါ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

အမိန့်ကြော်ငြာစာအမှတ် (၁၄၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းများအား ပြည်တွင်း၌ စျေးနှုန်းသက်သာစွာ သုံးစွဲနိုင်ရန်အလို့ငှာ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်း (Outward Processing) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသောစကားရပ်များသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကို ဆိုသည်။

(ခ) **နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်း (Outward Processing)** ဆိုသည်မှာ နိုင်ငံတော်အတွင်းရှိလွတ်လပ်စွာလည်ပတ်နေသောကုန်ပစ္စည်းနှင့်ပြည်တွင်းထုတ်ကုန်ပစ္စည်းတို့ကို နိုင်ငံတော်ပြင်ပသို့ ယာယီတင်ပို့၍ ထုတ်လုပ်ခြင်း သို့မဟုတ် ပြုပြင်ခြင်း သို့မဟုတ် စီမံခြင်း ဆောင်ရွက်ပြီး နိုင်ငံတော်အတွင်းသို့ ပြန်လည်တင်သွင်းခြင်းကို ဆိုသည်။

(ဂ) **လွတ်လပ်စွာလည်ပတ်နေသောကုန်ပစ္စည်း (Goods in free circulation)** ဆိုသည်မှာ အကောက်ခွန်၊ အခြားအခွန်နှင့်အခများပေးဆောင်ပြီး အကောက်ခွန်ဦးစီးဌာန၏ကြီးကြပ်မှုမပါဘဲ နိုင်ငံတော်အတွင်း လွတ်လပ်စွာသယ်ဆောင်ရောင်းဝယ်နိုင်သော ကုန်ပစ္စည်းကို ဆိုသည်။

(ဃ) **တန်ဖိုးမြှင့်ပမာဏ (Value Added – VA)** ဆိုသည်မှာ ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကုန်ချောပစ္စည်းတစ်မျိုးမျိုးကို နည်းပညာတစ်ရပ်ရပ် အသုံးပြု၍လည်းကောင်း၊ အခြားကုန်ပစ္စည်းများနှင့် ပေါင်းစပ်ပြုပြင်၍လည်းကောင်း မူရင်းကုန်ပစ္စည်းအား တန်ဖိုးမြင့်တက်စေရန်ဆောင်ရွက်ခြင်းဖြင့် မူရင်းကုန်ပစ္စည်းတန်ဖိုးထက် တိုးမြှင့်လာသော ပမာဏကို ဆိုသည်။

(င) **တစ်ပိုင်းတစ်စထုတ်လုပ်ပြီးကုန်ပစ္စည်း (Semi–finished Goods)** ဆိုသည်မှာ ကုန်ကြမ်းပစ္စည်းကို နည်းပညာတစ်ရပ်ရပ် အသုံးပြု၍လည်းကောင်း၊ အခြားကုန်ပစ္စည်းများနှင့်ပေါင်းစပ်၍လည်းကောင်း ပြုပြင်စီမံထားပြီး ကုန်ချောပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုသည့်ကုန်ပစ္စည်းကို ဆိုသည်။

(စ) **ထုတ်လုပ်ပြုပြင်စီမံထားသောကုန်ပစ္စည်း (Compensating Product)** ဆိုသည်မှာ နိုင်ငံတော်ပြင်ပသို့ တင်ပို့ထားသော ကုန်ပစ္စည်းကို ထုတ်လုပ်ခြင်း သို့မဟုတ် ပြုပြင်ခြင်း သို့မဟုတ် စီမံခြင်းတို့ပြုလုပ်ပြီး ပြန်လည်တင်သွင်းသည့် ကုန်ပစ္စည်းကို ဆိုသည်။

(ဆ) **ပုံစံ** ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းများအရ သတ်မှတ်သည့်ပုံစံကို ဆိုသည်။

အခန်း (၂)
အခြေခံအချက်များ

၃။ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်း လုပ်ကိုင်ရန်လျှောက်ထားသည့် ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ လျှောက်ထားချိန်တွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်း၍ စိစစ်မည်ဖြစ်ပြီး လျှောက်ထားသည့် ကုန်ပစ္စည်းသည် အောက်ဖော်ပြပါကုန်ပစ္စည်းများမဖြစ်စေရ–

(က) တည်ဆဲဥပဒေများအရလည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းက ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာများအရလည်းကောင်း တင်ပို့တင်သွင်းခွင့်တားမြစ်ပိတ်ပင်ထားသော ကုန်ပစ္စည်း၊

(ခ) နိုင်ငံတော်အတွင်းတွင် ကုန်ချောအဖြစ်ထုတ်လုပ်ပြုပြင်စီမံ၍ ရနိုင်သောကုန်ပစ္စည်း၊

(ဂ) အဆင့်မြှင့်တင်မှုဆောင်ရွက်နိုင်သည့် ကျောက်မျက်ရတနာများ၊

(ဃ) ပြည်ပတွင်ထုတ်လုပ်ပြုပြင်ပြီး ပြန်လည်တင်သွင်းလာမည့် ကုန်ပစ္စည်းသည် မူရင်းတင်ပို့သော ကုန်ပစ္စည်း၏ သွင်ပြင်လက္ခဏာ သိသာထင်ရှားစွာ ပြောင်းလဲသွားသည့် ကုန်ပစ္စည်း၊

(င) မူရင်းကုန်ပစ္စည်းအား ထုတ်လုပ်ပြုပြင်စီမံထားသောကုန်ပစ္စည်း ရရှိသည်အထိထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်အား လျှောက်ထားချိန်တွင် တင်ပြနိုင်မှုမရှိသည့် ကုန်ပစ္စည်း။

အခန်း (၃)
တင်ပို့ခြင်း

၄။ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသူသည် ပုံစံ (၁) ဖြင့် အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားရမည်။

၅။ အပိုဒ် ၄ အရ လျှောက်ထားရာတွင် အောက်ပါတို့ကို ပူးတွဲတင်ပြရမည်–

(က) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့်ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်မိတ္တူ၊

(ခ) ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပေးသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်မိတ္တူ၊

(ဂ) တင်ပို့မည့်နိုင်ငံရှိ ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်း ဆောင်ရွက်မည့်ကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် လုပ်ငန်းသဘောတူညီချက် စာချုပ်မိတ္တူ၊

(ဃ) နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် လျော့နည်းသွားမည့် လေလွင့်ဆုံးရှုံးမှုရာခိုင်နှုန်းတွက်ချက်မှု ပုံစံ (၂)၊

(င) တင်ပို့မည့် ကုန်ပစ္စည်းနမူနာနှင့် ယင်းကုန်ပစ္စည်း၏ မှတ်တမ်းဓာတ်ပုံ၊

(စ) နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ပစ္စည်း တစ်ယူနစ်အတွက် ထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်နှင့် ခန့်မှန်းကုန်ကျစရိတ် ဖော်ပြချက်။

၆။ အကောက်ခွန်ဦးစီးဌာနသည် တင်ပြချက်များ ပြည့်စုံမှန်ကန်မှုရှိပါက နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုရမည်။

၇။ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိသူသည် အကောက်ခွန်ဦးစီးဌာနတွင် အောက်ပါစာရွက်စာတမ်းများနှင့်အတူ ထုတ်ကုန်ကြေညာလွှာ (Export Declaration – ED) ဖွင့်လှစ်ခွင့်ပြုရန် တင်ပြရမည်–

(က) ကုန်တန်ဖိုးစာရင်း (Invoice – INV)၊ ကုန်ထုပ်ပိုးစာရင်း (Packing List – PL)၊ ယာဉ်တင်ဆောင်ခွင့်ကြိုတင်ရယူထားသည့် အထောက်အထား (Booking Note–BN)၊

(ခ) ပို့ကုန်လိုင်စင် သို့မဟုတ် ပို့ကုန်ပါမစ်နှင့် သက်ဆိုင်ရာအစိုးရဌာနများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၏ ထောက်ခံချက် (လိုအပ်လျှင်)၊

(ဂ) တင်ပို့သည့်ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတွင်းသို့ ပြန်လည်တင်သွင်းမည်ဖြစ်ကြောင်း ဝန်ခံကတိပြုချက်နှင့်

(ဃ) အခြားလိုအပ်သော စာရွက်စာတမ်းများ။

၈။ ထုတ်ကုန်ကြေညာလွှာ (Export Declaration – ED) ဖွင့်လှစ်ခွင့်ပြုပါက အကောက်ခွန်ဦးစီးဌာနသည် တင်ပို့မည့်ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းစစ်ဆေးနိုင်သည်။

၉။ အကောက်ခွန်ဦးစီးဌာနသည် ဖွင့်လှစ်ခွင့်ပြုသည့် ထုတ်ကုန်ကြေညာလွှာ (Export Declaration – ED) အား မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်တွင် မှတ်တမ်းထားရှိခြင်း၊ မှတ်ပုံတင်စာရင်းပုံစံ (၅) တွင် စာရင်းရေးသွင်းခြင်းတို့ ဆောင်ရွက်ရမည်။

၁၀။ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိသူသည် ကုန်ပစ္စည်းတင်ပို့ပြီးပါက ထုတ်ကုန်ကြေညာလွှာ (Export Declaration – ED) အပါအဝင် သက်ဆိုင်ရာစာရွက်စာတမ်းအမှုတွဲမိတ္တူတစ်စုံကို တင်ပို့ပြီးသည့်နေ့မှ ခုနစ်ရက်အတွင်း အကောက်ခွန်ဦးစီးဌာနသို့ မပျက်မကွက် ပေးပို့ရမည်။

၁၁။ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိသူသည် ကုန်ပစ္စည်းတင်ပို့ပြီးပါက ထုတ်ကုန်ကြေညာလွှာ (Export Declaration–ED) အပါအဝင် သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့် စာရင်းရေးသွင်းထားသည့် မှတ်ပုံတင်စာရင်းပုံစံ (၅) တို့ကို အကောက်ခွန်ဦးစီးဌာနမှ လာရောက်စစ်ဆေးလျှင် တင်ပြရမည်။

အခန်း (၄)
တင်သွင်းခြင်း

၁၂။ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိသူသည် ထုတ်လုပ်ပြုပြင်စီမံထားသောကုန်ပစ္စည်းကို နိုင်ငံတော်အတွင်းသို့ ပြန်လည်တင်သွင်းခွင့်ပြုရန် ပုံစံ (၃) ဖြင့် အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၃။ အပိုဒ် ၁၂ အရ လျှောက်ထားရာတွင် အောက်ပါတို့ကို ပူးတွဲတင်ပြရမည်–

(က) တင်ပို့စဉ်က ထုတ်ပေးထားသည့် ထုတ်ကုန်ကြေညာလွှာ (Export Declaration–ED)၊ အပိုဒ် ၅ နှင့် အပိုဒ် ၇ တို့ပါ စာရွက်စာတမ်းများပါရှိသည့် အမှုတွဲ၊

(ခ) နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးသော ကုမ္ပဏီကထုတ်ပေးသည့် ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ ထုတ်လုပ်ပြုပြင်ပြီးကြောင်း အထောက်အထား၊

(ဂ) နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးကြောင်း အစီရင်ခံစာနှင့် ယင်းလုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ကျသည့် ကုန်ကျစရိတ်ဖော်ပြချက်၊

(ဃ) နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်း လုပ်ကိုင်ရာတွင် လျော့နည်းသွားသည့် လေလွင့်ဆုံးရှုံးမှုရာခိုင်နှုန်းတွက်ချက်မှု ပုံစံ (၄)၊

(င) ကုန်တန်ဖိုးစာရင်း (Invoice – INV)၊ ကုန်ထုပ်ပိုးစာရင်း (Packing List–PL)၊ သဘော်ဘကုန်တင်တန်ဆာ (Bill of Lading – B/L) သို့မဟုတ် လေယာဉ်ကုန်တင်တန်ဆာ (Air Waybill – AWB)၊

(စ) သွင်းကုန်လိုင်စင် သို့မဟုတ် သွင်းကုန်ပါမစ်နှင့် သက်ဆိုင်ရာအစိုးရဌာနများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၏ ထောက်ခံချက် (လိုအပ်လျှင်)၊

(ဆ) အခြားလိုအပ်သော စာရွက်စာတမ်းများ။

၁၄။ အကောက်ခွန်ဦးစီးဌာနသည် တင်ပြချက်များ ပြည့်စုံမှန်ကန်မှုရှိပါက ထုတ်လုပ်ပြုပြင်စီမံထားသော ကုန်ပစ္စည်းကို နိုင်ငံတော်အတွင်းသို့ ပြန်လည်တင်သွင်းခွင့်ပြုရမည်။

၁၅။ အပိုဒ် ၁၄ အရ တင်သွင်းခွင့်ပြုလျှင် အကောက်ခွန်ဦးစီးဌာနသည် သွင်းကုန်ကြေညာလွှာ (Import Declaration – ID) ဖွင့်လှစ်ခွင့်ပြုရမည်။

၁၆။ တင်သွင်းသည့်ကုန်ပစ္စည်းသည် မူရင်းကုန်ကြမ်းပစ္စည်း သို့မဟုတ် တစ်ပိုင်းတစ်စထုတ်လုပ်ပြီး ကုန်ပစ္စည်းအပေါ်တွင် အခြေခံထားပြီး မူရင်းသွင်ပြင်လက္ခဏာအား အလွယ်တကူခွဲခြားသိရှိနိုင်သည့် ကုန်ပစ္စည်းဖြစ်ရမည်။

၁၇။ သွင်းကုန်ကြေညာလွှာ (Import Declaration – ID) ဖွင့်လှစ်ခွင့်ပြုပါက အကောက်ခွန်ဦးစီးဌာနသည် တင်သွင်းသည့်ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်း၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းစစ်ဆေးနိုင်သည်။

၁၈။ အပိုဒ် ၁၇ အရ စစ်ဆေးရာတွင် တင်သွင်းသည့်ကုန်ပစ္စည်းသည် ပြည်တွင်းသုံးစွဲရန် သင့်လျော်မှုမရှိကြောင်း တွေ့ရှိရပါက ယင်းကုန်ပစ္စည်းကို ဖျက်ဆီးရန် သို့မဟုတ် ပြန်လည်တင်ပို့ရန်ဆုံးဖြတ်ပြီး တင်သွင်းသူက ကုန်ကျစရိတ်များကို ကျခံစေရန် သို့မဟုတ် ပြန်လည်တင်ပို့စေရန် ဆောင်ရွက်ရမည်။

၁၉။ အကောက်ခွန်ဦးစီးဌာနသည် ဖွင့်လှစ်ခွင့်ပြုသည့် သွင်းကုန်ကြေညာလွှာ (Import Declaration – ID) အား မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်တွင် မှတ်တမ်းထားရှိခြင်း၊ မှတ်ပုံတင်စာရင်းပုံစံ (၅) တွင် စာရင်းရေးသွင်းခြင်းတို့ ဆောင်ရွက်ရမည်။

၂၀။ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိသူသည် တစ်ကြိမ်ထက်ပိုသည့် တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ယခင်ထုတ်ပေးထားသော သွင်းကုန်ကြေညာလွှာ (Import Declaration – ID) များကို အကောက်ခွန်ဦးစီးဌာနသို့ ထပ်မံတင်ပြရမည်။

၂၁။ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိသူသည် ကုန်ပစ္စည်းတင်သွင်းပြီးပါက သွင်းကုန်ကြေညာလွှာ (Import Declaration – ID) အပါအဝင် သက်ဆိုင်ရာစာရွက်စာတမ်းများနှင့် စာရင်းရေးသွင်းထားသည့် မှတ်ပုံတင်စာရင်းပုံစံ (၅) တို့ကို အကောက်ခွန်ဦးစီးဌာနမှ လာရောက်စစ်ဆေးလျှင် တင်ပြရမည်။

အခန်း (၅)

အချိန်ကာလသတ်မှတ်ခြင်း

၂၂။ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိသူသည် ထုတ်ကုန်ကြေညာလွှာ (Export Declaration – ED) ဖွင့်လှစ်သည့်နေ့မှစ၍ တစ်နှစ်အတွင်း ထုတ်လုပ်ပြုပြင်စီမံထားသောကုန်ပစ္စည်းကို ပြန်လည်တင်သွင်းရမည်။ သတ်မှတ်ကာလအတွင်း ပြန်လည်တင်သွင်းခြင်းမပြုနိုင်ပါက သက်တမ်းမကုန်ဆုံးမီ တစ်လကြိုတင်၍ သက်တမ်းတိုးမြှင့်ခွင့်ပြုရန် အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားရမည်။

၂၃။ ညွှန်ကြားရေးမှူးချုပ်သည် သတ်မှတ်ကာလအတွင်း သက်တမ်းတိုးမြှင့်ခွင့်ပြုရန် လျှောက်ထားခြင်းအပေါ် တစ်ကြိမ်လျှင် တစ်နှစ်ဖြင့် နှစ်ကြိမ် သက်တမ်းတိုးမြှင့်ခွင့်ပြုနိုင်သည်။

အခန်း (၆)

အခွန်အခကောက်ခံခြင်းနှင့် အခွန်ကင်းလွတ်ခွင့်ပြုခြင်း

၂၄။ အကောက်ခွန်ဦးစီးဌာနသည် တင်သွင်းသည့် ထုတ်လုပ်ပြုပြင်စီမံထားသော ကုန်ပစ္စည်းကို ကုန်ပစ္စည်းအမျိုးအစားအလိုက် မြန်မာ့အကောက်ခွန်နှုန်းစာရင်းတွင် သတ်မှတ်ထားသည့်နှုန်းအတိုင်း အကောက်ခွန်ကောက်ခံရမည့်အပြင် ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ကြိုတင်ဝင်ငွေခွန်များကို သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ကောက်ခံရမည်။ ယင်းသို့ကောက်ခံရာတွင် တန်ဖိုးမြှင့်ပမာဏ (Value Added – VA) ကို တင်သွင်းသည့် ကုန်ပစ္စည်း၏ စည်းကြပ်တန်ဖိုးအဖြစ် သတ်မှတ်ကောက်ခံရမည်။

၂၅။ တင်ပို့စဉ် ကြိုတင်ဝင်ငွေခွန် ကောက်ခံခြင်းမပြုရ။

၂၆။ တင်သွင်းသည့် ထုတ်လုပ်ပြုပြင်စီမံထားသောကုန်ပစ္စည်းသည် တင်ပို့သည့်ကုန်ပစ္စည်းအပေါ် အခြေခံသော်လည်း ပြန်လည်တင်သွင်းရန် ကြေညာထားသော ကုန်ပစ္စည်းနှင့်ကွဲလွဲတင်သွင်းပါက အကောက်ခွန်ဦးစီးဌာနသည် ယင်းသို့တင်သွင်းသည့်ကုန်ပစ္စည်းအပေါ် မြန်မာ့အကောက်ခွန်နှုန်းစာရင်းတွင် သတ်မှတ်ထားသည့်နှုန်းအတိုင်း အကောက်ခွန်ကောက်ခံရမည့်အပြင် ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ကြိုတင်ဝင်ငွေခွန်များကို သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ကောက်ခံရမည်။

၂၇။ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိသူသည် တင်ပို့ထားသည့် ကုန်ပစ္စည်းကို အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ နိုင်ငံတော်အတွင်းသို့ ပြန်လည်တင်သွင်းခြင်း မပြုနိုင်ပါက အကောက်ခွန်ဦးစီးဌာနသို့ တင်ပြရမည်။

၂၈။ အပိုဒ် ၂၇ အရ တင်ပြချက်နှင့်စပ်လျဉ်း၍ အကောက်ခွန်ဦးစီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ကြိုတင်ဝင်ငွေခွန်ဆိုင်ရာကိစ္စရပ်များ ဆက်လက်ဆောင်ရွက်နိုင်ရန် ပြည်တွင်း အခွန်များဦးစီးဌာနသို့ သတင်းအချက်အလက်များ ဆောလျင်စွာ ပေးပို့ရမည်။

၂၉။ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းကိုဆောင်ရွက်ရန် ပြည်ပသို့တင်ပို့ပြီးသည့် ကုန်ပစ္စည်းကို တင်ပို့သည့်နေ့မှစ၍ သုံးနှစ်အတွင်း အဆိုပါကုန်ပစ္စည်းကိုပင် ပြန်လည်တင်သွင်းလျှင် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၅ နှင့်အညီ အကောက်ခွန် ကင်းလွတ်ခွင့်ပြုနိုင်သည်။ ထို့ပြင် ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ကြိုတင်ဝင်ငွေခွန်များကိုလည်း ကင်းလွတ်ခွင့်ပြုနိုင်သည်။

အခန်း (၇)

လွှဲပြောင်းခြင်း

၃၀။ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိသူသည် မိမိလုပ်ကိုင်ခွင့်ရရှိသည့် တင်ပို့တင်သွင်းခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ အခြားကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းလုပ်ကိုင်လိုလျှင် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။

၃၁။ ညွှန်ကြားရေးမှူးချုပ်သည် လျှောက်ထားချက်ကိုစိစစ်၍ လွှဲပြောင်းလုပ်ကိုင်ရန် ခွင့်ပြုနိုင်သည်။

အခန်း (၈)

ငွေကြေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ခြင်း

၃၂။ ဤလုပ်ထုံးလုပ်နည်းများအရဆောင်ရွက်ရာတွင် ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသည့်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃၃။ အကောက်ခွန်ဦးစီးဌာနသည် နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိသူက တင်ပို့ထားသည့် ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပြန်လည်တင်သွင်းနိုင်ခြင်းမရှိကြောင်း တင်ပြလျှင်သော်လည်းကောင်း၊ ခွင့်ပြုသက်တမ်းကာလကျော်လွန်သည့်တိုင် ပြန်လည်တင်သွင်းခြင်းမရှိကြောင်း စိစစ်တွေ့ရှိရလျှင်သော်လည်းကောင်း ပို့ကုန်ရငွေဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ သတင်းအချက်အလက်များ ဆောလျင်စွာ ပေးပို့ရမည်။

အခန်း (၉)

အရေးယူခြင်း

၃၄။ တင်သွင်းသည့် ထုတ်လုပ်ပြုပြင်စီမံထားသောကုန်ပစ္စည်းသည် တင်ပို့သည့်ကုန်ပစ္စည်းအပေါ် အခြေခံသော်လည်း ပြန်လည်တင်သွင်းရန် ကြေညာထားသော ကုန်ပစ္စည်းနှင့် ကွဲလွဲတင်သွင်းလျှင် ယင်းသို့တင်သွင်းသည့်ကုန်ပစ္စည်းအပေါ် အကောက်ခွန်တန်ဖိုး၏ လေးပုံတစ်ပုံကို ဒဏ်ကြေးအဖြစ် ကောက်ခံရမည်။

၃၅။ တင်သွင်းသည့် ထုတ်လုပ်ပြုပြင်စီမံထားသောကုန်ပစ္စည်းသည် တင်ပို့သည့်ကုန်ပစ္စည်းအပေါ် အခြေခံထုတ်လုပ်ထားခြင်းမရှိဘဲ အခြားကုန်ပစ္စည်းကို ကွဲလွဲတင်သွင်းလျှင် ယင်းသို့တင်သွင်းသည့် ကုန်ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၆။ အပိုဒ် ၃၅ ပါ ကုန်ပစ္စည်းကို တင်သွင်းသည့် နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်း လုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိသူအား နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းကို ထပ်မံ လုပ်ကိုင်ခွင့်ပြုမည်မဟုတ်ပါ။

၃၇။ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိသူသည် တင်ပို့ထားသည့် ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ နိုင်ငံတော်အတွင်းသို့ ပြန်လည် တင်သွင်းခြင်းမပြုနိုင်ပါက ယင်းသို့တင်သွင်းခြင်းမပြုနိုင်သည့် ကုန်ပစ္စည်းအပေါ် မူလထုတ်ကုန်ကြေညာလွှာ (Export Declaration-ED) ဖွင့်လှစ်ခွင့်ပြုသည့်အချိန်၌ တင်ပြထားသည့် အချက်အလက်များဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၃၈ နှင့်အညီ တန်ဖိုးဖြတ်ဆိုချက်ကိုအခြေခံ၍ အကောက်ခွန် တန်ဖိုး၏ နှစ်ပုံတစ်ပုံကို ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည်။

၃၈။ သတ်မှတ်ကာလကျော်လွန်ပြီးမှ သက်တမ်းတိုးမြှင့်ခွင့်ပြုရန် လျှောက်ထားခြင်းများအတွက် အောက်ပါအတိုင်း ဒဏ်ကြေးပေးဆောင်ရမည်-

(က) ခြောက်လထိ သက်တမ်းကျော်လွန်ပါက တင်ပို့သည့် ကုန်ပစ္စည်းအကောက်ခွန်တန်ဖိုး၏ သုံးရာခိုင်နှုန်း၊

(ခ) ခြောက်လအထက်မှ တစ်နှစ်ထိ သက်တမ်းကျော်လွန်ပါက တင်ပို့သည့် ကုန်ပစ္စည်းအကောက်ခွန် တန်ဖိုး၏ ငါးရာခိုင်နှုန်း၊

(ဂ) တစ်နှစ်အထက်မှ နှစ်နှစ်ထိ သက်တမ်းကျော်လွန်ပါက တင်ပို့သည့် ကုန်ပစ္စည်းအကောက်ခွန်တန်ဖိုး၏ နှစ်ဆယ်ရာခိုင်နှုန်း၊

(ဃ) နှစ်နှစ်အထက် သက်တမ်းကျော်လွန်ပါက တင်ပို့သည့် ကုန်ပစ္စည်းအကောက်ခွန်တန်ဖိုး၏ သုံးဆယ် ရာခိုင်နှုန်း။

အခန်း (၁၀)

အထွေထွေ

၃၉။ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိသူသည် ထုတ်ကုန် ကြေညာလွှာ (Export Declaration-ED)နှင့် သွင်းကုန်ကြေညာလွှာ (Import Declaration-ID) တို့ ဖွင့်လှစ်ခွင့်ရရှိသည့်အချိန်တွင် အကောက်ခွန်ဦးစီးဌာနက တန်ဖိုးစိစစ်သည့် လုပ်ငန်းဆောင်ရွက်နိုင်ရန် လျှောက်ထားစဉ်ကတင်ပြသော စာရွက်စာတမ်းများပါရှိသည့် အမှုတွဲကို အကောက်ခွန်ဦးစီးဌာနသို့ မပျက်မကွက် တင်ပြရမည်။

၄၀။ အကောက်ခွန်ဦးစီးဌာနသည် တန်ဖိုးစိစစ်သည့် လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း ဆောင်ရွက်နိုင်သည်။

၄၁။ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲခြင်း၊ စာရင်း ထိန်းသိမ်းခြင်းစသည့် လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အပြည်ပြည်ဆိုင်ရာအကောက်ခွန် ရေဆိပ်၊ လေဆိပ်နှင့် ကုန်းတွင်းဆိပ်ကမ်းတို့၌သာ ဆောင်ရွက်ရမည်။

၄၂။ ထုတ်လုပ်ပြုပြင်စီမံထားသောကုန်ပစ္စည်း၏ ပင်ရင်းဒေသနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ သဘောတူညီချက်ပါ ပင်ရင်းဒေသစည်းမျဉ်းများ၊ လုပ်ငန်းစဉ်များနှင့်အညီ အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် သက်ဆိုင်ရာအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများအရ စိစစ်ဆောင်ရွက်ရမည်။

၄၃။ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းလုပ်ကိုင်ရာမှ ထွက်ရှိလာသော စွန့်ပစ် ပစ္စည်းများကို တင်သွင်းခွင့်မပြု။

၄၄။ နိုင်ငံတော်အတွင်းရှိ လွတ်လပ်စွာလည်ပတ်နေသော ကုန်ပစ္စည်းများကို နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်း လုပ်ငန်းလုပ်ကိုင်ရန် တင်ပို့လျှင် ယင်းကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ မူလ တင်သွင်းစဉ်က ပေးဆောင်ခဲ့သော အကောက်ခွန်၊ အခြားအခွန်နှင့် အခများအား ပြန်အမ်းခြင်း သို့မဟုတ် လျှော့ပေါ့ခြင်းကို ခွင့်မပြု။

၄၅။ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိသူသည် ပြန်လည် တင်သွင်းသည့် ထုတ်လုပ်ပြုပြင်စီမံထားသောကုန်ပစ္စည်းကို အမှတ်တံဆိပ် တပ်ဆင်ဖြန့်ဖြူးရာတွင် ယင်းအမှတ်တံဆိပ်သည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ မှတ်ပုံတင်ထားသော အမှတ်တံဆိပ် ဖြစ်ရမည်။

၄၆။ ဤလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေနှင့် တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်။

၄၇။ ဤလုပ်ထုံးလုပ်နည်းများသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ အကျိုးသက်ရောက် စေရမည်။

ပုံစံ (၁)

သို့

ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

အကြောင်းအရာ။ **နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်း (Outward Processing) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်ရန် ယာယီတင်ပို့မည့် ကုန်ကြမ်းပစ္စည်း သို့မဟုတ် တစ်ပိုင်းတစ်စ ထုတ်လုပ်ပြီးကုန်ပစ္စည်း (Semi-finished Goods) နှင့်စပ်လျဉ်း၍ လျှောက်ထားခြင်း**

၁။ ကျွန်တော်/ ကျွန်မတို့၏ _____ ကုမ္ပဏီ/ လုပ်ငန်း/ အဖွဲ့အစည်းမှ နိုင်ငံတော်ပြင်ပတွင်ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်း (Outward Processing) ဆိုင်ရာလုပ်ထုံး လုပ်နည်းများအရ ဆောင်ရွက်ရန် _____ ကုန်ကြမ်းပစ္စည်း သို့မဟုတ် တစ်ပိုင်း တစ်စထုတ်လုပ်ပြီးကုန်ပစ္စည်း (Semi-finished Goods) ကို _____ မှ _____ နိုင်ငံသို့တင်ပို့ပြီး _____ ထုတ်လုပ်ပြုပြင် စီမံထားသောကုန်ပစ္စည်းပြုလုပ်ကာ ခန့်မှန်းကာလ _____ အတွင်း ပြန်လည်တင်သွင်းမည်ဖြစ်ပါသည်။

၂။ အဆိုပါ ထုတ်လုပ်ပြုပြင်စီမံထားသောကုန်ပစ္စည်းကို ထုတ်ကုန်ကြေညာလွှာ (ED) ဖွင့်လှစ်သည့်နေ့မှ တစ်နှစ်အတွင်း နိုင်ငံတော်အတွင်းသို့ ပြန်လည်တင်သွင်းမည်ဖြစ်ပါကြောင်းနှင့် ပြန်လည်တင်သွင်းချိန်တွင် ကုန်ပစ္စည်းဆိုင်ရာ ကွဲလွဲချက်များရှိပါက ကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါကြောင်း ဝန်ခံကတိပြု လျှောက်ထားအပ်ပါသည်။

လက်မှတ် _____

အမည် _____

ကုမ္ပဏီအမည် _____

နေရပ်လိပ်စာ _____

ဖုန်းနံပါတ် _____

အီးမေးလ် _____

ပုံစံ (၂)

နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် လျော့နည်းသွားမည့် လေလွင့်ဆုံးရှုံးမှု ရာခိုင်နှုန်းတွက်ချက်မှု

စဉ်	ပြန်လည်တင်သွင်းလာမည့် ထုတ်လုပ်ပြုပြင်စီမံထားသော ကုန်ပစ္စည်းအမျိုးအစား		လိုအပ်သော ကုန်ပစ္စည်း		ထုတ်လုပ်ပြုပြင်စီမံထားသော ကုန်ပစ္စည်း ပြုလုပ်ရာတွင် လျော့နည်းသွားမည့် လေလွင့်ဆုံးရှုံးမှုရာခိုင်နှုန်း တွက်ချက်မှု	မှတ်ချက်
	အမျိုးအမည်	အရေအတွက်	အမျိုးအမည်	အရေအတွက်		

မှတ်ချက်။ တစ်ယူနစ်အတွက် ဖော်ပြရန်အခက်အခဲရှိပါက ၁၀၀၀ ယူနစ်ကို ဖော်ပြနိုင်ပါသည်။ အထက်ပါ တင်ပြချက်နှင့်စပ်လျဉ်း၍ မှန်ကန်ကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ် _____

အမည် _____

ကုမ္ပဏီအမည် _____

နေရပ်လိပ်စာ _____

ဖုန်းနံပါတ် _____

အီးမေးလ် _____

ပုံစံ (၃)

သို့

ညွှန်ကြားရေးမှူးချုပ်

အကောက်ခွန်ဦးစီးဌာန

အကြောင်းအရာ။ **နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းဆောင်ရွက်ပြီး နိုင်ငံတော်အတွင်းသို့ ပြန်လည်တင်သွင်းခွင့်ပြုရန် လျှောက်ထားခြင်း**

၁။ ကျွန်တော်/ ကျွန်မတို့၏ _____ ကုမ္ပဏီ/ လုပ်ငန်း/ အဖွဲ့အစည်းမှ နိုင်ငံတော်ပြင်ပတွင်ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်း (Outward Processing) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်ရန် _____ ကုန်ကြမ်းပစ္စည်း သို့မဟုတ် တစ်ပိုင်းတစ်စထုတ်လုပ်ပြီးကုန်ပစ္စည်း (Semi-finished Goods) ကို _____ မှ _____ နေ့တွင် ED No. _____ / ED Date. _____ ဖြင့်တင်ပို့၍ _____ နိုင်ငံတွင် _____ ထုတ်လုပ်ပြုပြင်စီမံထားသောကုန်ပစ္စည်းကို နိုင်ငံတော်အတွင်းသို့ ပြန်လည်၍ တင်သွင်းခြင်းဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

၂။ အဆိုပါပစ္စည်းများနှင့်စပ်လျဉ်း၍ ပြည်ပ၌ ထုတ်လုပ်ပြုပြင်စီမံထားသော ကုန်ပစ္စည်းထုတ်လုပ်ပြီး နိုင်ငံတော်အတွင်းသို့ ပြန်လည်တင်သွင်းခြင်းကို ထုတ်ကုန်ကြေညာလွှာ (ED) ဖွင့်လှစ်သည့်နေ့မှ _____ လအတွင်း ပြန်လည်တင်သွင်းခြင်းဖြစ်ပါကြောင်းနှင့် ပစ္စည်းများထုတ်ယူခွင့်ပြုပါရန် ပူးတွဲပါစာရွက်စာတမ်းများနှင့်အတူ လျှောက်ထားအပ်ပါသည်။

လက်မှတ် _____

အမည် _____

ကုမ္ပဏီအမည် _____

နေရပ်လိပ်စာ _____

ဖုန်းနံပါတ် _____

အီးမေးလ် _____

ပုံစံ (၄)

နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းလုပ်ကိုင်ရာတွင် လျော့နည်းသွားသည့် လေလွင့်ဆုံးရှုံးမှုရာခိုင်နှုန်းတွက်ချက်မှု

ကျွန်တော်/ကျွန်မတို့၏ _____ မှ အောက်ပါ ထုတ်လုပ်ပြုပြင်စီမံထားသောကုန်ပစ္စည်း တစ်ယူနစ်ထုတ်လုပ်ရာတွင် ယာယီတင်ပို့ထားသော ကုန်ကြမ်းပစ္စည်း သို့မဟုတ် တစ်ပိုင်းတစ်စထုတ်လုပ်ပြီးကုန်ပစ္စည်း (Semi-finished Goods) ကို ယှဉ်တွဲပါအတိုင်း သုံးစွဲခဲ့ကြောင်းနှင့် ထုတ်လုပ်ပြုပြင်စီမံထားသောကုန်ပစ္စည်းပြုလုပ်ရာတွင် လျော့နည်းသွားသည့် လေလွင့်ဆုံးရှုံးမှုရာခိုင်နှုန်းအား အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

စဉ်	ထုတ်ကုန်ကြေညာလွှာ (ED) အမှတ်/ရက်စွဲ	ထုတ်လုပ်ပြုပြင်စီမံထားသော ကုန်ပစ္စည်း တစ်ယူနစ် ထုတ်လုပ်ရန်လိုအပ်သော ကုန်ပစ္စည်း			ပြန်လည်တင်သွင်းလာသော ထုတ်လုပ်ပြုပြင်စီမံထားသော ကုန်ပစ္စည်း			ထုတ်လုပ်ပြုပြင် စီမံထားသော ကုန်ပစ္စည်းပြုလုပ်ရာတွင် လျော့နည်းသွားသည့် လေလွင့်ဆုံးရှုံးမှုရာခိုင်နှုန်း အသေးစိတ်တင်ပြချက်	မှတ်ချက်
		အမျိုးအမည်	ရေတွက်ပုံ (ယူနစ်)	အရေအတွက်	အမျိုးအမည်	ရေတွက်ပုံ (ယူနစ်)	အရေအတွက်		

မှတ်ချက်။ တစ်ယူနစ်အတွက် ဖော်ပြရန်အခက်အခဲရှိပါက ၁၀၀၀ ယူနစ်ကို ဖော်ပြနိုင်ပါသည်။

အထက်ပါတင်ပြချက်နှင့်စပ်လျဉ်း၍ မှန်ကန်ကြောင်း ဝန်ခံကတိပြုပါသည်။

နေ့စွဲ ----------

လက်မှတ် _____

အမည် _____

ကုမ္ပဏီအမည် _____

နေရပ်လိပ်စာ _____

ဖုန်းနံပါတ် _____

အီးမေးလ် _____

ဇယား (၅)

---------- ကမ္ဘာ့/ လုပ်ငန်း/ အဖွဲ့အစည်းက ခိုင်းစေတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်မှုပြင်းလုပ်ငန်းဆောင်ရွက်ပြီး
ပြန်လည်တင်သွင်းလာသော ကန့်ပစ္စည်းနှင့်စပ်လျဉ်းသည့် မှတ်ပုံတင်စာရင်း

စဉ်	ထုတ်ကုန်၊ ကြေညာ လွှာ (ED) အမှတ်/ နိုင်ငံ	ကုန်ကြမ်းပစ္စည်း သို့မဟုတ် တစ်ပိုင်းတစ်စထုတ်လုပ်ပြီး ကန့်ပစ္စည်း			တင်ပို့သည့် နေ့	သွင်းကုန်၊ ကြေညာလွှာ (ID) အမှတ်/ နိုင်ငံ	ထုတ်လုပ်ပြုပြင်မှုပြီးစီးသော ကန့်ပစ္စည်း			ထုတ်လုပ်ပြုပြင်မှုပြီးစီးသော ကန့်ပစ္စည်းကို ကုန်သည်များ ဝယ်ယူနိုင်ရန်အား အသေးစိတ် တင်ပြချက်			လက်ဝယ်ကုန်ကြမ်းပစ္စည်း အမျိုးအစားနှင့် ပမာဏတွင်			မှတ်ချက်
		အမျိုးအမည်	ဝယ်ယူသူ (ယူနစ်)	အတိုးနှုန်း			အမျိုးအမည်	ဝယ်ယူသူ (ယူနစ်)	အတိုးနှုန်း	အမျိုးအမည်	ဝယ်ယူသူ (ယူနစ်)	အတိုးနှုန်း	အမျိုးအမည်	ဝယ်ယူသူ (ယူနစ်)	အတိုးနှုန်း	

ဇယား (၅)

အမိန့်ကြော်ငြာစာအမှတ် (၁၅၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို ဆိုင်းငံ့အခွန်ငွေပေးချေခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော စကားရပ်များသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဆိုင်းငံ့အခွန်ငွေပေးချေခြင်း** ဆိုသည်မှာ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူက အကောက်ခွန်ဦးစီးဌာနသို့ ပေးဆောင်ရန်ရှိသည့် အကောက်ခွန်နှင့် အခွန်အခအရပ်ရပ်တို့ကို လက်ငင်းပေးဆောင်ခြင်း မပြုဘဲ လုံလောက်သည့် ဘဏ်အာမခံတင်ပြ၍ ကုန်ပစ္စည်းထုတ်ယူပြီးနောက် အကောက်ခွန်ဦးစီးဌာနက သတ်မှတ်သည့်ကာလအတွင်း ပြန်လည်ပေးဆောင်ခြင်းကို ဆိုသည်။

(ခ) **ဘဏ်အာမခံ** ဆိုသည်မှာ လျှောက်ထားသူက ဆိုင်းငံ့အခွန်ငွေပေးချေနိုင်ရန် ဘဏ်တွင်အပ်နှံထားသည့် ငွေကြေးပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ဘဏ်က ထုတ်ပေးသော သက်တမ်းရှိဘဏ်အာမခံအထောက်အထားကို ဆိုသည်။

(ဂ) **လျှောက်ထားသူ** ဆိုသည်မှာ ဆိုင်းငံ့အခွန်ငွေပေးချေခွင့်ရရှိရန် ဘဏ်အာမခံ အထောက်အထားဖြင့် အကောက်ခွန်ဦးစီးဌာနသို့ တင်ပြလျှောက်ထားသည့် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူကို ဆိုသည်။

(ဃ) **ဆိုင်းငံ့အခွန်ငွေပေးချေခွင့်ရရှိသူ** ဆိုသည်မှာ အကောက်ခွန်ဦးစီးဌာနက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ဆိုင်းငံ့အခွန်ငွေပေးချေခွင့်ရရှိရန် ခွင့်ပြုချက်ရရှိသူကို ဆိုသည်။

အခန်း (၂)

သတ်မှတ်ချက်များ

၃။ ဆိုင်းငံ့အခွန်ငွေပေးချေခွင့်ရရှိရန် လျှောက်ထားသူသည်-

(က) အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် အကောက်ခွန်ဦးစီးဌာနက အသိအမှတ်ပြုခံထားရသည့် ကုမ္ပဏီဖြစ်ရမည်။

(ခ) အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုလက်မှတ် သက်တမ်းရှိသည့် ကာလအတွင်း လျှောက်ထားမှုဖြစ်ရမည်။

(ဂ) အကောက်ခွန်ဦးစီးဌာနသို့ ဘဏ်အာမခံမူရင်းတင်ပြရမည်ဖြစ်ပြီး ယင်းဘဏ်အာမခံ၏ သက်တမ်းသည် အနည်းဆုံး ရက်ပေါင်း ၆၀ ကျန်ရှိရမည်။

(ဃ) ဘဏ်အာမခံတွင် ဆိုင်းငံ့အခွန်ငွေပေးချေရန် လုံလောက်သည့် ငွေပမာဏ ရှိရမည်။

(ဂ) တင်သွင်းမှုတိုင်းအတွက် သွင်းကုန်ကြေညာလွှာ ကြိုတင်တင်သွင်းခြင်း (Preliminary) အဆင့်တွင် ကျသင့်မည့်အကောက်ခွန်နှင့် အခွန်အခအရပ်ရပ်တို့ကို ကြိုတင်တွက်ချက်ထားရမည်။

(စ) ကုန်ပစ္စည်းရှင်းလင်းထုတ်ယူရာတွင် အချိန်ကြန့်ကြာမှုမရှိစေရန်နှင့် ငွေပမာဏလုံလောက်မှု ရှိ မရှိ သိရှိနိုင်ရန် ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်း၊ အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်းနှင့် ပင်ရင်းဒေသ သတ်မှတ်ခြင်းတို့ကို ကြိုတင်ဆောင်ရွက်ထားနိုင်သည်။

(ဆ) ဘဏ်အာမခံကို အကောက်ခွန်ဦးစီးဌာန၏ MACCS Online Payment System နှင့် ချိတ်ဆက်ထားသည့် ဘဏ်များမှ ရယူဆောင်ရွက်ရမည်။

အခန်း (၃)

လျှောက်ထားခြင်းနှင့် စိစစ်ခွင့်ပြုခြင်း

၄။ လျှောက်ထားသူသည် နောက်ဆက်တွဲပါ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံကို အကောက်ခွန်ဦးစီးဌာန၏ ဝက်ဘ်ဆိုဒ် www.customs.gov.mm မှ ရယူ၍ ကုမ္ပဏီ၏ ဒါရိုက်တာ အဆင့်ထက်မနိမ့်သည့် တာဝန်ရှိသူက ကိုယ်တိုင်လက်မှတ်ရေးထိုးပြီး အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားရမည်။

၅။ အကောက်ခွန်ဦးစီးဌာနသည် လျှောက်ထားချက်ကိုလက်ခံရရှိလျှင် အပိုဒ် ၃ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်၍ ကိုက်ညီမှန်ကန်ပါက ဘဏ်အာမခံမူရင်းကို ယာယီသိမ်းဆည်းပြီး အာမခံနံပါတ် (Security No.) ထုတ်ပေးရမည်။

၆။ ဆိုင်းငံ့အခွန်ငွေပေးချေခွင့်ရရှိသူသည် အာမခံနံပါတ် (Security No.) ကို သွင်းကုန်ကြေညာလွှာတွင် ထည့်သွင်းဖော်ပြရမည်။

အခန်း (၄)

ကုန်ပစ္စည်းရှင်းလင်းထုတ်ယူခြင်း၊ အကောက်ခွန်နှင့် အခွန်အခအရပ်ရပ်ပေးသွင်းခြင်း

၇။ ဆိုင်းငံ့အခွန်ငွေပေးချေခွင့်ရရှိသူသည် မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automatic Cargo Clearance System – MACCS) မှ ဆိုင်းငံ့အခွန်ငွေပေးချေခွင့်ဖြင့် သွင်းကုန်ဆိုင်ရာ အကောက်ခွန်စစ်ဆေးမှုပြီးစီးကြောင်း သက်သေခံလက်မှတ် (Release Order) ထုတ်ယူရရှိပါက သတ်မှတ်လုပ်ငန်းစဉ်အတိုင်း ကုန်ပစ္စည်းရှင်းလင်းထုတ်ယူရေး ဆောင်ရွက်နိုင်သည်။

၈။ ဆိုင်းငံ့အခွန်ငွေပေးချေခွင့်ရရှိသူသည် ကုန်ပစ္စည်းရှင်းလင်းထုတ်ယူပြီးလျှင် ယင်းသို့ ထုတ်ယူပြီးသည့် နေ့မှ တစ်လအတွင်းပေးဆောင်ရမည့် အကောက်ခွန်နှင့် အခွန်အခအရပ်ရပ်တို့ကို အကောက်ခွန်ဦးစီးဌာနသို့ ငွေပေးချေမှုအမိန့်လွှာ (Payment Order Cheque) ဖြင့် ပေးသွင်းရမည်။

၉။ အကောက်ခွန်ဦးစီးဌာနသည် အပိုဒ် ၈ နှင့်အညီ ပေးသွင်းပြီးဖြစ်သည့် ဆိုင်းငံ့အခွန် ငွေပေးချေခွင့်ရရှိသူက ဘဏ်အာမခံမူရင်းကို ပြန်လည်ရယူရန်တင်ပြလာလျှင် ထုတ်ပေးရမည်။

အခန်း (၅)

အရေးယူဆောင်ရွက်ခြင်း

၁၀။ အကောက်ခွန်ဦးစီးဌာနသည် ဆိုင်းငံ့အခွန်ငွေပေးချေခွင့်ရရှိသူက ကုန်ပစ္စည်းရှင်းလင်းထုတ်ယူပြီးနောက် တစ်လအတွင်း အကောက်ခွန်နှင့် အခွန်အခအရပ်ရပ်တို့ကို ပေးသွင်းရန်ပျက်ကွက်လျှင်–

(က) ဘဏ်အာမခံ ထုတ်ပေးထားသည့်ဘဏ်သို့ အကြောင်းကြားစာပေးပို့၍ ဆိုင်းငံ့အခွန်ငွေများ ပေးသွင်းရန် တောင်းခံရမည်။

(ခ) အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာ လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေး၍ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ်မှ ယာယီ ဆိုင်းငံ့ခြင်း၊ အသိအမှတ်ပြုလက်မှတ် ရုပ်သိမ်းခြင်း ပြုလုပ်ရမည်။

၁၁။ ဘဏ်အာမခံထုတ်ပေးထားသည့်ဘဏ်သည် အပိုဒ် ၁၀ (က) အရ အကြောင်းကြားစာလက်ခံရရှိလျှင် ဘဏ်ဖွင့်ရက် (၅) ရက်အတွင်း ဘဏ်အာမခံငွေပမာဏထဲမှ ဆိုင်းငံ့အခွန်ငွေ ပေးချေခွင့်ရရှိသူ ပေးချေရမည့် ငွေပမာဏကို အကောက်ခွန်ဦးစီးဌာန၏ ငွေစာရင်းသို့ ဆောလျင်စွာလွှဲပြောင်းပေးရမည်ဖြစ်ပြီး ယင်းသို့ ငွေလွှဲပြီးကြောင်း အကောက်ခွန်ဦးစီးဌာနသို့ အကြောင်းကြားရမည်။

၁၂။ အကောက်ခွန်ဦးစီးဌာနသည် ဘဏ်အာမခံထုတ်ပေးထားသည့်ဘဏ်က အပိုဒ် ၁၁ အရ ပေးချေရန် ပျက်ကွက်လျှင် တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်ရမည်။

အခန်း (၆)

အထွေထွေ

၁၃။ ဆိုင်းငံ့အခွန်ငွေပေးချေခွင့်ပြုနိုင်ရန်တင်ပြထားသည့် ဘဏ်အာမခံငွေကို ဆိုင်းငံ့အခွန်ငွေ ပေးချေခြင်းဖြင့် ကုန်ပစ္စည်းထုတ်ယူသည့်ကိစ္စမှအပ အခြားကိစ္စရပ်များတွင် ခုနှိမ်ဆောင်ရွက်ခြင်းမပြုရ။

၁၄။ အကောက်ခွန်ဦးစီးဌာနသည် အကောက်ခွန်လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ဆိုင်းငံ့အခွန်ငွေ ပေးချေခွင့်ရရှိသူအပေါ် ဒဏ်ကြေးငွေတပ်ရိုက်သည့် ကိစ္စရပ်များရှိပါက ဆိုင်းငံ့အခွန်ငွေ ပေးချေခြင်းဖြင့် ဆောင်ရွက်ခွင့်မပြုဘဲ ကျသင့်အကောက်ခွန်၊ အခွန်အခအရပ်ရပ်နှင့် ဒဏ်ကြေးငွေများကို ပုံမှန်အခွန် ပေးဆောင်ခြင်း လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ရမည်။

၁၅။ လျှောက်ထားသူသည် သွင်းကုန်ကြေညာလွှာတင်သွင်းခြင်း၊ ငွေပေးချေခြင်းနှင့် ကုန်ပစ္စည်း ထုတ်ယူခြင်းဆိုင်ရာကိစ္စရပ်များအား အကောက်ခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၆။ အကောက်ခွန်ဦးစီးဌာနသည် ဆိုင်းငံ့အခွန်ငွေပေးချေခြင်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်း အထောက်အထားများ၊ အီလက်ထရောနစ်ဆိုင်ရာအချက်အလက်များကို မှတ်တမ်းထားရှိ၍ စာရင်းစစ်ဆေးမှု ခံယူနိုင်ရန် စနစ်တကျ လက်ခံခြင်း၊ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ရမည်။

နောက်ဆက်တွဲ

ဆိုင်းငံ့အခွန်ငွေပေးချေခြင်း (Deferred Duty Payment) ဖြင့် ဆောင်ရွက်ခွင့်လျှောက်လွှာပုံစံ

၂၀၀၀ ကျပ်တန် အခွန်တံဆိပ်ခေါင်း

သို့

ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန
ရန်ကုန်မြို့။

ရက်စွဲ။

အကြောင်းအရာ။ **ဆိုင်းငံ့အခွန်ငွေပေးချေခြင်း (Deferred Duty Payment) ဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားခြင်း**

၁။ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (အဆင့်- ..) အဖြစ် အသိအမှတ်ပြုခံရသည့် .... ကုမ္ပဏီက တင်သွင်းသည့် ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ကာလတစ်လအတွင်း အကောက်ခွန်နှင့် အခွန်အခအရပ်ရပ်တို့ကို ဆိုင်းငံ့အခွန်ငွေပေးချေခြင်းဖြင့် ကုန်ပစ္စည်း ရှင်းလင်းထုတ်ယူခွင့်ပြုပါရန် ဘဏ်အာမခံမူရင်း ပူးတွဲတင်ပြ၍ လျှောက်ထားပါသည်။

၂။ ယင်းသို့ ကုန်ပစ္စည်းရှင်းလင်းထုတ်ယူပြီးနောက် တစ်လအတွင်း အပြီးသတ်စာရင်းရှင်းလင်းမည်ဖြစ်ပါသည်။ သတ်မှတ်ကာလအတွင်း အကောက်ခွန်နှင့် အခွန်အခအရပ်ရပ်တို့ကို ပေးသွင်းရန်ပျက်ကွက်ပါက ယင်းတို့ကို ဘဏ်အာမခံငွေပမာဏထဲမှ ခုနှိမ်စာရင်းရှင်းလင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ ဤလျှောက်လွှာ၏ ပူးတွဲပါပုံစံတွင် ဖြည့်စွက်ထားသည့် အချက်အလက်များနှင့် ပူးတွဲတင်ပြထားသည့် စာရွက်စာတမ်းများအားလုံးသည် မှန်ကန်ကြောင်းနှင့် စည်းကမ်းသတ်မှတ်ချက်များကို သိရှိနားလည်ပါကြောင်း အောက်တွင်လက်မှတ်ရေးထိုးပါသည်။

(Managing Director)

ကုမ္ပဏီ တံဆိပ်တုံး
(Company's Stamp)

လက်မှတ် ----------
(Signature)
အမည် ----------
(Name)
ရာထူး ----------
(Position)
ကုမ္ပဏီအမည် ----------
(Company Name)
ရက်စွဲ ----------
(Date)

ပူးတွဲ

ကုမ္ပဏီ၏ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ
(Company's Trade Data Information)

၁။ **ကုမ္ပဏီ၏ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**
Company's Trade Data Information is as follow –

(က) **အမည်** (Name)

(ခ) **မှတ်ပုံတင်အမှတ်၊ ကုန်တင်သွင်းသူ၏ ကုဒ်နံပါတ်၊ ရက်စွဲ**
(Registration Number, Importer Code and Date)

မှတ်ပုံတင်အမှတ်နှင့် ရက်စွဲ (Registration No. & Date)	–
MACCS System အတွက် ကုန်တင်သွင်းသူ ကုဒ်နံပါတ်နှင့် ရက်စွဲ (Importer Code No. & Date)	–

(ဂ) **AEO လက်မှတ်နံပါတ်နှင့် ရက်စွဲ (AEO Certificate Number and Date)**

AEO လက်မှတ်နံပါတ်နှင့် ရက်စွဲ (AEO Certificate No. & Date)	–

(ဃ) **အာမခံငွေပမာဏနှင့်သက်တမ်း (Guarantee Amount / Period)**

ငွေပမာဏ (Amount)	-
သက်တမ်း (Period)	- ---------- မှ ----------အထိ

(c) **အာမခံပေးသည့် ဘဏ်အမည် (Name of Guarantee Bank)**

(စ) **ဆိုင်းငံ့အခွန်ငွေဖြင့်ဆောင်ရွက်လိုသည့်အမျိုးအစား(Security Type Code of Deferred Payment)**

☐ အကြိမ်ကြိမ်သုံး (Inclusive) ☐ တစ်ကြိမ်သုံး (Individual)

မှတ်ချက်။ အကြိမ်ကြိမ်သုံး (Inclusive) ကို ရွေးချယ်အသုံးပြု၍ အကြိမ်(၂၀) ကျော်လွန်ပါက ဘဏ်အာမခံအသစ် ထပ်မံတင်ပြလျှောက်ထားရမည်။

ကုမ္ပဏီ တံဆိပ်တုံး
(Company's Stamp)

အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၃ ရက်)

၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၁ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) ၏ သဘောတူခွင့်ပြုချက်အရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းမှ အောက်ဖော်ပြပါ ကြီးကြပ်ရေးမှူး၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) (၆) ဦးတို့အား လစ်လပ်လျက်ရှိသော လက်ထောက်မန်နေဂျာ၊ လစာနှုန်း (၂၀၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

(၁) ဒေါ်ထားထားကြည်

(၂) ဦးသက်လွင်ဦး

(၃) ဒေါ်နီနီမော်

(၄) ဒေါ်နွယ်နီလတ်

(၅) ဒေါ်တင်တင်နု

(၆) ဒေါ်သန္တာဝင်း

အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

အကောက်ခွန်နှုန်း လျှော့ချသတ်မှတ်ခြင်း

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးသည် အကောက်ခွန်နှုန်းဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း လျှပ်စစ်သုံးယာဉ်များအသုံးပြုမှုနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်ပမှတင်သွင်းလာသည့် ဘက်ထရီမှ လျှပ်စစ်စွမ်းအင်ကို ရယူအသုံးပြုသော နောက်ဆက်တွဲ (က) ပါ အထူးလုပ်ငန်းသုံးယာဉ်များနှင့် စည်ပင်လုပ်ငန်းသုံးယာဉ်များ၊ နောက်ဆက်တွဲ (ခ) ပါ ယန္တရားများနှင့် အဆိုပါယာဉ်၊ ယန္တရားများနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နည်းပညာပိုင်း ဆိုင်ရာထောက်ခံချက်နှင့် စက်မှုဝန်ကြီးဌာန၏ ထောက်ခံချက်ပါရှိသည့် ပူးတွဲစာရင်းပါ ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းများအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ တွင် သတ်မှတ်ထားသော အကောက်ခွန်နှုန်း များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ သုည‌ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်လိုက်သည်။

၂။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ အကျိုး သက်ရောက်စေရမည်။

နောက်ဆက်တွဲ (က)

ဘက်ထရီမှ လျှပ်စစ်စွမ်းအင်ကို ရယူအသုံးပြုသည့် အထူးလုပ်ငန်းသုံးယာဉ်နှင့် စည်ပင်လုပ်ငန်းသုံးယာဉ်များစာရင်း

စဉ်	အမျိုးအစား
၁	Crane Lorry (Truck) (မော်တော်ယာဉ်ပေါ်တွင် ကုန်ပစ္စည်းမတင်ရန် ကရိန်းအားတပ်ဆင်ထားသည့် အထူးလုပ်ငန်းသုံးယာဉ်)
၂	Mobile Drilling Derrick Lorry (Truck) (မော်တော်ယာဉ်ပေါ်တွင် ဝန်ချီစက်တပ်ဆင်ထားပြီး မြေဖောက်ထွင်းရန်အသုံးပြုသည့်ယာဉ်)
၃	Concrete-mixer Lorry (Truck) (မော်တော်ယာဉ်ပေါ်တွင် ကွန်ကရစ်ဖျော်စက်တပ်ဆင်ထားပြီး ကွန်ကရစ် သယ်ဆောင်သည့် အထူးလုပ်ငန်းသုံးယာဉ်)
၄	Motor Breakdown Lorry (Truck) (မော်တော်ယာဉ်စက်ချို့ယွင်းသည့်အခါ သယ်ဆောင်သည့် အထူးလုပ်ငန်းသုံးယာဉ်)
၅	Lorry (Truck) Fitted with Ladder or Elevator Platform (လျှပ်စစ်မီးကြိုးများ၊ လမ်းမီးတိုင်များပြင်ဆင်ရန် ဒီဇိုင်းပြုလုပ်ထားသည့် အထူးလုပ်ငန်းသုံးယာဉ်)
၆	Mobile Clinic (Medical or Dental) (မော်တော်ယာဉ်ပေါ်တွင် ကျန်းမာရေး/ သွားဘက်ဆိုင်ရာ စက်ကိရိယာများ၊ ခွဲစိတ်ခန်းကိရိယာများတပ်ဆင်ထားသည့် အထူးလုပ်ငန်းသုံးယာဉ်)
၇	Outside Broadcast Van (မော်တော်ယာဉ်ပေါ်တွင် တိုက်ရိုက်ထုတ်လွှင့်စက်တပ်ဆင်ထားသည့် အထူးလုပ်ငန်းသုံးယာဉ်)
၈	Mobile Laboratory (မော်တော်ယာဉ်ပေါ်တွင် ဓာတ်ခွဲခန်းတပ်ဆင်ထားသည့် အထူးလုပ်ငန်းသုံးယာဉ်)

စဉ်	အမျိုးအစား
၉	Mobile Bakery (မော်တော်ယာဉ်ပေါ်တွင် မီးဖိုခန်း၊ မုန့်ဖုတ်ခန်း တပ်ဆင်ထားသည့် အထူးလုပ်ငန်းသုံးယာဉ်)
၁၀	Mobile Bank, Travelling Library and Mobile Showroom [မော်တော်ယာဉ်ပေါ်တွင်ဘဏ် (ATM စက်)/ စာကြည့်တိုက်/ ပစ္စည်းများခင်းကျင်းပြသရန် ဒီဇိုင်းပြုလုပ်ထားသည့် အထူးလုပ်ငန်းသုံးယာဉ်]
၁၁	Bitumen Distributor Truck (ကတ္တရာဖျန်းရန် ဒီဇိုင်းပြုလုပ်ထားသည့် အထူးလုပ်ငန်းသုံးယာဉ်)
၁၂	Lorry (Truck) Used for Cleansing Streets (စည်ပင်လုပ်ငန်းသုံးယာဉ်) (လမ်းသန့်ရှင်းရေးပြုလုပ်ရန် ဒီဇိုင်းပြုလုပ်ထားသည့် အထူးလုပ်ငန်းသုံးယာဉ်)
၁၃	Lorry (Truck) Cesspool Emptier (စည်ပင်လုပ်ငန်းသုံးယာဉ်) (အညစ်အကြေးများ သယ်ဆောင်သည့်ကား) (မိလ္လာကား)
၁၄	Spraying Lorry (Truck) (စည်ပင်လုပ်ငန်းသုံးယာဉ်) (ရေဖျန်းခြင်း သို့မဟုတ် အခြားအရည်တစ်မျိုးမျိုး ဖျန်းရာတွင် အသုံးပြုသည့် အထူးလုပ်ငန်းသုံးယာဉ်)

နောက်ဆက်တွဲ (ခ)

ဘက်ထရီမှ လျှပ်စစ်စွမ်းအင်ကို ရယူအသုံးပြုသည့် ယန္တရားများစာရင်း

စဉ်	အမျိုးအစား
၁	Excavator (မြေကော်သည့်စက်ယန္တရား)
၂	Bulldozer (မြေကော်/ မြေညှိသည့်စက်ယန္တရား)
၃	Wheel Loader (မြေကော်/ မြေညှိသည့်စက်ယန္တရား)
၄	Vibratory Roller (လမ်းကြိတ်စက်ယန္တရား)
၅	Clamp Loader (သစ်လုံးများကိုသယ်ဆောင်သည့် စက်ယန္တရား)
၆	Motor Grader (မြေကော်/ မြေညှိသည့်စက်ယန္တရား)
၇	Road Roller Compactor (လမ်းကြိတ်စက်ယန္တရား)
၈	Bridge Crane (အဆောက်အဦအတွင်း ပစ္စည်းများကိုသယ်ဆောင်ရန်အသုံးပြုသည့် ဝန်ချီစက်)
၉	Gantry Crane (အဆောက်အဦပြင်ပတွင် ပစ္စည်းများကိုသယ်ဆောင်ရန်အသုံးပြုသည့် ဝန်ချီစက်)
၁၀	Tower Crane (ဆောက်လုပ်ရေးလုပ်ငန်းသုံးဝန်ချီစက်)
၁၁	Piling Machine (ပိုင်ရိုက်သည့်စက်)
၁၂	Crawler Drill/Crawler Crane (ရွေ့လျားနိုင်ပြီး မြေထိုးဖောက်သည့် ယန္တရား၊ ရွေ့လျားနိုင်သည့်ဝန်ချီစက်)
၁၃	Overhead Travelling Crane (စက်ရုံသုံး အကြီးစားဝန်ချီစက်)
၁၄	Mobile Crane (ကေဘယ်ကြိုးဖြင့်ထိန်းချုပ်သည့် ဝန်ချီစက်)
၁၅	Rough–Terrain Crane (မြေပြင်သုံးရွေ့လျားဝန်ချီစက်)
၁၆	Forklift (သယ်ဆောင်ရွှေ့ပြောင်းရန် အသုံးပြုသောယန္တရား)
၁၇	Boom Lift (အမြင့်သို့တင်ပေးနိုင်ရန် ဒီဇိုင်းပြုလုပ်ထားသောယန္တရား)
၁၈	Asphalt Finisher (ကတ္တရာခင်းစက်)

စဉ်	အမျိုးအစား
၁၉	Angledozer (မြေကော်သည့် စက်ယန္တရား)
၂၀	Stacking Machine (Rack Stacker) (ရွှေ့ပြောင်းသယ်ဆောင်ရာတွင်အသုံးပြုသော ယန္တရား)
၂၁	Stacking Machine (Reach Stacker) (ဆိပ်ကမ်းများတွင် ကုန်သေတ္တာများ ရွှေ့ပြောင်းသယ်ဆောင်ရာတွင် အသုံးပြုသော ယန္တရား)
၂၂	Scraper (မြေကြီးပေါ်ရှိ မလိုအပ်သောပစ္စည်းများ ဖယ်ရှားရာတွင်အသုံးပြုသည့် ယန္တရား)
၂၃	Tamping Machine (မီးရထားလမ်းများတွင်အသုံးပြုသည့် ယန္တရား)
၂၄	Coal or Rock Cutter (ကျောက်မီးသွေး သို့မဟုတ် ကျောက်ဖြတ်သည့်ယန္တရား)
၂၅	Mechanical Shoval (မြေကော်သည့်ယန္တရား)
၂၆	Self–propelled shoval loader (မြေကော်သည့်ယန္တရား)
၂၇	Well Sinking or boring Machine (ရေတွင်းတူးစက် သို့မဟုတ် မြေကြီးတူးစက်)
၂၈	Loader–Transporter (မြေကော်/ မြေသယ်သည့်ယန္တရား)

ပူးတွဲစာရင်း

Spare Parts for Battery Electric Vehicle

Sr. No.	Nomenclature	Figure	Remark
1	Traction Battery Pack		
2	Electric Traction Motor		
3	Battery Management System (BMS)		
4	Drive Control Unit (DCU)		

Sr. No.	Nomenclature	Figure	Remark
5	DC–DC Converter		
6	Electrical Circuit Breaker For EV or Disconnect Parts		
7	Charge Port		
8	Portable EV Charger		
9	On–board charger		
10	Power Inverter		
11	EV Connectors		
12	High Voltage Harness		

Sr. No	Nomenclature	Figure	Remark
13	Controller		
14	Battery Cooling System (Thermal)		
15	Charging Cable		

အမိန့်ကြော်ငြာစာအမှတ် (၀၂၁/၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

မာရဝိဇယဘုရားကြီး၏ (တန်ဆောင်တိုင်ပွဲတော်) တွင် ကပြဖျော်ဖြေရာ၌ အသုံးပြုနိုင်ရေးအတွက် ဦးဖိုးချစ် သည် အမေရိကန်ဒေါ်လာ (106,109.54) တန်ဖိုးရှိ ဇာတ်ခုံပစ္စည်းသစ်များနှင့် LED ပစ္စည်းသစ်များအား တင်သွင်းလာခြင်းအပေါ် ကျသင့်သော အကောက်ခွန်ကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၃ နှင့် အကောက်ခွန်နှုန်းဥပဒေပုဒ်မ ၇ (ခ) တို့အရ အခွန်အကောက်ကင်းလွတ်ခွင့်ပြုလိုက်သည်။

အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၆)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ၂၀၂၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ဘက်ထရီလျှပ်စစ်သုံးယာဉ်များနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း

၂၀၂၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ဇယားစဉ် (၃၆) ပါ ဘက်ထရီလျှပ်စစ်သုံး သုံးဘီးတပ်ယာဉ်များ၊ နှစ်ဘီးတပ်ယာဉ်များအပါအဝင် ဘက်ထရီလျှပ်စစ်သုံးယာဉ်များ [Battery Electric Vehicles (BEVs)] တွင် ဘက်ထရီမှ လျှပ်စစ်စွမ်းအင်ကို ရယူအသုံးပြုသော နောက်ဆက်တွဲ (က) ပါ အထူးလုပ်ငန်းသုံးယာဉ်၊ စည်ပင်လုပ်ငန်းသုံးယာဉ်နှင့် နောက်ဆက်တွဲ (ခ) ပါ ယန္တရားတို့ပါဝင်သည်။

နောက်ဆက်တွဲ (က)

ဘက်ထရီမှ လျှပ်စစ်စွမ်းအင်ကို ရယူအသုံးပြုသည့် အထူးလုပ်ငန်းသုံးယာဉ်နှင့် စည်ပင်လုပ်ငန်းသုံးယာဉ်များစာရင်း

စဉ်	အမျိုးအစား
၁	Crane Lorry (Truck) (မော်တော်ယာဉ်ပေါ်တွင် ကုန်ပစ္စည်းမတင်ရန် ကရိန်းအားတပ်ဆင်ထားသည့် အထူးလုပ်ငန်းသုံးယာဉ်)
၂	Mobile Drilling Derrick Lorry (Truck) (မော်တော်ယာဉ်ပေါ်တွင် ဝန်ချိစက်တပ်ဆင်ထားပြီး မြေဖောက်ထွင်းရန်အသုံးပြုသည့်ယာဉ်)
၃	Concrete-mixer Lorry (Truck) (မော်တော်ယာဉ်ပေါ်တွင် ကွန်ကရစ်ဖျော်စက်တပ်ဆင်ထားပြီး ကွန်ကရစ်သယ်ဆောင်သည့် အထူးလုပ်ငန်းသုံးယာဉ်)
၄	Motor Breakdown Lorry (Truck) (မော်တော်ယာဉ် စက်ချို့ယွင်းသည့်အခါ သယ်ဆောင်သည့် အထူးလုပ်ငန်းသုံးယာဉ်)
၅	Lorry (Truck) Fitted with Ladder or Elevator Platform (လျှပ်စစ်မီးကြိုးများ၊ လမ်းမီးတိုင်များ ပြင်ဆင်ရန် ဒီဇိုင်းပြုလုပ်ထားသည့် အထူးလုပ်ငန်းသုံးယာဉ်)
၆	Mobile Clinic (Medical or Dental) (မော်တော်ယာဉ်ပေါ်တွင် ကျန်းမာရေး/ သွားဘက်ဆိုင်ရာ စက်ကိရိယာများ၊ ခွဲစိတ်ခန်းကိရိယာများတပ်ဆင်ထားသည့် အထူးလုပ်ငန်းသုံးယာဉ်)
၇	Outside Broadcast Van (မော်တော်ယာဉ်ပေါ်တွင် တိုက်ရိုက်ထုတ်လွှင့်စက်တပ်ဆင်ထားသည့် အထူးလုပ်ငန်းသုံးယာဉ်)
၈	Mobile Laboratory (မော်တော်ယာဉ်ပေါ်တွင် ဓာတ်ခွဲခန်းတပ်ဆင်ထားသည့် အထူးလုပ်ငန်းသုံးယာဉ်)
၉	Mobile Bakery (မော်တော်ယာဉ်ပေါ်တွင် မီးဖိုခန်း၊ မုန့်ဖုတ်ခန်းတပ်ဆင်ထားသည့် အထူးလုပ်ငန်းသုံးယာဉ်)
၁၀	Mobile Bank, Travelling Library and Mobile Showroom [မော်တော်ယာဉ်ပေါ်တွင် ဘဏ် (ATM စက်)/ စာကြည့်တိုက်/ ပစ္စည်းများ ခင်းကျင်းပြသရန် ဒီဇိုင်းပြုလုပ်ထားသည့် အထူးလုပ်ငန်းသုံးယာဉ်]
၁၁	Bitumen Distributor Truck (ကတ္တရာဖျန်းရန် ဒီဇိုင်းပြုလုပ်ထားသည့် အထူးလုပ်ငန်းသုံးယာဉ်)
၁၂	Lorry (Truck) Used for Cleansing Streets (စည်ပင်လုပ်ငန်းသုံးယာဉ်) (လမ်းသန့်ရှင်းရေးပြုလုပ်ရန် ဒီဇိုင်းပြုလုပ်ထားသည့် အထူးလုပ်ငန်းသုံးယာဉ်)
၁၃	Lorry (Truck) Cesspool Emptier (စည်ပင်လုပ်ငန်းသုံးယာဉ်) (အညစ်အကြေးများ သယ်ဆောင်သည့်ကား) (မိလ္လာကား)
၁၄	Spraying Lorry (Truck) (စည်ပင်လုပ်ငန်းသုံးယာဉ်) (ရေဖျန်းခြင်း သို့မဟုတ် အခြားအရည်တစ်မျိုးမျိုး ဖျန်းရာတွင်အသုံးပြုသည့် အထူးလုပ်ငန်းသုံးယာဉ်)

နောက်ဆက်တွဲ (ခ)

ဘက်ထရီမှ လျှပ်စစ်စွမ်းအင်ကို ရယူအသုံးပြုသည့် ယန္တရားများစာရင်း

စဉ်	အမျိုးအစား
၁	Excavator (မြေကော်သည့်စက်ယန္တရား)
၂	Bulldozer (မြေကော်/ မြေညှိသည့်စက်ယန္တရား)
၃	Wheel Loader (မြေကော်/ မြေညှိသည့်စက်ယန္တရား)
၄	Vibratory Roller (လမ်းကြိတ်စက်ယန္တရား)
၅	Clamp Loader (သစ်လုံးများကို သယ်ဆောင်သည့် စက်ယန္တရား)
၆	Motor Grader (မြေကော်/ မြေညှိသည့်စက်ယန္တရား)

စဉ်	အမျိုးအစား
၇	Road Roller Compactor (လမ်းကြိတ်စက်ယန္တရား)
၈	Bridge Crane (အဆောက်အဦအတွင်း ပစ္စည်းများကိုသယ်ဆောင်ရန်အသုံးပြုသည့် ဝန်ချီစက်)
၉	Gantry Crane (အဆောက်အဦပြင်ပတွင် ပစ္စည်းများကိုသယ်ဆောင်ရန်အသုံးပြုသည့် ဝန်ချီစက်)
၁၀	Tower Crane (ဆောက်လုပ်ရေးလုပ်ငန်းသုံးဝန်ချီစက်)
၁၁	Piling Machine (ပိုင်ရိုက်သည့်စက်)
၁၂	Crawler Drill/Crawler Crane (ရွေ့လျားနိုင်ပြီး မြေထိုးဖောက်သည့် ယန္တရား၊ ရွေ့လျားနိုင်သည့် ဝန်ချီစက်)
၁၃	Overhead Travelling Crane (စက်ရုံသုံး အကြီးစား ဝန်ချီစက်)
၁၄	Mobile Crane (ကေဘယ်ကြိုးဖြင့်ထိန်းချုပ်သည့် ဝန်ချီစက်)
၁၅	Rough–Terrain Crane (မြေပြင်သုံး ရွေ့လျားဝန်ချီစက်)
၁၆	Forklift (သယ်ဆောင်ရွှေ့ပြောင်းရန်အသုံးပြုသော ယန္တရား)
၁၇	Boom Lift (အမြင့်သို့တင်ပေးနိုင်ရန် ဒီဇိုင်းပြုလုပ်ထားသော ယန္တရား)
၁၈	Asphalt Finisher (ကတ္တရာခင်းစက်)
၁၉	Angledozer (မြေကော်သည့် စက်ယန္တရား)
၂၀	Stacking Machine (Rack Stacker) (ရွှေ့ပြောင်းသယ်ဆောင်ရာတွင်အသုံးပြုသော ယန္တရား)
၂၁	Stacking Machine (Reach Stacker) (ဆိပ်ကမ်းများတွင် ကုန်သေတ္တာများ ရွှေ့ပြောင်းသယ်ဆောင်ရာတွင် အသုံးပြုသော ယန္တရား)
၂၂	Scraper (မြေကြီးပေါ်ရှိ မလိုအပ်သောပစ္စည်းများဖယ်ရှားရာတွင်အသုံးပြုသည့် ယန္တရား)
၂၃	Tamping Machine (မီးရထားလမ်းများတွင်အသုံးပြုသည့် ယန္တရား)
၂၄	Coal or Rock Cutter (ကျောက်မီးသွေး သို့မဟုတ် ကျောက်ဖြတ်သည့်ယန္တရား)
၂၅	Mechanical Shoval (မြေကော်သည့်ယန္တရား)
၂၆	Self–propelled shoval loader (မြေကော်သည့်ယန္တရား)
၂၇	Well Sinking or boring Machine (ရေတွင်းတူးစက် သို့မဟုတ် မြေကြီးတူးစက်)
၂၈	Loader–Transporter (မြေကော်/ မြေသယ်သည့်ယန္တရား)

ဒေါက်တာ ကံဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

နိုင်ငံခြားရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

နော်ဝေနိုင်ငံဆိုင်ရာ သံရုံးယာယီတာဝန်ခံ/သံအမတ်ကြီး ဦးမိုးကျော်အောင် အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှအစပြု၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် ၂၃၃ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမိန့်ကြော်ငြာစာအမှတ် (၁၆၃/၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၂၆ အရ သံတမန်ရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်း အား သံတမန်ရေးရာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၅၅၀,၀၀၀/-) အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်ကြော်ငြာစာအမှတ် (၁၉၈/၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) ၏ ကြိုတင်ခွင့်ပြုချက်အရ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်း ၂၂၅၇၂ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် အား နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသည့် သံအမတ်ကြီး၊ လစာနှုန်း (၅၅၀,၀၀၀/-) အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

အမိန့်ကြော်ငြာစာအမှတ် (၂၀၉/၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၅ ရက်)

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့အား (၆) လ သက်တမ်းတိုးမြှင့်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) ၏ ကြိုတင်ခွင့်ပြုချက်အရ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (Myanmar Institute of Strategic and International Studies – MISIS) ၏ သက်တမ်းကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ (၆) လ တိုးမြှင့်သတ်မှတ်လိုက်သည်။

သန်းဆွေ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထဲရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် (၁၂၆၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

ပြည်ထဲရေးဝန်ကြီးဌာနသည် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၅၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို **သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော စကားရပ်များသည် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **ဥပဒေ** ဆိုသည်မှာ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေကို ဆိုသည်။

(ခ) **ပြစ်မှု** ဆိုသည်မှာ ဥပဒေနှင့်သက်ဆိုင်သည့် ပြစ်ဒဏ်ထိုက်သင့်သော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကို ဆိုသည်။

(ဂ) **ကြီးကြပ်ကွပ်ကဲသူအရာရှိ** ဆိုသည်မှာ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးကို ကြီးကြပ်ကွပ်ကဲရန် ပြည်ထဲရေးဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးအပ်သည့် ရဲမှူးအဆင့်အောက်မနိမ့်သော ရဲအရာရှိကို ဆိုသည်။

(ဃ) **တန်ဖိုးလျော့ကျပျက်စီးလွယ်သည့်ပစ္စည်း** ဆိုသည်မှာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းက ပြစ်မှုတစ်ခုခု ဖြင့် သိမ်းဆည်းထားသည့် သက်သေခံပစ္စည်းများအနက် ပုပ်သိုးပျက်စီးလွယ်သော သို့မဟုတ် သဘာဝအရ ပျက်စီးလွယ်သော သို့မဟုတ် သက်တမ်းကုန်ဆုံးရက်နီးကပ်နေသော သို့မဟုတ် ဈေးကွက်သဘောသဘာဝအရ အချိန်နှင့်အမျှ တန်ဖိုးလျော့ကျနိုင်သော သို့မဟုတ် သိုလှောင်သိမ်းဆည်းရန် နည်းပညာကန့်သတ်ချက်များ လိုအပ်သောပစ္စည်းကို ဆိုသည်။

(င) **ပုံစံ** ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်သည့် ပုံစံကို ဆိုသည်။

အခန်း (၂)

သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးသို့ သက်သေခံပစ္စည်းများအပ်နှံခြင်း

၃။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် ပြစ်မှုတစ်ခုခုဖြင့်သိမ်းဆည်းထားသော သက်သေခံပစ္စည်းများကို သက်ဆိုင်ရာသက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးသို့ အပ်နှံရာတွင် **ပုံစံ (၁)** နှင့်အတူ ဥပဒေပုဒ်မ ၁၄ ပါ စာရွက်စာတမ်းအထောက်အထားများအပြင် အောက်ပါတို့ကိုလည်း ပူးတွဲ၍ ပေးအပ်ရမည်–

(က) ပြစ်မှုဖြင့် သိမ်းဆည်းသည့် သက်သေခံပစ္စည်းစာရင်း၊

(ခ) မြေနှင့် အဆောက်အဦဖြစ်ပါက အကျယ်အဝန်း၊ အတိုင်းအတာများကို သက်ဆိုင်ရာအစိုးရဌာနက ကနဦးစိစစ်ထားသည့် အထောက်အထားစာရွက်စာတမ်းများနှင့် မြေပုံ၊

(ဂ) မြေနှင့် အဆောက်အဦကဲ့သို့သော မရွှေ့မပြောင်းနိုင်သော သက်သေခံပစ္စည်းဖြစ်ပါက ယင်းပစ္စည်းနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများ မိတ္တူမှန်၊

(ဃ) တိရစ္ဆာန်ဖြစ်ပါက အမျိုးအစား၊ အရွယ်အစားနှင့် မှတ်တမ်းဓာတ်ပုံများ၊ ၎င်းတို့၏ ကျန်းမာရေးအခြေအနေနှင့်စပ်လျဉ်းသည့် အထောက်အထားစာရွက်စာတမ်းများ၊

(င) ယာဉ် သို့မဟုတ် စက်ယန္တရားများဖြစ်ပါက ထုတ်လုပ်သည့်နိုင်ငံ၊ ထုတ်လုပ်သည့်ခုနှစ်၊ မော်ဒယ်နံပါတ်၊ စက်နံပါတ်၊ စက်စွမ်းအား၊ ကာလတန်ဖိုး၊ အသုံးပြု၍ ရ မရ စသည့်အချက်များပါဝင်သည့် ကနဦးစစ်ဆေးချက်မှတ်တမ်း၊

(စ) ရေယာဉ်ဖြစ်ပါက ရေယာဉ်အမျိုးအစား၊ ရေယာဉ်၏ အလျား၊ အနံ၊ ရေစူး၊ အင်ဂျင်အမျိုးအစား (အင်ဂျင်အမှတ်)၊ အင်ဂျင်ပါဝါ (မြင်းကောင်ရေ)၊ ရေယာဉ်လိုင်စင်၊ လုပ်ငန်းလိုင်စင်၊ ရေယာဉ်တည်ဆောက်သည့် ခုနှစ်၊ ထုတ်လုပ်သည့်နိုင်ငံ၊ ကာလတန်ဖိုး၊ အသုံးပြု၍ ရ မရ အချက်များပါဝင်သည့် ကနဦးစစ်ဆေးချက်၊

(ဆ) ယာဉ်အမျိုးမျိုး သို့မဟုတ် စက်ယန္တရားများနှင့်စပ်လျဉ်း၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းဝင်ယာဉ် ဟုတ် မဟုတ် စိစစ်ပြန်ကြားစာ၊

(ဇ) လိုင်စင်မဲ့ ယာဉ်အမျိုးမျိုး သို့မဟုတ် စက်ယန္တရားများဖြစ်ပါက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပြန်ကြားစာရရှိသည့်နေ့မှ ၂၀ ရက်အတွင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ အပ်နှံပြီးကြောင်း ယင်းဌာနကထုတ်ပေးသည့်အထောက်အထား၊

(ဈ) ရေယာဉ်ဖြစ်ပါက မှတ်ပုံတင်ထားခြင်း ရှိ မရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက စစ်ဆေးထုတ်ပေးသည့် အထောက်အထား။

၄။ ကြီးကြပ်ကွပ်ကဲသူအရာရှိသည် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက အပိုဒ် ၃ ပါ အထောက်အထားများဖြင့် အပ်နှံသည့် ပုံစံ (၁) ပါ သက်သေခံပစ္စည်းများစာရင်းကို သက်သေခံပစ္စည်းလက်ခံရရှိသည့် မှတ်ပုံတင်စာအုပ် ပုံစံ (၂) တွင် ရေးသွင်းပြီး သက်သေခံပစ္စည်းနှင့် ပုံစံ (၁) မူရင်းအပါအဝင် အထောက်အထားမူရင်းများကို စနစ်တကျထိန်းသိမ်းထားရမည်။

၅။ ကြီးကြပ်ကွပ်ကဲသူအရာရှိသည် သက်သေခံပစ္စည်းများလက်ခံထားရှိမှုကို ပုံစံ (၁) မိတ္တူနှင့် အထောက်အထားမိတ္တူများကိုပူးတွဲ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသို့ ချက်ချင်းတင်ပြရမည်။

၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် သက်သေခံပစ္စည်းများ အပ်နှံ၊ လက်ခံသည့် ပုံစံ (၁) မိတ္တူကို သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ အဆင့်ဆင့်တင်ပြရမည်။

၇။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် သဘာဝအလျောက် တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းဖြစ်ပါက–

(က) တရားစွဲဆိုတင်ပို့ခြင်းမပြုမီ ထုခွဲရောင်းချခွင့်ပြုရန် သက်ဆိုင်ရာ တရားရုံးသို့ လျှောက်ထားပြီး တရားရုံး၏ အမိန့်နှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ရောင်းချရရှိသည့် ငွေကြေးများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ငွေစာရင်းသို့ ယာယီအပ်နှံထားရမည်။

(ဂ) ငွေပေးသွင်းပြီးကြောင်း အထောက်အထားမိတ္တူကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသို့ အပ်နှံရမည်။

(ဃ) တရားစွဲဆိုတင်ပို့ရာတွင် သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ရောင်းချရငွေကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး ကော်မတီ၏ ငွေစာရင်းသို့ ယာယီအပ်နှံထားကြောင်း အထောက်အထားမူရင်းဖြင့် တရားစွဲတင်ပို့ရမည်။

(c) တရားရုံးက စစ်ဆေးစီရင်မှုပြီးဆုံးသည့်အချိန်တွင် တရားရုံး၏အမိန့်နှင့်အညီ ဆောင်ရွက်ရမည်။

အခန်း (၃)

တရားစွဲဆိုတင်ပို့ခြင်းမပြုမီနှင့် တရားစွဲဆိုတင်ပို့ပြီးနောက် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၈။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းများကို တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက လာရောက်အပ်နှံပါက ပျက်စီးဆုံးရှုံးမှု၊ တန်ဖိုးလျော့နည်းမှုမရှိစေရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) ဘဏ်လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများ၊ အဖိုးတန်စာတမ်းအမှတ်အသားများ သို့မဟုတ် ရွှေ၊ ငွေ၊ ရတနာနှင့် အဖိုးတန်ပစ္စည်းများဖြစ်ပါက–

(၁) သက်ဆိုင်ရာသက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်သို့ အပ်နှံရမည်။

(၂) မြန်မာ့စီးပွားရေးဘဏ်မှ လက်ခံရရှိကြောင်း အထောက်အထားမိတ္တူမှန်ကို သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးတွင် ထိန်းသိမ်းရမည်။

(ခ) အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့်သက်ဆိုင်သည့် ယာဉ်အမျိုးမျိုး သို့မဟုတ် စက်ယန္တရားများဖြစ်ပါက–

(၁) သက်သေခံပစ္စည်းများကို စိစစ်ပြီးနောက် ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများကို စနစ်တကျထိန်းသိမ်းထားရန် လွှဲပြောင်းအပ်နှံပေးရမည်။

(၂) သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများ၏ သက်သေခံပစ္စည်း ယာဉ်အမျိုးမျိုး သို့မဟုတ် စက်ယန္တရားများ လက်ခံရရှိကြောင်း အထောက်အထားကို သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးတွင် မှတ်တမ်းတင်ထိန်းသိမ်းထားရမည်။

(၃) တရားစွဲဆိုတင်ပို့ပါက သက်သေခံပစ္စည်းကို သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတွင် ထိန်းသိမ်းထားကြောင်း အစီရင်ခံစာနှင့်အတူ တရားရုံးသို့ တင်ပြရမည်။

(ဂ) အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများနှင့်သက်ဆိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ယာဉ်အမျိုးမျိုး သို့မဟုတ် စက်ယန္တရားများနှင့်စပ်လျဉ်း၍ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနက ထုတ်ပေးသည့်အထောက်အထားကို သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးတွင် ထိန်းသိမ်းရမည်။

(ဃ) အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများနှင့်သက်ဆိုင်ခြင်းမရှိသည့် လိုင်စင်ရှိယာဉ်အမျိုးမျိုး သို့မဟုတ် စက်ယန္တရားများဖြစ်ပါက အောက်ပါအထောက်အထားများနှင့်အတူ အဆိုပါယာဉ်အမျိုးမျိုး သို့မဟုတ် စက်ယန္တရားများကို သက်ဆိုင်ရာ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးတွင် စနစ်တကျ ထိန်းသိမ်းထားရှိရမည်–

(၁) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းဝင်ယာဉ်ဖြစ်ကြောင်း ပြန်ကြားစာ၊

(၂) ရှာဖွေပုံစံမိတ္တူ။

(၃) ကနဦးယာဉ်စစ်ဆေးချက်မှတ်တမ်း၊

(၄) ယာဉ်အမျိုးမျိုး သို့မဟုတ် စက်ယန္တရားများ၏ အင်ဂျင်ခန်း၊ ယာဉ်မောင်းခန်းနှင့် ရှေ့၊ နောက်၊ ဝဲ၊ ယာ ပေါ်လွင်အောင် ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ။

(ဂ) ရေယာဉ်ဖြစ်ပါက-

(၁) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ စိစစ်ပြန်ကြားသည့် အထောက်အထားများကို သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးတွင် ထိန်းသိမ်းထားရမည်။

(၂) လက်ခံရရှိသည့် ရေယာဉ်များကို ဥပဒေပုဒ်မ ၁၀ (ည) နှင့်အညီ မပျက်စီးစေရေး ထိန်းသိမ်းစီမံဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ရေကြောင်းရဲတပ်ဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ အစိုးရဌာနတစ်ခုခုသို့ ခေတ္တအပ်နှံရမည်။

(စ) တရားစွဲဆိုသည့်အခါ ပိုင်ရှင်ရှိ ယာဉ်အမျိုးမျိုး သို့မဟုတ် စက်ယန္တရားများကို မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာနှင့်အတူ တရားရုံးသို့ တင်ပြရမည်။

(ဆ) တိရစ္ဆာန်များဖြစ်ပါက-

(၁) ပစ္စည်းထိန်းအား တာဝန်ပေးအပ်ရန် သို့မဟုတ် ခံဝန်ချုပ်ဖြင့် အပ်နှံနိုင်ရန် သို့မဟုတ် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသို့ လွှဲပြောင်းနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် တိရစ္ဆာန်များကို ပစ္စည်းထိန်းအား ထိန်းသိမ်းစေခြင်းကို ပုံစံ (၃) ဖြင့်လည်းကောင်း၊ ခံဝန်ချုပ်ဖြင့် အပ်နှံခြင်းကို ပုံစံ (၄) ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသို့ အပ်နှံခြင်းကို ပုံစံ (၅) ဖြင့်လည်းကောင်း ခေတ္တအပ်နှံရမည်။

(၃) တရားစွဲဆိုတင်ပို့ပါက တိရစ္ဆာန်များကို မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာနှင့်အတူ တရားရုံးသို့ တင်ပြရမည်။

၉။ ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းများကို ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူ သို့မဟုတ် ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူဟု ယုံကြည်ရသူမှ ခံဝန်ချုပ်ဖြင့် ထိန်းသိမ်းလိုကြောင်း လျှောက်ထားလာပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ခံဝန်ချုပ်ဖြင့်ပေးအပ်ရန် သင့် မသင့် စိစစ်ပြီး ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းဖြစ်သော်လည်း သယ်ယူရွှေ့ပြောင်းထိန်းသိမ်းရန်ခက်ခဲ၍ ခံဝန်ချုပ်ဖြင့် ပေးအပ်သင့်ကြောင်း စိစစ်တွေ့ရှိပါက ခံဝန်ချုပ်ဖြင့် ပေးအပ်နိုင်ရန် သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ရရှိပါက လျှောက်ထားသူအား ပုံစံ (၄) ဖြင့် ခံဝန်ချုပ် ချုပ်ဆိုပြီး လွှဲပြောင်းပေးအပ်ရမည်။

၁၀။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် မြေနှင့်အဆောက်အဦ (အဆောက်အဦ၌ အမြဲတမ်း တပ်ဆင်ထားသည့်ပစ္စည်းများ) ကဲ့သို့ မရွှေ့မပြောင်းနိုင်သော သက်သေခံပစ္စည်း၊ သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော သက်သေခံပစ္စည်းတို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူ သို့မဟုတ် ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူဟု ယုံကြည်ရသူတစ်ဦးဦးကို ခံဝန်ချုပ်ဖြင့် အပ်နှံခြင်း၊

(ခ) သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသို့ ထိန်းသိမ်းရန်တာဝန်ပေးအပ်ခြင်း၊

(ဂ) ပစ္စည်းထိန်းကို အခကြေးငွေပေးငှားရမ်း၍ ထိန်းသိမ်းစေခြင်း။

၁၁။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် မြေနှင့်အဆောက်အဦကဲ့သို့ မရွှေ့မပြောင်းနိုင်သော သက်သေခံပစ္စည်း၊ သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော သက်သေခံပစ္စည်းတို့နှင့်စပ်လျဉ်း၍ အပိုဒ် ၁၀ အရ ထိန်းသိမ်းထားကြောင်း သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ အစီရင်ခံစာဖြင့် တရားရုံးသို့ တင်ပြရမည်။

၁၂။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် မြေနှင့်အဆောက်အဦကဲ့သို့ မရွှေ့မပြောင်းနိုင်သော သက်သေခံပစ္စည်းနှင့် သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော သက်သေခံပစ္စည်းတို့ကို ခံဝန်ချုပ်ဖြင့် လက်ခံရယူသူက ခံဝန်ချုပ်ကို ဖောက်ဖျက်လျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ခံဝန်ချုပ်ဖြင့် လက်ခံရယူသူက ပစ္စည်းတန်ဖိုးကို ပေးလျော်စေခြင်း၊

(ခ) အပိုဒ်ခွဲ (က) အရ ပေးလျော်ခြင်းမရှိလျှင် ခံဝန်ချုပ်တွင် လက်မှတ်ရေးထိုးသည့် အာမခံသူ ၂ ဦးက သတ်မှတ်တန်ဖိုးကို ပေးလျော်စေခြင်း၊

(ဂ) လိုအပ်ပါက ဥပဒေအရ အရေးယူခြင်း။

၁၃။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးတွင် ထိန်းသိမ်းထားသည့် သက်သေခံပစ္စည်းများ၊ ခံဝန်ချုပ်ဖြင့် အပ်နှံထားသည့် သက်သေခံပစ္စည်းများနှင့် ပစ္စည်းထိန်းဖြင့် ငှားရမ်းထိန်းသိမ်းထားသည့် သက်သေခံပစ္စည်းများကို ပျက်စီးပျောက်ဆုံးမှုမရှိစေရန် အနည်းဆုံး တစ်လလျှင်တစ်ကြိမ် စစ်ဆေးကြပ်မတ်ရမည်။

အခန်း (၄)

နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ပြီးနောက် စီမံခန့်ခွဲခြင်း

၁၄။ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် တရားရုံး သို့မဟုတ် ဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

၁၅။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်သည့် သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြရမည်။

၁၆။ တရားရုံးသို့မဟုတ် နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသည့်အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ပါက သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ခံဝန်ချုပ်ဖြင့် အပ်နှံထားသည့် သက်သေခံပစ္စည်းများကို ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် ခံဝန်ချုပ်ရုပ်သိမ်းပြီး အောက်ပါအတိုင်း ထိန်းသိမ်းဆောင်ရွက်ရမည်-

(က) မြေနှင့် အဆောက်အဦကဲ့သို့ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော ပစ္စည်းများကို ဥပဒေပုဒ်မ ၂၂ နှင့် ပုဒ်မ ၂၃ တို့ပါ လုပ်ငန်းများဆောင်ရွက်သည့်အချိန်ထိ ပစ္စည်းထိန်းဖြင့် ၄ားရမ်းထိန်းသိမ်းခြင်း၊

(ခ) ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းများကို သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးတွင် ထိန်းသိမ်းခြင်း၊

(ဂ) သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက ထိန်းသိမ်းနိုင်ရန် လွှဲပြောင်းအပ်နှံခြင်း၊

(ဃ) လိုင်စင်ရှိ ယာဉ်အမျိုးမျိုး သို့မဟုတ် စက်ယန္တရားများနှင့် စာရင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၅ နှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီသို့ အပ်နှံပေးပို့ခြင်း။

၁၇။ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် အပိုဒ် ၁၆ အရ ဆောင်ရွက်ပြီးစီးမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်ပြရမည်။

၁၈။ ဗဟိုကော်မတီသည် မြေနှင့် အဆောက်အဦကဲ့သို့သော မရွှေ့မပြောင်းနိုင်သည့် သက်သေခံပစ္စည်းများမှအပ ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းများကို တရားရုံးအဆင့်ဆင့်၏ အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရမည့်ကာလ ကျော်လွန်ပါက လေလံတင်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်းတို့ကိုဆောင်ရွက်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီအား ညွှန်ကြားရမည်။

၁၉။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည်-

(က) နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်သည့် ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းများ၊ သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ လေလံတင်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်းတို့ကို အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရမည့်ကာလ ကျော်လွန်ပြီး ခြောက်လအတွင်း သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ အပြီးဆောင်ရွက်ရမည်။

(ခ) အပိုဒ်ခွဲ (က) အရ ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် လေလံတင်ရောင်းချခြင်းမှရရှိသော ငွေကြေးများကို အောက်ပါအတိုင်း ပေးသွင်းရမည်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး ကော်မတီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(၂) ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၂၀။ ဗဟိုကော်မတီသည်-

(က) နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်သည့် သက်သေခံပစ္စည်းများအနက် မြေနှင့် အဆောက်အဦကဲ့သို့ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများကို အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရမည့်ကာလကျော်လွန်ပါက စီမံခန့်ခွဲနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) အပိုဒ်ခွဲ (ခ) အရ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့က ဗဟိုကော်မတီအား ဆောင်ရွက်ရန် ညွှန်ကြားပါက ညွှန်ကြားချက်ရရှိသည့်နေ့မှ တစ်နှစ်အတွင်း အပြီးစီမံခန့်ခွဲရမည်။

၂၁။ တရားရုံး သို့မဟုတ် ဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသည် သက်သေခံပစ္စည်းကို လက်ဝယ်ရရှိထိုက်သူအား ပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်ပါက ယင်းအမိန့်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသို့ အကြောင်းကြားရမည်။

၂၂။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည်-

(က) အပိုဒ် ၂၁ အရ အကြောင်းကြားသည့်အမိန့်အပေါ် အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရန် ရှိ မရှိ ပြန်လည်တင်ပြရန် သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

(ခ) သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းက အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရန် မရှိကြောင်း တင်ပြလာလျှင် သက်သေခံပစ္စည်းများကို လက်ဝယ်ရရှိထိုက်သူအား ပုံစံ (၆) ဖြင့် ဆောလျင်စွာ ပြန်လည်ထုတ်ပေးရမည်။

(ဂ) သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းက အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရန် တင်ပြလျှင် သက်သေခံပစ္စည်းများကို မူလအတိုင်း ဆက်လက်ထိန်းသိမ်းထားရမည်။

(ဃ) အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းလျှင် သက်ဆိုင်ရာ တရားရုံး သို့မဟုတ် နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့် ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းကချမှတ်သည့် အပြီးသတ်အမိန့်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

အခန်း (၅)

တရားရုံးသို့ တရားစွဲဆိုတင်ပို့နိုင်ခြင်းမရှိသည့်အမှုမှ သက်သေခံပစ္စည်းများ စီမံခန့်ခွဲခြင်း

၂၃။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် တရားရုံးသို့ တရားစွဲဆိုတင်ပို့နိုင်ခြင်းမရှိသည့်အမှုမှ သက်သေခံပစ္စည်းများစာရင်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသို့ လစဉ်လဆန်း ငါးရက်အတွင်း ပုံစံ (၇) ဖြင့် တင်ပြရမည်။

၂၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ပုံစံ (၇) ကို ဗဟိုကော်မတီသို့ ဆက်လက်တင်ပြရမည်။

၂၅။ ဗဟိုကော်မတီသည် တရားရုံးသို့ တရားစွဲဆိုတင်ပို့နိုင်ခြင်းမရှိသည့်အမှုမှ သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍-

(က) မရွေ့မပြောင်းနိုင်သော သက်သေခံပစ္စည်းများအား စီမံခန့်ခွဲမှုပြုနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့က ဗဟိုကော်မတီအား ဆောင်ရွက်ရန်ညွှန်ကြားပါက ညွှန်ကြားချက်ရရှိသည့် နေ့မှ တစ်နှစ်အတွင်း အပြီးစီမံခန့်ခွဲရမည်။

(ဂ) ရွေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းများအား စီမံခန့်ခွဲနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသို့ ညွှန်ကြားရမည်။

၂၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် အပိုဒ် ၂၅ (ဂ) ပါ ဗဟိုကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ စီမံခန့်ခွဲရမည်။

အခန်း (၆)

အထွေထွေ

၂၇။ ဥပဒေပုဒ်မ ၃၂ (ဂ) အရ အရေးယူရာတွင်ဖြစ်စေ၊ ဤလုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၂ (ဂ) အရ အရေးယူရာတွင်ဖြစ်စေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီဝင် သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်ခြင်းခံရသူတစ်ဦးဦးက တရားလိုပြုလုပ်တိုင်တန်းရမည်။

၂၈။ ဥပဒေပုဒ်မ ၃၂ (ခ) အရ ချမှတ်သည့်အမိန့်အရ ပြန်လည်ပေးလျော်သည့်ပစ္စည်း၏ တန်ဖိုးငွေကို ပေးလျော်ရမည့်သူသည် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီငွေစာရင်းသို့ ပေးသွင်းရမည်။

၂၉။ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးတွင် သက်သေခံပစ္စည်းအမျိုးအစား တစ်ခုချင်းအလိုက် သီးခြားစီခွဲခြား၍ လေဘယ်ကတ်များချိတ်ဆွဲပြီး စနစ်တကျထိန်းသိမ်းထားရမည်။

၃၀။ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးတွင် လုံခြုံရေးအစောင့်များတာဝန်ချထားပြီး စီစီတီဗွီ ကင်မရာများ တပ်ဆင်ထားရမည်။

၃၁။ သက်သေခံပစ္စည်းများ လက်ခံထိန်းသိမ်းထားသည့် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသည် သက်သေခံပစ္စည်းများ ပျက်စီးမှု၊ ပျောက်ဆုံးမှုနှင့် တန်ဖိုးလျော့နည်းမှုမရှိစေရေး စနစ်တကျထိန်းသိမ်းဆောင်ရွက်ရမည်။

ပုံစံ (၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုကော်မတီ
သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးသို့ သက်သေခံပစ္စည်းများအပ်နှံခြင်း

၁။ မြို့နယ်၊ ရဲစခန်း၊ ဌာန ----------

၂။ (ပ) အမှတ်၊ ပုဒ်မ ----------

၃။ အမှုအကျဉ်းချုပ် ----------

၄။ သိမ်းဆည်းသည့် ရက်စွဲနှင့် ----------

သိမ်းဆည်းသည့်နေရာ ----------

၅။ အပ်နှံ၊ လက်ခံသည့်ရက်စွဲနှင့် ----------

နေရာ ----------

၆။ သက်သေခံပစ္စည်းအမျိုးအစား

အမှတ်စဉ်	ပစ္စည်းအမျိုးအမည်	အလေးချိန်၊ ပမာဏ	အရေအတွက်	ကာလတန်ဖိုး	သုံးစွဲ ရ မရ	မှတ်ချက်

၇။ သိမ်းဆည်းရသည့် ----------

အကြောင်းအရင်း ----------

၈။ အခြားဖော်ပြလိုသည့် ----------

အချက်များ ----------

မှတ်ချက်။ လွှဲပြောင်း၊ အပ်နှံသည့် ပစ္စည်းအရေအတွက် ဖော်ပြရန်မလုံလောက်ပါက သီးခြားစာရွက်ဖြင့် ဖော်ပြရန်။

(အပ်နှံသူ)
လက်မှတ် ----------
အဆင့်၊ အမည် ----------
တပ်ဖွဲ့၊ ဌာန ----------

(လက်ခံသူ)
ကြီးကြပ်ကွပ်ကဲသူအရာရှိ
---------- သက်သေခံပစ္စည်းများ
စီမံထိန်းသိမ်းရေးရုံး

ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ဖိုက်ဘာအခြေခံ အဆောက်အအုံများ ထူထောင်ခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုအဆင့် ဆောင်ရွက်ရမည့် အချက်များ

ပုံစံ (၂)

စဉ်	မြို့နယ်	ရဲစခန်း	ပို့ဆောင်ရေး ပိုက်လိုင်း	သိမ်းဆည်း သည့်နေရာ အမှိုက်	အပ်နှံသည့် နေရာ အမှိုက်	သိမ်းဆည်းသည့် အကြောင်းအရင်း	ပစ္စည်းအမျိုးအစားနှင့် ပမာဏ	အပြစ်ပေးခံရသူ အမည်၊ ဘိုးဘေး အမည်နှင့် နေရပ်လိပ်စာ	မှတ်ချက်

ဖိုက်ဘာအခြေခံအဆောက်အအုံများ ထူထောင်ခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုအဆင့် ဆောင်ရွက်ရမည့် အချက်များ ဖိုက်ဘာအခြေခံ အဆောက်အအုံများ ထူထောင်ခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုအဆင့် ဆောင်ရွက်ရမည့် အချက်များ

ပုံစံ (၃)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုကော်မတီ
မရွှေ့မပြောင်းနိုင်သည့် သက်သေခံပစ္စည်း၊ သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော သက်သေခံပစ္စည်းနှင့်
ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်း (တိရစ္ဆာန်ပါ) ကို ပစ္စည်းထိန်းအား တာဝန်ပေးအပ်ရန် ကတိခံဝန်ချုပ်

၁။　---------- ခုနှစ်၊ ---------- လ ---------- ရက်နေ့တွင် ---------- မြို့နယ်၊ ---------- ရဲစခန်း၊ ---------- အမှုမှ အောက်ပါသက်သေခံပစ္စည်းများကို အမှုစစ်ဆေးစီရင်နေစဉ်ကာလအတွင်း ထိန်းသိမ်းစောင့်ရှောက်ရန် ---------- မြို့နယ်၊ ---------- ရပ်ကွက်၊ ကျေးရွာ၊ ---------- လမ်း၊ အမှတ် ---------- နေ ဦး၊ ဒေါ် ---------- (ဘ) အမည် ----------၊ အသက် ---------- နှစ်၊ နိုင်ငံသားစီစစ်ရေးကတ်အမှတ် -------- ------- ထံ ---------- ခရိုင် သက်သေခံပစ္စည်းစီမံထိန်းသိမ်းရေးရုံးမှ တစ်လလျှင် အခကြေးငွေ ---------/- (---------- ကျပ်တိတိ) ဖြင့် ငှားရမ်း၍ ခေတ္တအပ်နှံပါသည်-

အမှတ်စဉ်	ပစ္စည်းအမျိုးအမည်	တန်ဖိုး	တည်နေရာ	အသေးစိတ်အကြောင်းအရာ	မှတ်ချက်

၂။　အပိုဒ် ၁ ပါ ထိန်းသိမ်းစောင့်ရှောက်ရန် အပ်နှံထားသည့်ပစ္စည်းများကို ထိန်းသိမ်းရန်ပေးအပ်ထားသည့်ကာလအတွင်း မူလပုံသဏ္ဌာန်ကို လဲလှယ်ခြင်း၊ အတုပြုလုပ်အစားထိုးခြင်း၊ အလွဲသုံးစားပြုခြင်း၊ ရောင်းချခြင်း၊ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့် ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း တစ်ရပ်ရပ်ကို မပြုလုပ်ပါဟု ဝန်ခံကတိပြုပါသည်။

၃။　အပိုဒ် ၁ ပါ ထိန်းသိမ်းစောင့်ရှောက်ရန်အပ်နှံထားသည့်ပစ္စည်းများကို ---------- မြို့နယ်၊ ---------- ရပ်ကွက်၊ ကျေးရွာ၊ ---------- လမ်း၊ အမှတ် ---------- တွင် ထားရှိရမည်ဖြစ်ပြီး ---------- သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ အခြားတစ်နေရာသို့ ရွှေ့ပြောင်းခြင်းမပြုပါဟု ဝန်ခံကတိပြုပါသည်။

၄။　အဆိုပါပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် လိုအပ်သော ထိန်းသိမ်းစောင့်ရှောက်မှုကို ပြုလုပ်မည်ဖြစ်ကြောင်းနှင့် အထက်ပါ ကတိခံဝန်ချုပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ကျွန်တော်၊ ကျွန်မ၏ အားပေးကူညီချက်အရ တစ်ဦးတစ်ယောက်က ဖောက်ဖျက်လျှင်ဖြစ်စေ ပျက်စီးပျောက်ဆုံးသော ပစ္စည်း၏တန်ဖိုးကို ပေးလျော်မည်ဖြစ်ကြောင်းနှင့် ပေးလျော်ခြင်းမရှိပါက ဥပဒေအရ အရေးယူခြင်းခံရမည်ကို သိရှိကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

လွှဲပြောင်းအပ်နှံသူ

လက်မှတ်　----------
အဆင့်၊ အမည်　----------
---------- သက်သေခံပစ္စည်းများ
စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ

လက်ခံရရှိသူ

လက်မှတ်　----------
အမည်　----------
အဘအမည်　----------
နိုင်ငံသားစီစစ်ရေး　----------
ကတ်အမှတ်　----------
အလုပ်အကိုင်　----------
နေရပ်လိပ်စာ　----------
ဖုန်းနံပါတ်　----------

အသိသက်သေ (၁)

လက်မှတ် ----------

အမည် ----------

အဘအမည် ----------

နိုင်ငံသားစိစစ်ရေး ----------

ကတ်အမှတ်

အလုပ်အကိုင် ----------

နေရပ်လိပ်စာ ----------

ဖုန်းနံပါတ် ----------

အသိသက်သေ (၂)

လက်မှတ် ----------

အမည် ----------

အဘအမည် ----------

နိုင်ငံသားစိစစ်ရေး ----------

ကတ်အမှတ်

အလုပ်အကိုင် ----------

နေရပ်လိပ်စာ ----------

ဖုန်းနံပါတ် ----------

ပုံစံ (၄)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သက်သေခံပစ္စည်များစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုကော်မတီ
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့ (နေပြည်တော်) သို့ တွဲဖက်ထားသော အမှတ် (၄) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ခွဲမှ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲ ၂၉၀၂ ရဲမှူးကြီး ကြည်ကြည်လွင် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ ဇွန်လ ၂၈ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမိန့်ကြော်ငြာစာ (၂၀၀/ ၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (ယခင်) ၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ ၄၄၄/ ၂၀၁၉ ဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန (ယခင်) အတွက် **နိုင်ငံတော်ပိုင်မြေ (State Land)** အမိန့်ထုတ်ပြန်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ ဗောဓိကုန်းရပ်ကွက်၊ ကွင်းအမှတ်/ အမည် (၇၄၇/ အင်းကလားကွင်း)၊ ဦးပိုင်အမှတ် (၄၉[၁]) ရှိ မြေဧရိယာ ၇.၁၅ ဧကာ အနက်မှ မြေဧရိယာ ၂.၂၉ ဧကာအား ပြည်ထဲရေးဝန်ကြီးဌာန၊ တိုက်ကြီးမြို့နယ် မီးသတ်စခန်းမြေနေရာအဖြစ် လည်းကောင်း၊ မြေဧရိယာ ၀.၅၇ ဧကာအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုက်ကြီးမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ဦးစီးမှူးရုံးမြေနေရာအဖြစ်လည်းကောင်း **စုစုပေါင်းမြေဧရိယာ ၂.၈၆ ဧကာ** အား လွှဲပြောင်းပေးနိုင်ရေး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုနိုင်ပါရန်နှင့် **ကျန်မြေဧရိယာ ၄.၂၉ ဧကာ** အား ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ၃၃ ကေဗွီဓာတ်အားခွဲရုံ မြေနေရာအဖြစ် အသုံး ပြုခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၅၀၉(၅၃)/၁၂/ ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန(ယခင်)အတွက် **နိုင်ငံတော်ပိုင်မြေ (State Land)** အမိန့်ထုတ်ပြန်ခဲ့သည့် မြေဧရိယာ ၇.၁၅ ဧကာအနက်မှ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနသို့ လွှဲပြောင်းပေးမည့် မြေဧရိယာ ၂.၂၉ ဧကာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသို့ လွှဲပြောင်းပေးမည့် မြေဧရိယာ ၀.၅၇ဧကာ **စုစုပေါင်းမြေဧရိယာ ၂.၈၆ ဧကာ** နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ၃၃ ကေဗွီဓာတ်အားခွဲရုံမြေနေရာအဖြစ် အသုံးပြုမည့် **ကျန်မြေဧရိယာ ၄.၂၉ ဧကာ** တို့အား **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

(ဝန်ကြီးရုံး)
အမိန့်ကြော်ငြာစာအမှတ် (၂၀၄/၂၀၂၆)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲမှူးကြီး (၂) ဦးတို့အား ၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက်နေ့မှစ၍ ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

(၁)	ရဲ ၁၇၉၈ ရဲမှူးကြီး မင်းအောင် တပ်ဖွဲ့မှူး အမြန်လမ်းမကြီးရဲတပ်ဖွဲ့	ကျောင်းအုပ်ကြီး ရဲအကြပ်အတတ်သင်ကျောင်း
(၂)	ရဲ ၁၈၇၈ ရဲမှူးကြီး နန္ဒဝင်း ဌာနမှူး အကြမ်းဖက်မှုတိုက်ဖျက်ရေးဌာန သတင်းရဲတပ်ဖွဲ့	တပ်ဖွဲ့မှူး အမြန်လမ်းမကြီးရဲတပ်ဖွဲ့

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၂၀၅/၂၀၂၆)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ လ၁၆၅၁၇၆ရဲအုပ်စိုးဦးအား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် ရဲ ၈၉၂၇ အဖြစ်သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၂၀၇/၂၀၂၆)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၆ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သည့် အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) သို့ (တွဲဖက်ထားသော အရန်အင်အားစာရင်းမှ ကြည်း ၃၇၅၄၁ ဒုတိယဗိုလ်မှူးကြီး ဇေဗိုင်ထက် အား ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှစ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၂၀၈/၂၀၂၆)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၆ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သည့် အောက်ဖော်ပြပါ အရာရှိ (၃) ဦးတို့အား ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှစ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်-

(၁) ကြည်း ၃၉၉၀၈ ဗိုလ်မှူး စိုင်းဇေယျာအောင်
အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) အရန်အင်အားစာရင်းတွဲ

(၂) ကြည်း ၄၂၁၂၈ ဗိုလ်မှူး တက်နေဝင်း
အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) အရန်အင်အားစာရင်းတွဲ

(၃) ကြည်း ၄၃၉၇၉ ဗိုလ်မှူး ဝင်းမင်းသူ
အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) အရန်အင်အားစာရင်းတွဲ

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၂၀၉/၂၀၂၆)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၆ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှု ထမ်းဆောင်ခွင့်ပြုခဲ့သည့် အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) သို့ တွဲဖက်ထားသောအရန်အင်အားစာရင်းမှ ကြည်း ၄၇၈၃၂ ဗိုလ်မှူး ဝင်းထက်အောင် အား ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှစ၍ အကျဉ်းဦးစီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၂၁၀/၂၀၂၆)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၆ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့် ပြုခဲ့သည့် အောက်ဖော်ပြပါ အရာရှိ (၅) ဦးတို့အား ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှစ၍ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်-

(၁) ကြည်း ၆၁၄၀၄ ဗိုလ်ကြီး ထွန်းလင်းအောင်
အမှတ် (၅၃) ခြေလျင်တပ်ရင်း

(၂) ကြည်း ၇၃၉၄၆ ဗိုလ်ကြီး အောင်သီဟ
အမှတ် (၅၈၅) ခြေမြန်တပ်ရင်း

(၃) ကြည်း ၇၄၅၆၄ ဗိုလ်ကြီး ဌေးမင်းကို
အမှတ် (၄၃၃) ခြေမြန်တပ်ရင်း

(၄) ကြည်း ၇၅၀၇၆ ဗိုလ်ကြီး ဝင်းထက်လှိုင်
အမှတ် (၅၁) ခြေလျင်တပ်ရင်း

(၅) ကြည်း ၈၀၃၃၃ ဗိုလ်ကြီး အောင်မျိုးဇင်
အမှတ် (၃) ခြေလျင်တပ်ရင်း

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၂၁၁/၂၀၂၆)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၆ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့် ပြုခဲ့သည့် အောက်ဖော်ပြပါ အရာရှိ (၃) ဦးတို့အား ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှစ၍ အကျဉ်းဦးစီး ဌာနတွင် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်-

(၁) ကြည်း ၆၁၉၀၆ ဗိုလ်ကြီး ဖြိုးသူနိုင်
အမှတ် (၂၁၈) ခြေမြန်တပ်ရင်း

(၂) ကြည်း ၆၅၇၄၇ ဗိုလ်ကြီး မင်းမင်းထိုက်
အမှတ် (၇၀၈) လေထီးတပ်ရင်း

(၃) ကြည်း ၆၇၄၁၈ ဗိုလ်ကြီး လူထွေး
အမှတ် (၃၃၂) ခြေမြန်တပ်ရင်း

ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

နယ်စပ်ရေးရာဝန်ကြီးဌာန

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါ စာအမှတ်၊ ၁၉၄/တမ-၂/ ၂၃/၂/၂၀၂၆ အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဆန်းအေး အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့် ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၆)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါ စာအမှတ်၊ ၁၉၅/ တမ-၂/၂၄/၂/၂၀၂၆ အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒုတိယဦးစီးမှူး ဦးကျော်ရဲအောင် အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့် ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး(၁၃-ထ/၂)၂၀၂၆ ၏ ခွင့်ပြုချက်အရ အမှတ် (၇၇) ခြေလျင်တပ်ရင်းမှ ကြည်း ၅၄၉၁၁ ဗိုလ်ကြီး ဌေးကိုကို အား ရောက်ရှိသတင်းပို့သည့်နေ့မှစ၍ နယ်စပ်ရေးရာဝန်ကြီးဌာန အင်အားတိုးယူပြီး ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနခွဲ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) နှင့် လစာနှုန်းတူ ရာထူးနေရာတွင် တာဝန်ထမ်းဆောင်စေလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်စွပါ စာအမှတ်၊ ၁၇ ရာထူး (၁၃–ထ/၂) ၂၀၂၆ အရ ကာကွယ်ရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါ တပ်မတော်အရာရှိ (၂) ဦးတို့အား လုပ်ငန်းလိုအပ်ချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတွင် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တွဲဖက်တာဝန်ချထားလိုက်သည်–

စဉ်	ကိုယ်ပိုင်အမှတ်	အဆင့်	အမည်	တပ်/ဌာန
(က)	ကြည်း ၅၅၀၇၂	ဗိုလ်ကြီး	စိုးသာ	အမှတ် (၁) အထူးဆောက်လုပ်ရေးတပ်ရင်း
(ခ)	ကြည်း ၆၅၁၀၂	ဗိုလ်ကြီး	ထက်နိုင်ဝင်း	အမှတ် (၂၀၂၉) လေကြောင်းရန်ကာကွယ်ရေးတပ်ရင်း

အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် **မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊နိုဗိုစီဗစ်ဒေသတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ**ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ခွင့်ပြုချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

(က) ပြည်ထောင်စုဝန်ကြီး　　ဥက္ကဋ္ဌ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး　　ဒုတိယဥက္ကဋ္ဌ (၁)
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး　　ဒုတိယဥက္ကဋ္ဌ (၂)
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဃ) အမြဲတမ်းအတွင်းဝန်　　အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(င) အမြဲတမ်းအတွင်းဝန်　　အဖွဲ့ဝင်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(စ) အမြဲတမ်းအတွင်းဝန်　　အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီးရုံး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(စျ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီးရုံး
ပညာရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီးရုံး
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဝန်ကြီးရုံးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဌ) တွဲဖက်အတွင်းရေးမှူး အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အနုပညာဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စီမံကိန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန
စွမ်းအင်ဝန်ကြီးဌာန

(ဓ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(နှ)	ညွှန်ကြားရေးမှူးချုပ် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ပ)	ညွှန်ကြားရေးမှူးချုပ် အဆောက်အဦဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဖ)	ဒုတိယညွှန်ကြားရေးမှူးချုပ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အလုပ်သမားဝန်ကြီးဌာန	အဖွဲ့ဝင်
(ဗ)	ဌာနမှူး အင်ဂျင်နီယာဌာန(အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ	အဖွဲ့ဝင်
(ဘ)	တွဲဖက်အတွင်းရေးမှူး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ	အဖွဲ့ဝင်
(မ)	ညွှန်ကြားရေးမှူးချုပ် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန	အတွင်းရေးမှူး

၂။ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသတို့အကြား ပူးပေါင်းဆောင်ရွက်ရာတွင် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် အတားအဆီးများ ရှာဖွေဖော်ထုတ်ခြင်းနှင့် ဦးစားပေးကဏ္ဍများအား ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) နှစ်နိုင်ငံ အစိုးရတို့အကြား ကုန်သွယ်မှုနှင့် စီးပွားရေးကဏ္ဍများအပါအဝင် ပူးပေါင်းဆောင်ရွက်မည့် ကဏ္ဍများ အဆင်ပြေချောမွေ့စေရေးအတွက် နှစ်နိုင်ငံအစိုးရများသို့ အကြံပြုခြင်း ပူးပေါင်းဆောင်ရွက်မှု အခြေအနေကို လေ့လာသုံးသပ်ခြင်း၊

(ဂ) နှစ်ဖက်ညှိနှိုင်းဆွေးနွေးမှု၊ သင်တန်းပို့ချမှု၊ အပြန်အလှန်ခရီးစဉ်၊ ပူးတွဲပြပွဲနှင့် ဖျော်ဖြေပွဲ၊ အတွေ့အကြုံနှင့် သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ခြင်းများအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်ပါ လုပ်ငန်းကဏ္ဍများအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံ အစိုးရများအကြား ညှိနှိုင်းဆောင်ရွက်ခြင်း။

ဒေါက်တာ ဝါဝါမောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

တင်ဒါကော်မတီ

အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၆)

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ပြင်ဆင်ဖွဲ့စည်းခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် ဤဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၇/၂၀၂၅ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၏ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ဥက္ကဋ္ဌ ဦးသန့်စင်လွင် သည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရပါသဖြင့် ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်အောင် ကို ဥက္ကဋ္ဌအဖြစ် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်။

သန့်စင်လွင်

ဥက္ကဋ္ဌ

တင်ဒါကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဥပဒေရေးရာဝန်ကြီးဌာန

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

အမှတ် ၁၆။ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး/ ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိ/ ခရိုင်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၁)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံးအသီးသီးတွင် တာဝန်ဝတ္တရားများ စတင်လက်ခံ ဆောင်ရွက်သည့်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် တိုးမြှင့် ခန့်ထားလိုက်သည်-

စဉ်	အမည်၊ ကိုယ်ပိုင်အမှတ်	လက်ရှိရာထူး၊ ရုံး	ရာထူးတိုးမြှင့်ပြောင်းရွှေ့နေရာ ချထားသည့် ရာထူး၊ ရုံး
၁။	ဦးအောင်နိုင်ဦး ဥ/ ၂၄၄၀	ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး	ညွှန်ကြားရေးမှူး သတင်းအချက်အလက်နည်းပညာ ဌာနခွဲ ဥပဒေအသိပညာပြန့်ပွားရေး ဦးစီးဌာန ဥပဒေရေးရာဝန်ကြီးဌာန
၂။	ဦးကျော်မင်းအောင် ဥ/ ၂၅၃၃	ဒုတိယညွှန်ကြားရေးမှူး တရားမစွဲမီဥပဒေအကြံပေးရေးနှင့် တင်ပြချက်များစိစစ်ရေးဌာနခွဲ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန ဥပဒေရေးရာဝန်ကြီးဌာန	ညွှန်ကြားရေးမှူး တရားမဆိုင်ရာအမှုလိုက်ဌာနခွဲ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန ဥပဒေရေးရာဝန်ကြီးဌာန

စဉ်	အမည်၊ ကိုယ်ပိုင်အမှတ်	လက်ရှိရာထူး၊ ရုံး	ရာထူးတိုးမြှင့်ပြောင်းရွှေ့နေရာချထားသည့် ရာထူး၊ ရုံး
၃။	ဦးစိုးညွန့်လှိုင် ၉/ ၂၅၈၇	ခရိုင်ဥပဒေအရာရှိ သပိတ်ကျင်းခရိုင်ဥပဒေရုံး	ညွှန်ကြားရေးမှူး အထွေထွေဥပဒေ အကြံဉာဏ်ပေးရေးဌာနခွဲ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ဥပဒေရေးရာဝန်ကြီးဌာန

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

အမှတ် ၂၃။ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး/ဒုတိယမြို့နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိ အဆင့်-၄)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များအား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံးအသီးသီးတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ဦးစီးအရာရှိ/မြို့နယ် ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၃)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) များအဖြစ် တိုးမြှင့် ခန့်ထားလိုက်သည်-

စဉ်	အမည် ကိုယ်ပိုင်အမှတ်	လက်ရှိရာထူး၊ ရုံး	ရာထူးတိုးမြှင့်ပြောင်းရွှေ့ နေရာချထားသည့် ရာထူး၊ ရုံး
၁။	ဒေါ်စုနန္ဒာဇော် ၉/ ၃၆၆၈	ဒုတိယမြို့နယ်ဥပဒေအရာရှိ တာမွေမြို့နယ်ဥပဒေရုံး	မြို့နယ်ဥပဒေအရာရှိ မိုးညှိမြို့နယ်ဥပဒေရုံး
၂။	ဒေါ်သက်သက်မိုး ၉/ ၃၇၃၁	ဒုတိယဦးစီးမှူး တောင်ကြီးခရိုင်ဥပဒေရုံး	မြို့နယ်ဥပဒေအရာရှိ ကံမမြို့နယ်ဥပဒေရုံး
၃။	ဦးမင်းဇာနည်အောင် ၉/ ၃၇၄၈	ဒုတိယမြို့နယ်ဥပဒေအရာရှိ မော်လမြိုင်မြို့နယ်ဥပဒေရုံး	မြို့နယ်ဥပဒေအရာရှိ ဘီးလင်းမြို့နယ်ဥပဒေရုံး
၄။	ဒေါ်ငြိမ်းသူ ၉/ ၃၆၈၀	ဒုတိယမြို့နယ်ဥပဒေအရာရှိ အောင်မြေသာစံမြို့နယ်ဥပဒေရုံး	ဦးစီးအရာရှိ ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး (မိုးမိတ်မြို့နယ်ဥပဒေရုံး ပူးတွဲတာဝန်)
၅။	ဒေါ်ဖြိုးပြည့်ပြည့်သိုက် ၉/ ၃၇၇၁	ဒုတိယမြို့နယ်ဥပဒေအရာရှိ ပန်းဘဲတန်းမြို့နယ်ဥပဒေရုံး	ဦးစီးအရာရှိ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန ဥပဒေရေးရာဝန်ကြီးဌာန
၆။	ဒေါ်ချိုချိုခိုင် ၉/ ၃၆၆၉	ဒုတိယမြို့နယ်ဥပဒေအရာရှိ ရေကြည်မြို့နယ်ဥပဒေရုံး	ဦးစီးအရာရှိ တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး
၇။	ဒေါ်ဆုယမင်းဆွေ ၉/ ၃၇၁၃	ဒုတိယမြို့နယ်ဥပဒေအရာရှိ မရမ်းကုန်းမြို့နယ်ဥပဒေရုံး	မြို့နယ်ဥပဒေအရာရှိ ရေကြည်မြို့နယ်ဥပဒေရုံး
၈။	ဒေါ်စိမ်းလဲ့ရည် ၉/ ၃၇၂၁	ဒုတိယဦးစီးမှူး ဟုမ္မလင်းခရိုင်ဥပဒေရုံး	ဦးစီးအရာရှိ စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး (ဗန်းမောက်မြို့နယ်ဥပဒေရုံး ပူးတွဲတာဝန်)

စဉ်	အမည် ကိုယ်ပိုင်အမှတ်	လက်ရှိရာထူး၊ ရုံး	ရာထူးတိုးမြှင့်ပြောင်းရွှေ့ နေရာချထားသည့် ရာထူး၊ ရုံး
၉။	ဦးသန်းဇော်လင်း ၉/ ၃၇၈၁	ဒုတိယမြို့နယ်ဥပဒေအရာရှိ ပြင်ဦးလွင်မြို့နယ်ဥပဒေရုံး	ဦးစီးအရာရှိ အမရပူရခရိုင်ဥပဒေရုံး
၁၀။	ဦးချစ်ပိုင်ဦး ၉/ ၃၇၆၀	ဒုတိယမြို့နယ်ဥပဒေအရာရှိ လှိုင်မြို့နယ်ဥပဒေရုံး	ဦးစီးအရာရှိ တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး (လောင်းလုံမြို့နယ်ဥပဒေရုံး ပူးတွဲတာဝန်)
၁၁။	ဦးဇွဲထက်သူ ၉/ ၃၇၆၉	ဒုတိယမြို့နယ်ဥပဒေအရာရှိ ပုသိမ်ကြီးမြို့နယ်ဥပဒေရုံး	ဦးစီးအရာရှိ မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး (ဂန့်ဂေါမြို့နယ်ဥပဒေရုံး ပူးတွဲတာဝန်)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

အမှတ် ၂၄။ ဥပဒေရေးရာဝန်ကြီးဌာန၏ ၃၀-၉-၂၀၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅၇ အရ ၁၇-၁၁-၂၀၂၅ ရက်နေ့နံနက်ပိုင်းမှ ၁၆-၃-၂၀၂၆ ရက်နေ့ ညနေပိုင်းအထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်(၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို ငြင်းပယ်ထားသော ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးဝင်း (ဥ/၂၁၉၉) အား ၁၇-၃-၂၀၂၆ ရက်နေ့နံနက်ပိုင်းမှ ၁၆-၇-၂၀၂၆ ရက်နေ့ ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီးနောက် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) အရ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

အမှတ် ၂၉။ အောက်ဖော်ပြပါ ဒုတိယမြို့နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၄)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များအား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံးအသီးသီးတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ မြို့နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၃)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) များအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်-

စဉ်	အမည်၊ ကိုယ်ပိုင်အမှတ်	လက်ရှိရာထူး၊ ရုံး	ရာထူးတိုးမြှင့်ပြောင်းရွှေ့ နေရာချထားသည့် ရာထူး၊ ရုံး
၁။	ဦးရဲမင်း ၉/ ၃၇၂၃	ဒုတိယမြို့နယ်ဥပဒေအရာရှိ သဃ်နိုးကျွန်းမြို့နယ်ဥပဒေရုံး	မြို့နယ်ဥပဒေအရာရှိ နန်းယွန်းမြို့နယ်ဥပဒေရုံး
၂။	ဦးသန့်ဇင်အောင် ၉/ ၃၈၀၃	မြို့နယ်ဥပဒေအရာရှိ(တာဝန်) (ဥပဒေအရာရှိအဆင့်-၄) ဖာပွန်မြို့နယ်ဥပဒေရုံး	မြို့နယ်ဥပဒေအရာရှိ ဖာပွန်မြို့နယ်ဥပဒေရုံး

အမှတ် ၃၁။　နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ နှင့် နည်းဥပဒေ ၈၉ တို့အရ ဖျာပုံခရိုင်ဥပဒေရုံး၊ ခရိုင်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၁) ဒေါ်ခင်အေးဟန် (ဥ/၂၄၄၂) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၇-၃-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှ ၂၆-၇-၂၀၂၆ ရက်နေ့ ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။ အဆိုပါ ခွင့်ကုန်ဆုံးပြီးနောက် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နည်းဥပဒေ ၂၄၄ (က) တို့အရ ၂၇-၇-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

အမှတ် ၃၄။　ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီရုံး၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၂၆ အရ ဥပဒေရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီသီမြင့် သည် ဥပဒေရေးရာ ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ညွှန်ကြားရေးမှူးချုပ်တာဝန်များအပြင် ဥပဒေရေးရာဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန်၏ တာဝန်ဝတ္တရားများကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့နံနက်ပိုင်းမှစ၍ လက်ခံ ဆောင်ရွက်ပါသည်။

ဒေါက်တာ သီတာဦး
ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဥပဒေရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၂၄ ဖြင့် ဖွဲ့စည်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့ခွဲ၊ ဥက္ကဋ္ဌ ဦးအောင်လွင် **အစား** ဥက္ကဋ္ဌ ဦးမိုးကောင်း ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် (၁/ ၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်ခြင်း

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မွန်ပြည်နယ်ရှိ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့် ပူးတွဲစာရင်းပါ အဆောက်အအုံ ၂၀ ခုကို ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်လိုက်သည်။

ပူးတွဲစာရင်း

မွန်ပြည်နယ်ရှိ နှစ်ပေါင်း ၁၀၀ နှင့်အထက်သက်တမ်းရှိသည့် ရှေးဟောင်းအဆောက်အအုံများ

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	မြို့နယ်	အဆောက်အအုံအမည်	တည်နေရာ	တည်ဆောက်သည့်ကာလ	မှတ်ချက်
၁	မွန်ပြည်နယ်	မော်လမြိုင်မြို့နယ်	တောင်လေးလုံးကျောင်း	ကျိုက်သလ္ခဲဘုရားလမ်း ဖက်တန်းရပ်ကွက် မော်လမြိုင်မြို့ 16°29′22.21″N, 97°37′38.03″E	၁၈၆၅ ခုနှစ်	ကိုလိုနီခေတ် မူလလက်ရာ အတိုင်း ကျန်ရှိပါသည်။
၂	မွန်ပြည်နယ်	မော်လမြိုင်မြို့နယ်	ရွှေရေးတိုက်ကျောင်း	ကျိုက်သလ္ခဲဘုရားလမ်း ဖက်တန်းရပ်ကွက် မော်လမြိုင်မြို့ 16°29′21.96″N, 97°37′36.11″E	၁၈၈၀ ပြည့်နှစ်	ကိုလိုနီခေတ် မူလလက်ရာ အတိုင်း ကျန်ရှိပါသည်။
၃	မွန်ပြည်နယ်	မော်လမြိုင်မြို့နယ်	အနောက်ကံ့ကော်ကျောင်း	ကျိုက်သလ္ခဲဘုရားလမ်း ဖက်တန်းရပ်ကွက် မော်လမြိုင်မြို့ 16°29′17.97″N, 97°37′35.98″E	၁၈၄၈ ခုနှစ်	ကိုလိုနီခေတ် မူလလက်ရာ အတိုင်း ကျန်ရှိပါသည်။
၄	မွန်ပြည်နယ်	မော်လမြိုင်မြို့နယ်	ပဓာနိကာရုံကျောင်းအတွင်းရှိ ဘုရားဝတ်ပြုကျောင်း	ပဓာနိကာရုံကျောင်း တောင်ဝိုင်းရပ်ကွက် မော်လမြိုင်မြို့ 16°26′25.99″N, 97°39′54.02″E	၁၉၂၆ ခုနှစ်	ကိုလိုနီခေတ် ဗိသုကာလက်ရာ အတိုင်း ကျန်ရှိပါသည်။
၅	မွန်ပြည်နယ်	မော်လမြိုင်မြို့နယ်	အရှေ့ကံ့ကော်ကျောင်း	မြတောင်ကျောင်းလမ်း လှိုင်ရပ်ကွက် မော်လမြိုင်မြို့ 16°29′25.90″N, 97°38′5.40″E	၁၉၁၅ ခုနှစ်	ကိုလိုနီခေတ် ဗိသုကာလက်ရာ အတိုင်း ကျန်ရှိပါသည်။
၆	မွန်ပြည်နယ်	မော်လမြိုင်မြို့နယ်	စိန်ပက်ထရစ် ဘုရားကျောင်း (ခရစ်ယာန် ဘုရားရှိခိုးကျောင်း)	အထက်လမ်းမကြီး ရွှေတောင်ရပ်ကွက် မော်လမြိုင်မြို့ 16°29′10.83″N, 97°37′27.86″E	၁၈၅၉ ခုနှစ်	ကိုလိုနီခေတ် ဗိသုကာလက်ရာ အတိုင်း ကျန်ရှိပါသည်။
၇	မွန်ပြည်နယ်	မော်လမြိုင်မြို့နယ်	မင်းကျောင်း	အထက်လမ်းမကြီး ပန်းပဲတန်းရပ်ကွက် မော်လမြိုင်မြို့ 16°28′25″N, 97°37′28″E	၁၈၄၈ ခုနှစ်	ကိုလိုနီခေတ် ဗိသုကာလက်ရာ အတိုင်း ကျန်ရှိပါသည်။

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	မြို့နယ်	အဆောက်အအုံအမည်	တည်နေရာ	တည်ဆောက်သည့်ကာလ	မှတ်ချက်
၈	မွန်ပြည်နယ်	မော်လမြိုင်မြို့နယ်	ရှင်မသဲဘုရားကျောင်း(ခရစ်ယာန်ဘုရားရှိခိုးကျောင်း)	ဦးဖိနဘုရားလမ်းပန်းပဲတန်းရပ်ကွက် မော်လမြိုင်မြို့ 16°28′25.48″N, 97°37′31.62″E	၁၈၈၇ ခုနှစ်	ကိုလိုနီခေတ်ဗိသုကာလက်ရာအတိုင်းကျန်ရှိပါသည်။
၉	မွန်ပြည်နယ်	မော်လမြိုင်မြို့နယ်	မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး	ဦးဖိနဘုရားလမ်းပန်းပဲတန်းရပ်ကွက် မော်လမြိုင်မြို့ 16°28′25.82″N, 97°37′36.11″E	၁၈၆၁ ခုနှစ်	ကိုလိုနီခေတ်မူလလက်ရာအတိုင်းကျန်ရှိပါသည်။
၁၀	မွန်ပြည်နယ်	မော်လမြိုင်မြို့နယ်	အိမ်တွင်းမှူးသင်တန်းကျောင်း	အထက်လမ်းမကြီးရွှေတောင်ရပ်ကွက် မော်လမြိုင်မြို့ 16°29′09″N, 97°37′27″E	၁၈၅၉ ခုနှစ်	ကိုလိုနီခေတ်မူလလက်ရာအတိုင်းကျန်ရှိပါသည်။
၁၁	မွန်ပြည်နယ်	မော်လမြိုင်မြို့နယ်	နာရီစင်	ဗဟိုလမ်း၊ စစ်ကဲကုန်းရပ်ကွက်၊ မော်လမြိုင်မြို့ 16°29′0.95″N, 97°37′18.40″E	၁၉၁၂ ခုနှစ်	ကိုလိုနီခေတ်မူလလက်ရာအတိုင်းကျန်ရှိပါသည်။
၁၂	မွန်ပြည်နယ်	မော်လမြိုင်မြို့နယ်	မွန်ပြည်နယ်သစ်တောရုံး	ဗဟိုလမ်းနှင့် သစ်တောရုံးလမ်းထောင့်၊ စစ်ကဲကုန်းရပ်ကွက်၊ မော်လမြိုင်မြို့ 16°28′57.24″N, 97°37′15.14″E	၁၈၉၇ ခုနှစ်	ကိုလိုနီခေတ်ဗိသုကာလက်ရာအတိုင်းကျန်ရှိပါသည်။
၁၃	မွန်ပြည်နယ်	မော်လမြိုင်မြို့နယ်	ဆိပ်ကမ်းအာဏာပိုင်ရုံး	ကမ်းနားလမ်းနှင့် ပန်းခြံလမ်းထောင့်၊ စစ်ကဲကုန်းရပ်ကွက်၊ မော်လမြိုင်မြို့ 16°29′1.85″N, 97°37′7.29″E	၁၉၁၅ ခုနှစ်	ကိုလိုနီခေတ်ဗိသုကာလက်ရာအတိုင်းကျန်ရှိပါသည်။
၁၄	မွန်ပြည်နယ်	မော်လမြိုင်မြို့နယ်	ပြည်ကျောင်း	ထားဝယ်တံတားလမ်းမရမ်းကုန်းရပ်ကွက် မော်လမြိုင်မြို့ 16°28′47.65″N, 97°37′21.04″E	၁၈၈၀ ပြည့်နှစ်	ကိုလိုနီခေတ်ဗိသုကာလက်ရာအတိုင်းကျန်ရှိပါသည်။
၁၅	မွန်ပြည်နယ်	မော်လမြိုင်မြို့နယ်	ဝေဖယန္တာကျောင်း	ဗဟိုလမ်း၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့ 16°28′47.18″N, 97°37′18.79″E	၁၈၄၉ ခုနှစ်	ကိုလိုနီခေတ်ဗိသုကာလက်ရာအတိုင်းကျန်ရှိပါသည်။
၁၆	မွန်ပြည်နယ်	မော်လမြိုင်မြို့နယ်	နတ်မှော်ကျောင်း	ရုပ်လမ်းနှင့် လိမ္မော်ဇင်လမ်းမောင်ံရပ်ကွက် မော်လမြိုင်မြို့ 16°27′40″N,97°37′33″E	၁၈၈၀ ပြည့်နှစ်	ကိုလိုနီခေတ်ဗိသုကာလက်ရာအတိုင်းကျန်ရှိပါသည်။

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	မြို့နယ်	အဆောက်အအုံအမည်	တည်နေရာ	တည်ဆောက်သည့်ကာလ	မှတ်ချက်
၁၇	မွန်ပြည်နယ်	မော်လမြိုင်မြို့နယ်	မွန်မြတ်သော အိမ်ထောင်စု ဘုရားကျောင်း (ခရစ်ယာန်ဘုရား ရှိခိုးကျောင်း)	အထက်လမ်းမကြီး၊ မရမ်းကုန်း ရပ်ကွက်၊ မော်လမြိုင်မြို့ 16°28′41″N, 97°37′30″E	၁၈၈၇ ခုနှစ်	ကိုလိုနီခေတ် ဗိသုကာလက်ရာ အတိုင်း ကျန်ရှိပါသည်။
၁၈	မွန်ပြည်နယ်	မော်လမြိုင်မြို့နယ်	ပထမနှစ်ခြင်း ဘုရားကျောင်း (ခရစ်ယာန်ဘုရား ရှိခိုးကျောင်း)	အထက်လမ်းမကြီးနှင့် ထားဝယ်တံတားလမ်းထောင့် မရမ်းကုန်းရပ်ကွက် မော်လမြိုင်မြို့ 16°28′47.93″N, 97°37′24.68″E	၁၉၂၄ ခုနှစ်	ကိုလိုနီခေတ် ဗိသုကာလက်ရာ အတိုင်း ကျန်ရှိပါသည်။
၁၉	မွန်ပြည်နယ်	မော်လမြိုင်မြို့နယ်	စိန်ဩဂတ်စတင်း ဘုရားကျောင်း (ခရစ်ယာန်ဘုရား ရှိခိုးကျောင်း)	ကျိုက္ခမီလမ်း၊ မောင်ငံ ရပ်ကွက်၊ မော်လမြိုင်မြို့ 16°27′29.30″N, 97°37′42.92″E	၁၈၈၁ ခုနှစ်	ကိုလိုနီခေတ် ဗိသုကာလက်ရာ အတိုင်း ကျန်ရှိပါသည်။
၂၀	မွန်ပြည်နယ်	မော်လမြိုင်မြို့နယ်	မွန်နှစ်ခြင်း ဘုရားကျောင်း (ခရစ်ယာန်ဘုရား ရှိခိုးကျောင်း)	တောင်ရိုးတန်းလမ်း မရမ်းကုန်းရပ်ကွက် မော်လမြိုင်မြို့ 16°28′48″N, 97°37′39″E	၁၉၂၅ ခုနှစ်	ကိုလိုနီခေတ် ဗိသုကာလက်ရာ အတိုင်း ကျန်ရှိပါသည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၆)

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မြောက်ဦးဌာနခွဲမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀– ၄,၀၀၀– ၃၉၄,၀၀၀) ဦးကြည်ခင် အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ သက်ပြည့်အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

ညွှန်ကြားရေးမှူး ဦးကြည်ခင် အား ခံစားခွင့်ရက်များ ကုန်ဆုံးပြီးနောက် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ(က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) သဘောတူညီချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အောက်ဖော်ပြပါ အမှုထမ်း (၆) ဦးတို့အား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

စဉ်	အမည်၊ မူလရာထူး၊ လစာနှုန်း၊ ဌာန	တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန
(က)	ဒေါ်ခိုင်သဇင်အောင်	
	ဦးစီးမှူး (အထွေထွေ)	ဦးစီးအရာရှိ (စီမံ)
	(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)	(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)
	စီမံ/ ဘဏ္ဍာဌာနခွဲ၊ နေပြည်တော်	စီမံ/ ဘဏ္ဍာဌာနခွဲ၊ နေပြည်တော်
(ခ)	ဒေါ်နှင်းစုမွန်မြင့်	
	အငယ်တန်းအင်ဂျင်နီယာ-၂	လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်)
	(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)	(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)
	ပြုပြင်ထိန်းသိမ်း၊ စစ်ဆေးမှတ်တမ်းနှင့်	ပြတိုက်ဌာနစု၊ ပုဂံဌာနခွဲ
	ဓာတုဗေဒဌာနခွဲ၊ နေပြည်တော်	
(ဂ)	ဒေါ်သန်းသန်းမြင့်	
	ဒု-ဦးစီးမှူး (ပြတိုက်)	ဦးစီးအရာရှိ (ပြတိုက်)
	(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)	(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)
	သုတေသန/ရည်ညွှန်းစာကြည့်တိုက်ဌာနစု	ပြတိုက်ပစ္စည်းစုဆောင်းပြသရေးဌာနစု
	အမျိုးသားပြတိုက် (ရန်ကုန်)	အမျိုးသားပြတိုက် (ရန်ကုန်)
(ဃ)	ဒေါ်ဝင်းဝင်းလှိုင်	
	ဒု-ဦးစီးမှူး (ပြတိုက်)	ဦးစီးအရာရှိ (ပြတိုက်)
	(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)	(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)
	ပြတိုက်ပစ္စည်းထိန်းသိမ်းရေးဌာနစု	ပြတိုက်ပစ္စည်းစုဆောင်းပြသရေးဌာနစု
	အမျိုးသားပြတိုက်(နေပြည်တော်)	အမျိုးသားပြတိုက်(နေပြည်တော်)
(င)	ဒေါ်ခင်မြဆု	
	ဒု-ဦးစီးမှူး (ပြတိုက်)	ဦးစီးအရာရှိ (ပြတိုက်)
	(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)	(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)
	ပြတိုက်ပစ္စည်းထိန်းသိမ်းရေးဌာနစု	ပြတိုက်ပစ္စည်းထိန်းသိမ်းရေးဌာနစု
	အမျိုးသားပြတိုက်(နေပြည်တော်)	အမျိုးသားပြတိုက်(နေပြည်တော်)
(စ)	ဒေါ်စောသိန်းနွယ်	
	ဒု-ဦးစီးမှူး (ပြတိုက်)	ဦးစီးအရာရှိ (ပြတိုက်)
	(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)	(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)
	ပြတိုက်နှင့် စာကြည့်တိုက်ဌာနစု	ပြတိုက်နှင့် စာကြည့်တိုက်ဌာနစု
	စစ်တွေဌာနခွဲ	စစ်တွေဌာနခွဲ

(ဝန်ကြီးရုံး)
အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၆)

၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၁ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) သဘောတူညီချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အောက်ဖော်ပြပါ အမှုထမ်း (၄) ဦးတို့အား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

စဉ်	အမည်၊ မူလရာထူး၊ လစာနှုန်း၊ ဌာန	တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန
(က)	ဦးအောင်ကိုလတ် ဓာတ်ပုံကျွမ်းကျင်(၂) (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) တူးဖော်၊ ရှေးပစ္စည်း၊ ကမ္ဘည်းကျောက်စာ ဌာနခွဲ၊ နေပြည်တော်	ဦးစီးအရာရှိ (သုတေသန) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) e-Government ဌာနစိတ် စီမံဘဏ္ဍာဌာနခွဲ၊ နေပြည်တော်
(ခ)	ဒေါ်ကြည်ကြည်နိုင် ဒု-ဦးစီးမှူး(သုတေသန) (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) တူးဖော်၊ ရှေးပစ္စည်း၊ ကမ္ဘည်းကျောက်စာ ဌာနခွဲ၊ နေပြည်တော်	ဦးစီးအရာရှိ (သုတေသန) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ကမ္ဘည်းဌာနစု၊ ပုဂံဌာနခွဲ
(ဂ)	ဦးနေလှိုင်မွန် ဒု-ဦးစီးမှူး(သုတေသန) (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ပုဂံဌာနခွဲ	ဦးစီးအရာရှိ (သုတေသန) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တူးဖော်ဌာနစု၊ ပုဂံဌာနခွဲ
(ဃ)	ဒေါ်နီနီမြင့် ဒု-ဦးစီးမှူး(သုတေသန) (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မန္တလေးဌာနခွဲ	ဦးစီးအရာရှိ (သုတေသန) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အတုမရှိရွှေကျောင်းဌာနစု၊ မန္တလေးဌာနခွဲ

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင်ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၆) ၏ ခွင့်ပြုချက်အရ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဦးမိုးကျော်စွာ အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၆) သဘောတူညီချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ

အောက်ဖော်ပြပါ အမှုထမ်းများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

စဉ်	အမည်၊ မူလရာထူး၊ လစာနှုန်း၊ ဌာန	တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန
(က)	ဒေါ်မိုးမိုးဝင်း ဦးစီးမှူး(ကွန်ပျူတာ) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဇာတ်ရုံဌာနခွဲ အနုပညာဦးစီးဌာန	ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဇာတ်ရုံဌာနခွဲ အနုပညာဦးစီးဌာန
(ခ)	ဒေါ်ခင်သက်လွင် စာရင်းကိုင်(၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဇာတ်ရုံစီမံရေးဌာနစု၊ ဇာတ်ရုံဌာနခွဲ အနုပညာဦးစီးဌာန	ဦးစီးအရာရှိ (ဘဏ္ဍာ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဇာတ်ရုံစီမံရေးဌာနစု၊ ဇာတ်ရုံဌာနခွဲ အနုပညာဦးစီးဌာန
(ဂ)	ဒေါ်မာမာစိုး ငွေကိုင် (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) စီမံရေးရာဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)	ဦးစီးအရာရှိ (ဘဏ္ဍာ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စီမံရေးရာဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)
(ဃ)	ဒေါ်စုစုနွယ် ဦးစီးမှူး (ဝန်ထမ်း) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) စီမံရေးရာဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)	ဦးစီးအရာရှိ (စီမံ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စီမံရေးရာဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)
(င)	ဒေါ်ဟေမာန်စိုး နည်းပြ (က/မ) (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အနုပညာအထက်တန်းကျောင်း (မန္တလေး) လေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲ အနုပညာဦးစီးဌာန	ကျောင်းအုပ် (ပန်တျာ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အနုပညာအထက်တန်းကျောင်း (မန္တလေး) လေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲ အနုပညာဦးစီးဌာန
(စ)	ဒေါ်ပိုပိုချစ် နည်းပြ (စာပေ) (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) စာပေပညာဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)	လက်ထောက်ကထိက (စာပေ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စာပေပညာဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)
(ဆ)	ဒေါ်ခင်မျိုးနှင်း နည်းပြ (ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှု) (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)	လက်ထောက်ကထိက (ယဉ်ကျေးမှု အမွေအနှစ်စီမံခန့်ခွဲမှု) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)

တင်ဦးလွင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ပြည်ထောင်စုဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၂/ ၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

သက်ပြည့်ပင်စင် ခံစားခွင့်ပြုခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) ဒေါက်တာ လေးလေးခိုင် အား ၁–၃–၂၀၂၆ ရက်နေ့မှ ၂၉–၆–၂၀၂၆ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၂) နှစ်ပြည့်မည့် ၃၀–၆–၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၆ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

(ပြည်ထောင်စုဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

ကြိုတင်ပြင်ဆင်ခွင့် (၄)လ ငြင်းပယ်ခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လစာနှုန်း (၅၅၀,၀၀၀/–) ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်–၂ အား ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှ ဇွန်လ ၇ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့မှ အောက်တိုဘာလ ၇ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

(ပြည်ထောင်စုဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃–ထ/၂) ၂၀၂၆ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့

လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုထားသော အောက်ဖော်ပြပါ အရာရှိ (၂) ဦးတို့အား ဌာနများသို့ စတင် သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယှဉ်တွဲဖော်ပြပါ ရာထူးဖြင့် ခန့်ထားလိုက်သည်-

စဉ်	အမည်၊ ရာထူး	ခန့်အပ်သည့် ရာထူး၊ လစာနှုန်း	ခန့်အပ်သည့် ဌာန
၁	ဗိုလ်မှူး ဟိန်းမျိုးဇင် ကြည်း ၄၁၁၁၆	လက်ထောက်ညွှန်ကြားရေးမှူး (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
၂	ဗိုလ်မှူး သန်းထွေး ကြည်း ၄၅၉၆၂	လက်ထောက်ညွှန်ကြားရေးမှူး (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)	ငါးလုပ်ငန်းဦးစီးဌာန

(ပြည်ထောင်စုဝန်ကြီးရုံး)
အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၆)
အစမ်းခန့်ထားခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိနှင့် အဆင့်တူ ရာထူးနေရာများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှတစ်ဆင့် ရွေးချယ်ပေးခဲ့သော အောက်ဖော်ပြပါပုဂ္ဂိုလ် (၄၁) ဦးတို့အား ကနဦးလစာ ၂၇၅,၀၀၀/- (ကျပ်နှစ်သိန်းခုနစ်သောင်း ငါးထောင်တိတိ)ဖြင့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့မှစ၍ ဦးစီးအရာရှိ (အစမ်းခန့်) အဖြစ် အစမ်းခန့်ထားလိုက်သည်-

(က) **ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (၃၀) ဦး**

စဉ်	အမည်	ခန့်ထားသည့် ရာထူး	မှတ်ချက်
(၁)	ဦးကောင်းသာ	ဦးစီးအရာရှိ (ရေအရင်းအမြစ်)	ပြင်ပ
(၂)	ဒေါ်နော်အေးမြခိုင်ကျော်ဝင်း	ဦးစီးအရာရှိ (ရေအရင်းအမြစ်)	ပြင်ပ
(၃)	ဦးရှိုင်းရန်အောင်	ဦးစီးအရာရှိ (ရေအရင်းအမြစ်)	ပြင်ပ
(၄)	ဒေါ်အိန္ဒာကျော်	ဦးစီးအရာရှိ (ရေအရင်းအမြစ်)	ပြင်ပ
(၅)	ဒေါ်ယဉ်မျိုးထွေး	ဦးစီးအရာရှိ (ရေအရင်းအမြစ်)	ဝန်ထမ်း
(၆)	ဒေါ်သီတာထွေး	ဦးစီးအရာရှိ (ရေအရင်းအမြစ်)	ပြင်ပ
(၇)	ဦးစိုင်းမြတ်ထွန်း	ဦးစီးအရာရှိ (ရေအရင်းအမြစ်)	ပြင်ပ
(၈)	ဦးကျော်မင်းသန့်	ဦးစီးအရာရှိ (စက်မှု/လယ်ယာ)	ပြင်ပ
(၉)	ဦးဥာဏ်လင်းအောင်	ဦးစီးအရာရှိ (စက်မှု/လယ်ယာ)	ပြင်ပ
(၁၀)	ဦးမင်းသိမ်းကျော်	ဦးစီးအရာရှိ (စက်မှု/လယ်ယာ)	ပြင်ပ
(၁၁)	ဦးအောင်မြတ်သူ	ဦးစီးအရာရှိ (စက်မှု/လယ်ယာ)	ဝန်ထမ်း
(၁၂)	ဦးဖြိုးသူကျော်	ဦးစီးအရာရှိ (စက်မှု/လယ်ယာ)	ပြင်ပ
(၁၃)	ဦးထွန်းလင်းထက်	ဦးစီးအရာရှိ (စက်မှု/လယ်ယာ)	ပြင်ပ

စဉ်	အမည်	ခန့်ထားသည့် ရာထူး	မှတ်ချက်
(၁၄)	ဦးရဲသူအောင်	ဦးစီးအရာရှိ (စက်မှု/လယ်ယာ)	ပြင်ပ
(၁၅)	ဦးစည်သူထက်	ဦးစီးအရာရှိ (စက်မှု/လယ်ယာ)	ပြင်ပ
(၁၆)	ဦးရှိန်းထက်အောင်	ဦးစီးအရာရှိ (စက်မှု/လယ်ယာ)	ဝန်ထမ်း
(၁၇)	ဦးပြည့်ဖြိုးကျော်	ဦးစီးအရာရှိ (စက်မှု/လယ်ယာ)	ဝန်ထမ်း
(၁၈)	ဦးနိုင်ဖြိုးအောင်	ဦးစီးအရာရှိ (စက်မှု/လယ်ယာ)	ဝန်ထမ်း
(၁၉)	ဦးဌေးနိုင်မင်း	ဦးစီးအရာရှိ (စက်မှု/လယ်ယာ)	ဝန်ထမ်း
(၂၀)	ဦးကုဋ္ဌေကျော်	ဦးစီးအရာရှိ (စက်မှု/လယ်ယာ)	ပြင်ပ
(၂၁)	ဦးကောင်းခန့်ဟိန်း	ဦးစီးအရာရှိ (စက်မှု/လယ်ယာ)	ပြင်ပ
(၂၂)	ဦးမျိုးမင်းအောင်	ဦးစီးအရာရှိ (စက်မှု/လယ်ယာ)	ဝန်ထမ်း
(၂၃)	ဦးအောင်ပိုင်ဖြိုး	ဦးစီးအရာရှိ (စက်မှု/လယ်ယာ)	ဝန်ထမ်း
(၂၄)	ဒေါ်ခင်ဦးသစ္စာ	ဦးစီးအရာရှိ (မွေး/ကု)	ပြင်ပ
(၂၅)	ဒေါ်ခင်သန္တာထူး	ဦးစီးအရာရှိ (မွေး/ကု)	ဝန်ထမ်း
(၂၆)	ဒေါ်ယမင်းမောင်မောင်မျိုး	ဦးစီးအရာရှိ (မွေး/ကု)	ဝန်ထမ်း
(၂၇)	ဒေါ်သက်ယဉ်ဝင်း	ဦးစီးအရာရှိ (ငါးလုပ်ငန်း)	ဝန်ထမ်း
(၂၈)	ဒေါ်အေးအေးခိုင်	ဦးစီးအရာရှိ (ငါးလုပ်ငန်း)	ဝန်ထမ်း
(၂၉)	ဒေါ်ငြိမ်းအိအိသင်း	ဦးစီးအရာရှိ (ငါးလုပ်ငန်း)	ဝန်ထမ်း
(၃၀)	ဦးရှိုင်းမင်းကို	ဦးစီးအရာရှိ (ငါးလုပ်ငန်း)	ဝန်ထမ်း

(ခ) စက်မှုလယ်ယာဦးစီးဌာန (၇) ဦး

စဉ်	အမည်	ခန့်ထားသည့် ရာထူး	မှတ်ချက်
(၁)	ဦးကောင်းထက်ဆွေ	ဦးစီးအရာရှိ (စက်မှု)	ပြင်ပ
(၂)	ဦးညီညီအောင်	ဦးစီးအရာရှိ (စက်မှု)	ပြင်ပ
(၃)	ဦးရှားထက်ဇော်	ဦးစီးအရာရှိ (စက်မှု)	ဝန်ထမ်း
(၄)	ဦးဇင်ကိုကိုဦး	ဦးစီးအရာရှိ (စက်မှု)	ဝန်ထမ်း
(၅)	ဦးဇင်မောင်သူ	ဦးစီးအရာရှိ (စက်မှု)	ဝန်ထမ်း
(၆)	ဦးဖြိုးနိုင်ထွန်း	ဦးစီးအရာရှိ (စက်မှု)	ပြင်ပ
(၇)	ဦးအောင်ဒီပါထွေး	ဦးစီးအရာရှိ (စက်မှု)	ဝန်ထမ်း

(ဂ) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (၄) ဦး

စဉ်	အမည်	ခန့်ထားသည့် ရာထူး	မှတ်ချက်
(၁)	ဒေါ်ခြူးခြူးနွယ်	လက်ထောက်မန်နေဂျာ	ဝန်ထမ်း
(၂)	ဒေါ်ယမင်းဖြိုး	လက်ထောက်မန်နေဂျာ	ဝန်ထမ်း
(၃)	ဦးဝင်းထက်နိုင်	လက်ထောက်မန်နေဂျာ	ဝန်ထမ်း
(၄)	ဒေါ်တွယ်တာအောင်	လက်ထောက်မန်နေဂျာ	ပြင်ပ

၂။ အထက်ပါ ဦးစီးအရာရှိ (အစမ်းခန့်) ပုဂ္ဂိုလ်များအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးနိုင်ရန်နှင့် သက်ဆိုင်ရာဌာနများအနေဖြင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တွင် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့အထိ ဖွင့်လှစ်မည့် အရာထမ်းလောင်း (အထူး) သင်တန်းအမှတ်စဉ် (၁၆) သို့ တက်ရောက်နိုင်ရေး အချိန်မီစေလွှတ် ဆောင်ရွက်သွားရန် ဖြည့်စွက်ဖော်ပြအပ်ပါသည်။

(ပြည်ထောင်စုဝန်ကြီးရုံး)
အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၆)
နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

သက်ပြည့်ပင်စင် ခံစားခွင့်ပြုခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးမင်းခိုင် အား ဖ-၃-၂၀၂၆ ရက်နေ့မှ ၅-၇-၂၀၂၆ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၂) နှစ်ပြည့်မည့် ဖ-၇-၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

(ပြည်ထောင်စုဝန်ကြီးရုံး)
အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၂၆)
နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
(၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၂ ရက်)

သက်ပြည့်အငြိမ်းစားယူခွင့်ပြုခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဒေါက်တာ တင်အေးအေးနိုင် အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ ဇွန်လ ၉ ရက်နေ့အထိ ခံစားခွင့်ပြုပြီး အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

(ပြည်ထောင်စုဝန်ကြီးရုံး)
အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၂၆)
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်
(၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၃ ရက်)

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃/ ၂၀၂၆ အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန္တာကြည် အား အစမ်းခန့် ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပြည်ထောင်စုဝန်ကြီးရုံး)
အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၆)
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
(၂၀၂၆ ခုနှစ်၊ ဧနှစ်ဝါရီလ ၂၆ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကောင်းမွန်သော စီမံမှု လုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice–GRP) အကောင်အထည်ဖော်ရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကောင်းမွန်သော စီမံမှု လုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice–GRP) အကောင်အထည်ဖော်ရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ (Technical Working Group–TWG)" ကို** အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ဦးလှထွန်း — အဖွဲ့ခေါင်းဆောင်
ဒုတိယအမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး

(ခ) ဦးမင်းရွှေဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန

(ဂ) ဒေါ်ယုယုလှိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)

(ဃ) ဦးသန်းဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ကြေးတိုင်၊ စီမံကိန်းနှင့် သုတေသနဌာနခွဲ
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန

(င) ဦးစိန်လှမြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စီမံခန့်ခွဲရေးဌာနခွဲ
စက်မှုလယ်ယာဦးစီးဌာန

(စ) ဒေါက်တာ ပေါင်ရှင့်ကမ်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စီမံခန့်ခွဲရေး၊ ငွေစာရင်း၊ စီမံကိန်းနှင့် လူ့စွမ်းအား
အရင်းအမြစ် စီမံခန့်ခွဲရေးဌာနခွဲ
စိုက်ပျိုးရေးသုတေသနဦးစီးဌာန

(ဆ) ဒေါက်တာ ကျော်သူ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စီမံရေးရာဌာနခွဲ
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

(ဇ) ဦးညွန့်ခင်　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စီမံရေးရာနှင့် ဘဏ္ဍာရေးဌာနခွဲ
ငါးလုပ်ငန်းဦးစီးဌာန

(စျ) ဦးမင်းခိုင်　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စီမံကိန်း၊ စာရင်းအင်းနှင့် လေ့ကျင့်ပညာပေးရေးဌာနခွဲ
မွေးမြူရေးသုတေသနဦးစီးဌာန

(ည) ဒေါက်တာ အောင်ဝင်း　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(ACARE)
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

(ဋ) ဒေါက်တာ ရီရီသင်း　အဖွဲ့ဝင်
ဌာနမှူး(စီမံ)၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

(ဌ) ဒေါက်တာ ခိုင်ဇာဝေ　အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
အာဆီယံဌာနခွဲ၊ စီမံကိန်းဦးစီးဌာန

၂။ လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခု လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဌာနအကြီးအကဲမှ ဆုံးဖြတ်ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များအတွက် အချိန်နှင့်တစ်ပြေးညီ ပြုစုတင်ပြဆောင်ရွက်ကြရန်၊

(ခ) အစည်းအဝေးတွင် ဆွေးနွေးချက်များ၊ ဆက်လက်အကောင်အထည်ဖော်ရမည့် ကိစ္စများကို အချိန်နှင့်တစ်ပြေးညီ ပြုစုတင်ပြ၍ အကောင်အထည်ဖော်ဆောင်နိုင်ရေး ဆောင်ရွက်ရန်၊

(ဂ) ကောင်းမွန်သော စီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေးနှင့်စပ်လျဉ်း၍ အပြည့်အဝအကောင်အထည်ဖော်နိုင်ရေး မိမိတို့ဌာနမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်နိုင်ရေး သက်ဆိုင်ရာဌာနခွဲများနှင့်ပူးပေါင်း၍ သုံးသပ်ချက်အစီရင်ခံစာအား ပုံမှန်တင်ပြနိုင်ရေး ဆောင်ရွက်ကြရန်၊

(ဃ) ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအား ခေတ်စနစ်နှင့်လျော်ညီပြီး အာဆီယံ/ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်တင်ပြကြရန်၊

(င) ထုတ်ပြန်ပြီးသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအား Public သို့ဖြန့်ဝေထားမှု ရှိ မရှိနှင့် မရှိပါက အဆင့်ဆင့်တင်ပြ ဖြန့်ဝေနိုင်ရေး ဆောင်ရွက်ကြရန်၊

(စ) အသစ်ထုတ်ပြန်မည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအား ရည်ရွယ်ချက်အတိုင်း အောင်မြင်ပြီးမြောက်မှု ရှိ မရှိ လေ့လာဆန်းစစ်တင်ပြကြရန်၊

(ဆ) လုပ်ငန်းအဖွဲ့ခေါင်းဆောင်များအနေဖြင့် မိမိတို့ဝန်ကြီးဌာန/ ဦးစီးဌာနများအတွင်း GRP ဆိုင်ရာ လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားရန်။

၃။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၀၄/၂၀၂၄ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပြည်ထောင်စုဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၃ ရက်)

သက်ပြည့်ပင်စင် ခံစားခွင့်ပြုခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးချုပ်၊ မျိုးစေ့ဌာနခွဲမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးစိုးနိုင် အား ၉-၃-၂၀၂၆ ရက်နေ့မှ ၈-၇-၂၀၂၆ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ကို ခံစားခွင့်ပြုပြီး အသက် (၆၂) နှစ်ပြည့်မည့် ၉-၇-၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

(ပြည်ထောင်စုဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၆)

သက်ပြည့်ပင်စင် ခံစားခွင့်ပြုခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးစိုင်းသန်းအောင် အား ၆-၅-၂၀၂၆ ရက်နေ့မှ ၅-၉-၂၀၂၆ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၂) နှစ်ပြည့်မည့် ၆-၉-၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

(ပြည်ထောင်စုဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၆)

သက်ပြည့်အငြိမ်းစား ယူခွင့်ပြုခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ခင် အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှ ဇူလိုင်လ ၁၃ ရက်နေ့အထိခံစားခွင့်ပြုပြီး အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃(က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

(ပြည်ထောင်စုဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၄၀/ ၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

(၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၇ ရက်)

သက်ပြည့်ပင်စင် ခံစားခွင့်ပြုခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ချင်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်ဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးအောင်သန်းဦး အား

၃၁-၃-၂၀၂၆ ရက်နေ့မှ ၃၀-၇-၂၀၂၆ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၂) နှစ်ပြည့်မည့် ၃၁-၇-၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က)အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

(ပြည်ထောင်စုဝန်ကြီးရုံး)
အမိန့်ကြော်ငြာစာအမှတ် (၄၂/ ၂၀၂၆)
နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
(၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၈ ရက်)

သက်ပြည့်ပင်စင် ခံစားခွင့်ပြုခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာ မြင့်စိုးအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၄/ ၂၀၂၁) အစည်းအဝေးဆုံးဖြတ်ချက်အရ ဇွန်လ ၂၂ ရက်နေ့မှစ၍ သက်ပြည့်ပင်စင် ခံစားခွင့်အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၁ အရ ရပ်ဆိုင်းခဲ့ပါသည်။

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်စွဲပါ အမိန့်အမှတ် ၁၂/၂၀၂၅ အရ တရားခံ ဒေါက်တာ မြင့်စိုး အပေါ် ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က/ကျင့် ၅၁၂ အရ စွဲဆိုထားသောအမှုအား မုံရွာမြို့နယ်တရားရုံးမှ အမှုပိတ်သိမ်းပြီးဖြစ်ပါသဖြင့် ညွှန်ကြားရေးမှူး ဒေါက်တာ မြင့်စိုးအား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့မှစ၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

(ပြည်ထောင်စုဝန်ကြီးရုံး)
အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၂၆)
နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၉ ရက်)

ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခြင်း

၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ (၄) ဦးတို့အား ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

စဉ်	အမည်၊ ရာထူး	လက်ရှိတာဝန်၊ ဌာန	တိုးမြှင့်ရာထူး၊ ဌာန
၁။	ဒေါက်တာ ထက်ဝေဝေကျော် တွဲဖက်ပါမောက္ခ	အပင်ရောဂါဗေဒ ဌာန	ပါမောက္ခ အပင်ရောဂါဗေဒဌာန

စဉ်	အမည်၊ ရာထူး	လက်ရှိတာဝန်၊ ဌာန	တိုးမြှင့်ရာထူး၊ ဌာန
၂။	ဒေါက်တာ ယင်းမာစိုး တွဲဖက်ပါမောက္ခ	မြေဆီလွှာနှင့် ရေသိပ္ပံပညာဌာန	ပါမောက္ခ မြေဆီလွှာနှင့် ရေသိပ္ပံပညာဌာန
၃။	ဒေါက်တာ စိုးပိုင်ဦး တွဲဖက်ပါမောက္ခ	စိုက်ပျိုးရေး အင်ဂျင်နီယာဌာန	ပါမောက္ခ စိုက်ပျိုးရေးအင်ဂျင်နီယာဌာန
၄။	ဒေါက်တာ ထက်အောင်ထွဋ် တွဲဖက်ပါမောက္ခ	စိုက်ပျိုးဧဝနည်းပညာဌာန	ပါမောက္ခ စိုက်ပျိုးဧဝနည်းပညာဌာန

(ပြည်ထောင်စုဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၃၀ ရက်)

ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခြင်း

၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက် အရ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)၊ နေပြည်တော်၊ စက်မှုဌာနခွဲ၊ အင်ဂျင်နီယာချုပ်(စက်မှု)ရုံးမှ ဒုတိယညွှန်ကြားရေးမှူး(စက်မှု) ဦးမြင့်ကျော် အား ညွှန်ကြားရေးမှူး (စက်မှု)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်ပြီး မကွေးမြို့၊ စက်မှုတိုင်း-၃၊ ညွှန်ကြားရေးမှူးရုံးသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့် နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

(ပြည်ထောင်စုဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၉-၁၂-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၉/၁-၄/(၁၈၉၀) (စမဆ)ဖြင့် ညှိနှိုင်းတင်ပြချက်အပေါ် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၇-၇-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၁/၂-၃/(၁၁၅၇)/၂၀၂၂ ပါ အတည်ပြုချက်နှင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ ၁၉-၁-၂၀၂၆ ရက်စွဲပါ စာအမှတ်၊

၇၀၄/မပ(မြေတိုင်း)-ဖ(၂၀၂၆) ဖြင့် စိစစ်တင်ပြချက်တို့အရ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ နံကပ်ကျွန်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၄၈/၂၆၁၁)၊ ကံရှည်ကွင်း၊ ဦးပိုင်အမှတ်(၁)၊ ယာမြေဧရိယာ ၃.၁၇ ဧကနှင့် ဦးပိုင်အမှတ်(၂/၁)၊ ယာမြေဧရိယာ ၁.၃၅ ဧကာ **စုစုပေါင်း ၄.၅၂ ဧကာ** နှင့် ထုံးပေါက်တောကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၆၃၈)၊ အလည်ချောင်းကွင်း၊ ဦးပိုင်အမှတ် (၁၄၉/၂)၊ ယာမြေဧရိယာ ၇.၀၇ ဧကာ **စုစုပေါင်း ယာမြေဧရိယာ ၁၁.၅၉ ဧကာ** တို့အား ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း မြေတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉ ခုနှစ် နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေအခန်း(၄)၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ **မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ **မကွေးမြို့နယ်မြေစာရင်းဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

(ပြည်ထောင်စုဝန်ကြီးရုံး)
အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၆)
နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၃၁ ရက်)

ရာထူးတိုးမြှင့်ခြင်း

၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) ရုံးချုပ်၊ ဖြည့်တင်းရေးဌာနခွဲ -၂ မှ ဒုတိယညွှန်ကြားရေးမှူး (စက်မှု) ဦးမျိုးမြင့်ခိုင် အား ရုံးချုပ်၊ ဖြည့်တင်းရေးဌာနခွဲ -၂ ၏ ညွှန်ကြားရေးမှူး (စက်မှု)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

(ပြည်ထောင်စုဝန်ကြီးရုံး)
အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၆)

ဒေသပြောင်းရွှေ့ တာဝန်ပေးအပ်ခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၂၆ အရ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန် ကို ဟိုတယ်နှင့် ခရီးသွား

ညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပြည်ထောင်စုဝန်ကြီးရုံး)
အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၆)
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
(၂၀၂၆ ခုနှစ်၊ ဧနနဝါရီလ ၃၀ ရက်)

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU)
ပြန်လည်ဖွဲ့စည်းခြင်း

၁။ အဂတိဖြစ်စေနိုင်သည့်နေရာများကိုစိစစ်ဖော်ထုတ်ခြင်းနှင့် ဆက်လက်မဖြစ်အောင် တားဆီးကာကွယ်ခြင်း၊ အဂတိလိုက်စားမှုဖြစ်ပေါ်လာသည့် ပြဿနာများကို ဖြေရှင်းခြင်းတို့ဆောင်ရွက်ရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး (Corruption Prevention Unit–CPU) အဖွဲ့အား အောက်ပါအတိုင်း ပြန်လည်ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

စဉ်	အမည်၊ ရာထူး၊ ဌာန	တာဝန်
(က)	ဦးမောင်မောင်ကျော် အမြဲတမ်းအတွင်းဝန် ပြည်ထောင်စုဝန်ကြီးရုံး	ဥက္ကဋ္ဌ
(ခ)	ဦးအောင်အေးဟန် ညွှန်ကြားရေးမှူးချုပ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန	ဒုတိယဥက္ကဋ္ဌ
(ဂ)	ဦးမြင့်ထွေး ဒုတိယညွှန်ကြားရေးမှူးချုပ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန	အဖွဲ့ဝင်
(ဃ)	ဦးခင်မောင်စိုး လက်ထောက်အတွင်းဝန် ပြည်ထောင်စုဝန်ကြီးရုံး	အဖွဲ့ဝင်
(င)	ဦးညီညီလွင် ညွှန်ကြားရေးမှူး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန	အဖွဲ့ဝင်
(စ)	ဦးရန်နိုင်ဝင်း ဒုတိယညွှန်ကြားရေးမှူး ပြည်ထောင်စုဝန်ကြီးရုံး	အဖွဲ့ဝင်
(ဆ)	ဒေါ်ခင်မျိုးသွင် ဒုတိယညွှန်ကြားရေးမှူး ပြည်ထောင်စုဝန်ကြီးရုံး	အဖွဲ့ဝင်

(ဇ)	ဒေါ်ခင်မျိုးနိုင်	အဖွဲ့ဝင်
	ဒုတိယညွှန်ကြားရေးမှူး	
	ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန	
(စျ)	ဦးတင်မျိုးအောင်	အဖွဲ့ဝင်
	ဒုတိယညွှန်ကြားရေးမှူး	
	ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန	
(ည)	ဦးကျော်မိုးနိုင်	အဖွဲ့ဝင်
	ဒုတိယညွှန်ကြားရေးမှူး	
	ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန	
(ဋ)	ဦးသူရိန်စိုး	အဖွဲ့ဝင်
	လက်ထောက်ညွှန်ကြားရေးမှူး	
	ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန	
(ဌ)	ဦးမျိုးဝင်းညွှန့်	အတွင်းရေးမှူး
	ဒုတိယအမြဲတမ်းအတွင်းဝန်	
	ပြည်ထောင်စုဝန်ကြီးရုံး	
(ဍ)	ဒေါ်မျိုးမျိုးသန်း	တွဲဖက်အတွင်းရေးမှူး
	လက်ထောက်အတွင်းဝန်	
	ပြည်ထောင်စုဝန်ကြီးရုံး	

၂။ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဌာနအလိုက် လာဘ်ပေးလာဘ်ယူမှုများနှင့် သက်ဆိုင်သော အဂတိလိုက်စားမှုပြဿနာများ ဖော်ထုတ်ရန်၊

(၁) တိုင်ကြားမှုယန္တရားထူထောင်ခြင်း

(၂) စောင့်ကြပ်စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း

(၃) စစ်တမ်းကောက်ယူခြင်း

(ခ) တွေ့ရှိလာသော ပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေအရ စုံစမ်းစစ်ဆေးခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ လွှဲပြောင်းပေးခြင်းတို့ကို ဆောင်ရွက်ရန်၊

(ဂ) အဂတိလိုက်စားမှု ဆက်လက်မဖြစ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားနိုင်ရန်အတွက် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်းနှင့် စစ်တမ်းတွေ့ရှိချက် ဆန်းစစ်လေ့လာချက် အပေါ်မူတည်၍ တားဆီးကာကွယ်ရေးစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်။

၃။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၄ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ (၄/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ နိုင်ငံတကာနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ခိုင်မိမိထွန်း အား အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) သို့ တွဲဖက်ထားသည့် အရန်အင်အားစာရင်းမှ ကြည်း ၄၁၇၀၃ ဗိုလ်မှူး နိုင်လင်းထွန်း အား ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) နေရာ၌ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

Jeng Phang နော်တောင်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဆောက်လုပ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

(၂၀၂၆ ခုနှစ်၊ ဧနှစ်ဝါရီလ ၂၁ ရက်)

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်အတွင်းရှိ ပဲခူးမြို့ရှောင်လမ်းနှင့် ရန်ကုန်-မန္တလေးအမြန်လမ်းတို့အား ဆက်သွယ်သည့် လမ်း ၈ မိုင် ၁ ဖာလုံအား ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော တိုင်းဒေသကြီး/ပြည်နယ်များ ဆက်သွယ်သည့်လမ်းအဖြစ် အောက်ပါအတိုင်း သတ်မှတ်ကြေညာလိုက်သည်-

(က) လမ်းမကြီးအမည် - ပဲခူးမြို့ရှောင်လမ်းနှင့် ရန်ကုန်-မန္တလေးအမြန်လမ်းတို့အား ဆက်သွယ်သည့်လမ်း

(ခ) လမ်းမကြီးအရှည် – ၈ မိုင် ၁ ဖာလုံ သို့မဟုတ် ၁၃.၀၀၀ ကီလိုမီတာ

(ဂ) လမ်းစတင်သည့်နေရာ – ရန်ကုန်–တောင်ငူ–မန္တလေးလမ်း (ပဲခူးမြို့ရှောင်လမ်းအပိုင်း) ၏ မိုင်တိုင်အမှတ် (၃၃/၆–၃၃/၇)၊ မဲခုန်ကျေးရွာအနီး၊ ပဲခူးမြို့

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ – ရန်ကုန်–မန္တလေးအမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၃၂/၆–၃၂/၇)၊ လသာကုန်း (Underpass) လသာကုန်းကျေးရွာအနီး၊ ပဲခူးမြို့

(င) လမ်းအဆင့်အတန်း – တိုင်းဒေသကြီး/ ပြည်နယ်များ ဆက်သွယ်သည့်လမ်း

(စ) လမ်းနယ်နိမိတ် – ၁၅၀ ပေ

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းမိုင်အရှည် စုစုပေါင်းကို ၂၃၉၃ မိုင် ၄ ဖာလုံ ၃၁၆ ပေ သို့မဟုတ် ၃၈၅၁.၉၈၄ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၆)

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်အတွင်းရှိ ပဲခူးမြို့အရှေ့ဘက်မြို့ရှောင်လမ်း ၁၀ မိုင် ၆ ဖာလုံအား ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) နှင့် (စ) တို့အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော တိုင်းဒေသကြီး/ ပြည်နယ်များ ဆက်သွယ်သည့်လမ်းအဖြစ် အောက်ပါအတိုင်း သတ်မှတ်ကြေညာလိုက်သည်–

(က) လမ်းမကြီးအမည် – ပဲခူးမြို့အရှေ့ဘက်မြို့ရှောင်လမ်း

(ခ) လမ်းမကြီးအရှည် – ၁၀ မိုင် ၆ ဖာလုံ သို့မဟုတ် ၁၇.၃၀၀ ကီလိုမီတာ

(ဂ) လမ်းစတင်သည့်နေရာ – ပဲခူးမြို့တွင်းလမ်း၏ မိုင်တိုင်အမှတ် (၂/၆)၊ ပြင်စည်လမ်းဆုံ၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၇)၊ ပဲခူးမြို့

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ – ပဲခူးမြို့တွင်းလမ်း၏ မိုင်တိုင်အမှတ် (၉/၃)၊ ကလိကျေးရွာအနီး၊ ပဲခူးမြို့

(င) လမ်းအဆင့်အတန်း – တိုင်းဒေသကြီး/ ပြည်နယ်များ ဆက်သွယ်သည့်လမ်း

(စ) လမ်းနယ်နိမိတ် – ၁၅၀ ပေ

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းမိုင်အရှည် စုစုပေါင်းကို ၂၄၀၄ မိုင် ၂ ဖာလုံ ၃၁၆ ပေ သို့မဟုတ် ၃၈၆၉.၂၈၄ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၆)

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်အတွင်းရှိ ကဝမြို့ရှောင်လမ်း ၂ မိုင် ၄ ဖာလုံအား ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) နှင့် (စ) တို့အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင်

တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော ခရိုင်/မြို့နယ်များ ဆက်သွယ်သည့် လမ်းအဖြစ် အောက်ပါအတိုင်း သတ်မှတ် ကြေညာလိုက်သည်-

(က) လမ်းမကြီးအမည် - ကဝမြို့ရှောင်လမ်း

(ခ) လမ်းမကြီးအရှည် - ၂ မိုင် ၄ ဖာလုံ သို့မဟုတ် ၄.၀၂၃ ကီလိုမီတာ

(ဂ) လမ်းစတင်သည့်နေရာ - အင်းတကော်-ထုံးကြီး-ကဝ-အုန်းနဲ့လမ်း၏ မိုင်တိုင်အမှတ် (၇/၄)၊ ထုံးကြီးကျေးရွာအနီး၊ ပဲခူးမြို့

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - အင်းတကော်-ထုံးကြီး-ကဝ-အုန်းနဲ့လမ်း၏ မိုင်တိုင်အမှတ် (၁၀/၅)၊ ကဝမြို့အထွက်

(င) လမ်းအဆင့်အတန်း - ခရိုင်/မြို့နယ်များ ဆက်သွယ်သည့်လမ်း

(စ) လမ်းနယ်နိမိတ် - ၁၅၀ ပေ

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပဲခူးတိုင်း ဒေသကြီးအတွင်းရှိ လမ်းမိုင်အရှည် စုစုပေါင်းကို ၂၄၀၆ မိုင် ၆ ဖာလုံ ၃၁၆ ပေ သို့မဟုတ် ၃၈၇၃.၃၀၇ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၆)

၁။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်အတွင်းရှိ ပဲန္နယ်ကုန်းမြို့ရှောင်လမ်း ၁ မိုင် ၂ ဖာလုံ ၁၉၈ ပေ အား ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) နှင့် (စ) တို့အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော အထူးသတ်မှတ်လမ်းအဖြစ် အောက်ပါအတိုင်း သတ်မှတ် ကြေညာလိုက်သည်-

(က) လမ်းမကြီးအမည် - ပဲန္နယ်ကုန်းမြို့ရှောင်လမ်း

(ခ) လမ်းမကြီးအရှည် - ၁ မိုင် ၂ ဖာလုံ ၁၉၈ ပေ သို့မဟုတ် ၂.၀၇၂ ကီလိုမီတာ

(ဂ) လမ်းစတင်သည့်နေရာ - ရန်ကုန်-တောင်ငူ-မန္တလေးလမ်း၏ မိုင်တိုင်အမှတ် (၁၀၅/၇)၊ ပဲန္နယ်ကုန်းမြို့အဝင်

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - ရန်ကုန်-တောင်ငူ-မန္တလေးလမ်း၏ မိုင်တိုင်အမှတ် (၁၀၇/၃)၊ ပဲန္နယ်ကုန်းမြို့အထွက်

(င) လမ်းအဆင့်အတန်း - အထူးသတ်မှတ်လမ်း

(စ) လမ်းနယ်နိမိတ် - ၃၀၀ ပေ

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပဲခူးတိုင်း ဒေသကြီးအတွင်းရှိ လမ်းမိုင်အရှည် စုစုပေါင်းကို ၂၄၀၈ မိုင် ၀ ဖာလုံ ၅၁၄ ပေ သို့မဟုတ် ၃၈၇၅.၃၇၉ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၆)

၁။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်အတွင်းရှိ ညောင်လေးပင်-ပြွန်တန်ဆာမြို့ရှောင်လမ်း ၈ မိုင် ၄ ဖာလုံအား ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (c)နှင့် (စ) တို့အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော နိုင်ငံတကာဆက်သွယ်ရေး **လမ်းမကြီး** အဖြစ် အောက်ပါအတိုင်း သတ်မှတ်ကြေညာလိုက်သည်-

(က) လမ်းမကြီးအမည် - ညောင်လေးပင်-ပြွန်တန်ဆာမြို့ရှောင်လမ်း

(ခ) လမ်းမကြီးအရှည် - ၈ မိုင် ၄ ဖာလုံ သို့မဟုတ် ၁၃.၆၇၀ ကီလိုမီတာ

(ဂ) လမ်းစတင်သည့်နေရာ - ရန်ကုန်-တောင်ငူ-မန္တလေးလမ်း၏ မိုင်တိုင်အမှတ် (၇၆/၀)၊ ပြွန်တန်ဆာတိုက်နယ်ဆေးရုံအနီး၊ ပြွန်တန်ဆာမြို့

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - ရန်ကုန်-တောင်ငူ-မန္တလေးလမ်း၏ မိုင်တိုင်အမှတ် (၈၅/၀)၊ ညောင်လေးပင်မြို့အထွက်

(c) လမ်းအဆင့်အတန်း - နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီး

(စ) လမ်းနယ်နိမိတ် - ၂၃၀ ပေ

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းမိုင်အရှည် စုစုပေါင်းကို ၂၄၁၆ မိုင် ၄ ဖာလုံ ၅၁၄ ပေ သို့မဟုတ် ၃၈၈၉.၀၄၉ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၆)

၁။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်အတွင်းရှိ တောင်ငူမြို့ရှောင်လမ်း ၈ မိုင် ၇ ဖာလုံအား ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (c)နှင့် (စ) တို့အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော နိုင်ငံတကာဆက်သွယ်ရေး **လမ်းမကြီး** အဖြစ် အောက်ပါအတိုင်း သတ်မှတ်ကြေညာလိုက်သည်-

(က) လမ်းမကြီးအမည် - တောင်ငူမြို့ရှောင်လမ်း

(ခ) လမ်းမကြီးအရှည် - ၈ မိုင် ၇ ဖာလုံ သို့မဟုတ် ၁၄.၂၈၃ ကီလိုမီတာ

(ဂ) လမ်းစတင်သည့်နေရာ - ရန်ကုန်-တောင်ငူ-မန္တလေးလမ်း၏ မိုင်တိုင်အမှတ် (၁၅၄/၃-၁၅၄/၄)၊ သောင်းတိုင်ကုန်းကျေးရွာအနီး၊ အုတ်တွင်းမြို့

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - ရန်ကုန်-တောင်ငူ-မန္တလေးလမ်း၏ မိုင်တိုင်အမှတ် (၁၆၄/၂-၁၆၄/၃)၊ နှစ်ဆောင်ပြိုင်ကျေးရွာအနီး၊ တောင်ငူမြို့

(c) လမ်းအဆင့်အတန်း - နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီး

(စ) လမ်းနယ်နိမိတ် - ၂၃၀ ပေ

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းမိုင်အရှည် စုစုပေါင်းကို ၂၄၂၅ မိုင် ၃ ဖာလုံ ၅၁၄ ပေ သို့မဟုတ် ၃၉၀၃.၃၃၂ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၆)

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်အတွင်းရှိ ကဝ-ရှမ်းကန်-သပြုလမ်း ၇ မိုင် ၃.၆၉ ဖာလုံ (Class-A လမ်းစာရင်းရှိ ၃ မိုင် ၇.၂၇ ဖာလုံ အပါ) နှင့် ၎င်းလမ်းနှင့် တစ်ဆက်တည်းရှိသော ပဲခူးမြစ်ကူးတံတား (ဒါးပိန်-သပြု) ၏ ကဝမြို့နယ်ဘက်ကမ်း ချဉ်းကပ်လမ်း (၁) မိုင်၊ စုစုပေါင်းလမ်းအရှည် ၈ မိုင် ၃.၆၉ ဖာလုံအား ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ငး)နှင့် (စ) တို့အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော မြို့နယ်/ ကျေးရွာများဆက်သွယ်သည့်လမ်းအဖြစ် အောက်ပါအတိုင်း သတ်မှတ်ကြေညာလိုက်သည်-

(က)	လမ်းမကြီးအမည်	- ကဝ-ရှမ်းကန်-သပြုလမ်း
(ခ)	လမ်းမကြီးအရှည်	- ၈ မိုင် ၃.၆၉ ဖာလုံ သို့မဟုတ် ၁၃.၆၁၆ ကီလိုမီတာ
(ဂ)	လမ်းစတင်သည့်နေရာ	- မင်းပိုင်းရပ်ကွက်၊ ခန်းမလမ်း (စည်ပင်သာယာပိုင်) အဆုံး၊ ကဝမြို့
(ဃ)	လမ်းဆုံးရောက်ရှိသည့်နေရာ	- ပဲခူးမြစ်ကူးတံတား (ဒါးပိန်-သပြု) ၏ သပြုဘက်လမ်းအထိ၊ သပြုကျေးရွာ၊ ကဝမြို့
(ငး)	လမ်းအဆင့်အတန်း	- မြို့နယ်/ ကျေးရွာများဆက်သွယ်သည့်လမ်း
(စ)	လမ်းနယ်နိမိတ်	- ၁၀၀ ပေ

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းမိုင်အရှည် စုစုပေါင်းကို ၂၄၃၀ မိုင် ၀ ဖာလုံ ၁၃၁ ပေ သို့မဟုတ် ၃၉၁၀.၆၅၇ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

(ပြည်ထောင်စုဝန်ကြီးရုံး)
အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၆)
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၃) မှ ကိုယ်ပိုင်အမှတ်၊ ဆ/၁၈၁၉ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်နိုင် သည် ၁၄-၆-၂၀၂၆ ရက်နေ့တွင် အသက် (၆၂) နှစ်ပြည့်မည်ဖြစ်ပါ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၁၄-၂-၂၀၂၆ ရက်နေ့မှ ၁၃-၆-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၁၄-၆-၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစားယူခွင့်ပြုလိုက်သည်။

(ပြည်ထောင်စုဝန်ကြီးရုံး)
အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၂၆)
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ချင်းပြည်နယ်၊ ညွှန်ကြားရေးမှူးရုံးမှ ကိုယ်ပိုင်အမှတ်၊ ဆ/၃၃၇၆ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်ထွန်း အား ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁

ရက်နေ့တွင်ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ညွှန်ကြားရေးမှူးရုံးတွင် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူးရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် တာဝန်ထမ်းဆောင်စေလိုက်သည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင်ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၆) ၏ သဘောတူခွင့်ပြုချက်အရ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အောက်ပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၃) ဦးတို့အား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေရာများရှိ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

စဉ်	အမည်	လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန	တိုးမြှင့်တာဝန်ထမ်းဆောင်မည့် ရာထူး၊ ဌာန
(၁)	ဦးသန်းနိုင်စိုး	ဒုတိယညွှန်ကြားရေးမှူး ရန်ကုန်အနောက်ပိုင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံ ခန့်ခွဲမှုဦးစီးမှူးရုံး၊ ရန်ကုန်မြို့ (ပြည်ထောင်စုဝန်ကြီးရုံး တွဲဖက်)	ညွှန်ကြားရေးမှူး ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးရုံး၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ် (ပြည်ထောင်စုဝန်ကြီးရုံး တွဲဖက်)
(၂)	ဒေါ်တိုးတိုးအောင်	ဒုတိယညွှန်ကြားရေးမှူး ဖြည့်တင်းရေးဌာနခွဲ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ရုံးချုပ် နေပြည်တော်	ညွှန်ကြားရေးမှူး ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးရုံး၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်
(၃)	ဦးနေဝင်း	ဒုတိယညွှန်ကြားရေးမှူး လင်းခေးခရိုင်ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးမှူးရုံး လင်းခေးမြို့၊ ရှမ်းပြည်နယ်	ညွှန်ကြားရေးမှူး ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးရုံး၊ ဟားခါးမြို့ ချင်းပြည်နယ်

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၆)၏ သဘောတူခွင့်ပြုချက်အရ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ လူကုန်ကူးဌာနခွဲမှ ဒေါ်ခိုင်စုလွင် ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ လူကုန်ကူးဌာနခွဲတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၂၆ အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ လစာနှုန်း (၅၅၀,၀၀၀) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မင်းသိဏ်း ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ဒေါက်တာ စိုးဝင်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

အမိန့်ကြော်ငြာစာအမှတ် (၀၇၄/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင်ကျင်းပသော ဤရုံး၊ အရည်အချင်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၂/၂၀၂၆ ဖြင့် အတည်ပြုချက်အရ စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မြတ်ဖြူပြာကြည် (၁၁၀၇၈) အား စီမံရေးရာဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာ ခင်နိုင်ဦး

ပြည်ထောင်စုစာရင်းစစ်ချုပ်

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရာထူးဝန်အဖွဲ့

အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၆)

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးလှအောင်ကြည် အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်စွဲပါ စာအမှတ်၊ ဧ၃/ ၁၃၄ - ကတ ၂ - ၁ / ပထဖ (၁/၂၀၂၆) ဖြင့် ကြိုတင်ခွင့်ပြုချက်အရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) ဒုတိယပါမောက္ခချုပ် (စီမံ)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဦးဝင်းနိုင်ထွန်း အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး) ရာထူးဖြင့် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆)၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရှိ ဖွဲ့စည်းပုံပါ ရာထူးအမျိုးအစားအလိုက် အနည်းဆုံးလိုအပ်သော ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း သတ်မှတ်ချက်များ (Q-Sheet) ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့မှစတင်၍ နောက်ဆက်တွဲပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်။

အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၂၆ အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှအောင် အား ဝန်ထမ်းရွှေးချယ်လှော့ကျင့်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

စိုးမင်းဦး

ဒုတိယ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အမိန့်အမှတ် (၁/ ၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်၏ မြို့ပြစီမံကိန်းနှင့် စည်ပင်သာယာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကော်မတီက မိမိ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် တာဝန်ပေးအပ်ထားသည့် အဖွဲ့၊ အဖွဲ့ဝင်နှင့် အရာထမ်း၊ အမှုထမ်းများ၏ တာဝန်ဝတ္တရားဆောင်ရွက်ခြင်းကို မည်သူမျှ ဟန့်တားနှောင့်ယှက်ခြင်း မပြုရန် တားမြစ်လိုက်သည်။

၂။ မည်သူမဆို အထက်ပါ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ပါက နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ထုတ်ပြန်လိုက်သည်။

အမိန့်ကြော်ငြာစာ (၁/၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

(၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီလ ၁၃ ရက်)

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ဆုံးဖြတ်ချက်အရ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ ဒေါက်တာ အောင်ခန့်စိန်၊ လက်ထောက်ဌာနမှူး (အစာအိမ်နှင့် အူလမ်းကြောင်းခွဲစိတ်အထူးကုဆရာဝန်ကြီး)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား ဖွဲ့စည်းပုံဥ္စ လစ်လပ်လျက်ရှိသော ဒုတိယဌာနမှူး (အထူးကုဆရာဝန်ကြီး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

အမိန့်ကြော်ငြာစာ (၃/၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

၉-၁-၂၀၂၆ ရက်နေ့တွင်ကျင်းပပြုလုပ်သော နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ခွင့်ပြုချက်အရ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ၃-၁၂-၂၀၂၄ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၂၄ဖြင့် တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနတွင် ဌာနစုမှူး (ဦးစီးအရာရှိ) (အစမ်းခန့်) (ကနဦးလစာ ၂၇၅,၀၀၀/-) ဖြင့် ခန့်ထားခဲ့သော ဒေါက်တာ ဇာခြည်မိုမို့လှိုင်အား နိုင်ငံဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်ခဲ့သည့် အရာထမ်းလောင်းအထူးသင်တန်းအမှတ်စဉ် (၁၃)၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်းပြီးဆုံးအောင်မြင်ခဲ့သဖြင့် ၁၈-၃-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ဌာနစုမှူး (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာ၌ အတည်ပြုခန့်ထားလိုက်သည်။

အမိန့်ကြော်ငြာစာ (၅/၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) ဆုံးဖြတ်ချက်အရ အောက်ပါဌာနများမှ ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀ - ၄,၀၀၀ - ၃၉၄,၀၀၀) (၂) ဦးတို့အား ဖွဲ့စည်းပုံ၌ လစ်လပ်လျက်ရှိသော ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ၎င်းတို့နှင့် ယှဉ်တွဲပါဌာနများတွင် တာဝန်ထမ်းဆောင်စေလိုက်သည်-

စဉ်	အမည်၊ မူလဌာန	ပြောင်းရွှေ့တာဝန်ပေးအပ်မည့် ဌာန
(က)	ဦးသိန်းဆန်း စစ်ဆေးရေးဌာန	အခွန်ဌာန
(ခ)	ဦးနေမျိုးအောင် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန	ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန

အမိန့်ကြော်ငြာစာ (၆/ ၂၀၂၆)

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) ဆုံးဖြတ်ချက်အရ အောက်ပါဌာနများနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတို့မှ လက်ထောက်ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၄)ဦးတို့အား ဖွဲ့စည်းပုံ၌ လစ်လပ်လျက်ရှိသော ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

စဉ်	အမည်	ဌာန
(က)	ဒေါ်ကြည်မူ	စီမံရေးရာဌာန
(ခ)	ဦးဝင်းနိုင်ဦး	ပျဉ်းမနားမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး
(ဂ)	ဒေါ်ဥမ္မာလွင်	စီမံရေးရာဌာန
(ဃ)	ဒေါ်ငယ်ငယ်ထွန်း	ဘတ်ဂျက်နှင့် ငွေစာရင်းဌာန

အမိန့်ကြော်ငြာစာ (၁၀/၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၁၄/၄၃၆-ပြောင်းရွှေ့/ပထဖ (၂၀၂၆) ခွင့်ပြုချက်ဖြင့် ဌာနပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုသော နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဦးမိုးကျော်စွာ အား တာဝန်ဝတ္တရားများ စတင်စွန့်လွှတ်သည့်ရက်နေ့မှစ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်အားမလျှော့ချပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လစာနှုန်းတူ ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးဖြင့် လွှဲပြောင်းတာဝန် ထမ်းဆောင်စေလိုက်သည်။

အမိန့်ကြော်ငြာစာ (၁၁/၂၀၂၆)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၁၀-၁-၂၀၂၆ ရက်စွဲပါ စာအမှတ် ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၆ အရ ကာကွယ်ရေးဝန်ကြီးဌာနမှ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုပြီးသော အောက်ပါတပ်မတော်အရာရှိ (၂) ဦးတို့အား ၂၅-၁-၂၀၂၆ ရက်နေ့ကျင်းပပြုလုပ်သည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) သဘောတူဆုံးဖြတ်ချက်အရ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် ၂၁-၁-၂၀၂၆ ရက်နေ့မှစ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီတွင် အင်အားတိုးယူပြီး ဌာနခွဲမှူး (လက်ထောက်ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)ရာထူးနေရာများ၌ ခန့်ထားလိုက်သည်-

စဉ်	ပြန်တမ်းဝင်အမှတ်	အဆင့်၊ အမည်
(၁)	ကြည်း ၄၁၄၇၂	ဗိုလ်မှူး ဟိန်းစည်သူ
(၂)	ကြည်း ၄၄၄၀၃	ဗိုလ်မှူး အောင်ကျော်သူ

အမိန့်ကြော်ငြာစာ (၁၂/၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၁၀-၁-၂၀၂၆ ရက်စွဲပါ စာအမှတ် ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၆ အရ ကာကွယ်ရေးဝန်ကြီးဌာနမှ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုပြီးသော အောက်ပါတပ်မတော်အရာရှိ (၂) ဦးတို့အား ၂၅-၁-၂၀၂၆ ရက်နေ့ကျင်းပပြုလုပ်သည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) သဘောတူဆုံးဖြတ်ချက်အရ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် ၂၁-၁-၂၀၂၆ ရက်နေ့မှစ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီတွင် အင်အားတိုးယူပြီး ဌာနစုမှူး (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများ၌ ခန့်ထားလိုက်သည်-

စဉ်	ပြန်တမ်းဝင်အမှတ်	အဆင့်၊ အမည်
(၁)	ကြည်း ၅၄၄၇၂	ဗိုလ်ကြီး စိုးသူရသန်း
(၂)	ကြည်း ၆၇၇၀၆	ဗိုလ်ကြီး သန်းထိုက်စိုး

အမိန့်ကြော်ငြာစာ (၁၃/၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့ကျင်းပပြုလုပ်သည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၆) ဆုံးဖြတ်ချက်အရ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ ဒေါက်တာ ဇာနည်လှိုင်၊ ဒုတိယဆေးရုံအုပ်ကြီး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အား ဖွဲ့စည်းပုံ၌ လစ်လပ်လျက်ရှိသော ဆေးရုံအုပ်ကြီး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

အမိန့်ကြော်ငြာစာ (၁၄/၂၀၂၆)

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့ကျင်းပပြုလုပ်သည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၆) ဆုံးဖြတ်ချက်အရ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ အောက်ပါ ဒုတိယဌာနမှူး (အထူးကုဆရာဝန်ကြီး) (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) (၃) ဦးတို့အား ဖွဲ့စည်းပုံ၌ လစ်လပ်လျက်ရှိသော ဌာနမှူး (အထူးကုဆရာဝန်ကြီး) (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

စဉ်	အမည်	ပညာအရည်အချင်း
(၁)	ဒေါက်တာ နိုင်နိုင်ဝင်း	M.B.B.S, M. Med .Sc (Obstetrics & Gynecology)
(၂)	ဒေါက်တာ ကျော်မင်းဦး	M.B.B.S, M. Med .Sc (Otorhinolaryngology, Head & Neck Surgery)
(၃)	ဒေါက်တာ မိုးဟိန်းမောင်	M.B.B.S, M. Med .Sc (Orthopedics)

အမိန့်ကြော်ငြာစာ (၁၅/၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်စွဲပါစာအမှတ် ၁၁၈ (၁)/၈/ကောင်စီရုံး ခွင့်ပြုချက်အရ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ညွှန်ကြားရေးမှူးချုပ် (တွဲဖက်အတွင်းရေးမှူး) ဦးဇော်မြင့်ဦး ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမိန့်ကြော်ငြာစာ (၁၆/ ၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) အား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်ပြီး ယခင်ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၂၅ ကို ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်–

စဉ်	အမည်	ရာထူး၊ ဌာန	တာဝန်
(က)	ဦးဇော်မြင့်ဦး	တွဲဖက်အတွင်းရေးမှူး	အဖွဲ့ခေါင်းဆောင်
(ခ)	ဦးစိုးဝင်း	ဌာနကြီးမှူး (စီမံ)	အဖွဲ့ဝင်
(ဂ)	ဦးအေးကိုကို	ဌာနကြီးမှူး (ကျန်းမာရေး)	အဖွဲ့ဝင်
(ဃ)	ဦးစိုးဟန်	ဌာနကြီးမှူး (ထုတ်လုပ်ရေး)	အဖွဲ့ဝင်
(င)	ဦးတင်အောင်ငွေ	ဌာနကြီးမှူး (အင်ဂျင်နီယာ)	အဖွဲ့ဝင်
(စ)	ဒေါ်ခင်မြတ်လေး	ဌာနကြီးမှူး (မြို့ပြ/မြေယာ)	အဖွဲ့ဝင်
(ဆ)	ဦးသိန်းဆန်း	ဌာနမှူး၊ စစ်ဆေးရေးဌာန	အတွင်းရေးမှူး
(ဇ)	ဒေါ်ကြည်မူ	ဒုတိယဌာနမှူး၊ စစ်ဆေးရေးဌာန	တွဲဖက်အတွင်းရေးမှူး

၂။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အဂတိလိုက်စားနိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆန်းစစ်လေ့လာခြင်း၊

(ခ) ဌာနအလိုက် လာဘ်ပေးလာဘ်ယူမှုနှင့်သက်ဆိုင်သော အဂတိလိုက်စားမှုပြဿနာများကို စိစစ်ဖော်ထုတ်ရန်၊

(ဂ) တွေ့ရှိလာသောပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်၊

(ဃ) အဂတိလိုက်စားမှုဖြစ်ပေါ်လာပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားရန်နှင့် ဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားရန်၊

(င) အဂတိလိုက်စားမှုမဖြစ်ပေါ်စေရေးအတွက် ကြိုတင်တားဆီးကာကွယ်နိုင်ရေး အသိပညာပေးဆောင်ရွက်ရန်၊

(စ) အဂတိလိုက်စားမှုဆိုင်ရာ တိုင်ကြားလာမှုများနှင့်ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေအား သတင်းထုတ်ပြန်ရန်၊

(ဆ) တိုင်ကြားစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

(ဇ) အဂတိလိုက်စားမှုပေါ်ပေါက်သည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်ရန်၊

(စျ) လိုအပ်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းဆောင်ရွက်ရန်၊

(ည) အဂတိလိုက်စားမှုပြုရန် အခွင့်သာစေသည့် စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်နိုင်ရေးအတွက် စိစစ်တင်ပြဆောင်ရွက်ရန်၊

(ဋ) အဂတိလိုက်စားသော ပြစ်မှုလုံးဝမကျူးလွန်မိစေရန် ဌာနများ၌ အဂတိလိုက်စားမှုပြဿနာပေါ်ပေါက်နိုင်သော အခြေအနေများကို ကြိုတင်စိစစ်ဖော်ထုတ်ရန်၊

(ဌ) အဖွဲ့၏ ဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ လိပ်မူပေးပို့ပြီး နေပြည်တော်ကောင်စီ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ မိတ္တူပေးပို့ဆောင်ရွက်ရန်၊

(ဍ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံချက် (Action Plan) များကို ရေးဆွဲအကောင်အထည်ဖော်ရန်၊

(ဎ) အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း (Corruption Risk Assessment) ကို ဆောင်ရွက်ရန်၊

(ဏ) အဖွဲ့၏ လုပ်ငန်းတာဝန်များကို အောက်ခြေအထိ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနအလိုက် အထောက်အကူပြုအဖွဲ့ငယ်များ ထပ်မံဖွဲ့စည်းပေးရန်၊

(တ) ကော်မတီမှ ဖွင့်လှစ်လျက်ရှိသောသင်တန်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးကို ဘာသာရပ် (၁) ခုအဖြစ် သင်တန်းချိန်ထည့်သွင်း၍ သင်ကြားပို့ချနိုင်ရေးဆောင်ရွက်ရန်၊

(ထ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းနှင့် သဘောသဘာဝချင်းတူညီသော အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(ဒ) အဖွဲ့၏ ဆောင်ရွက်ချက်များကို မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့သို့ လစဉ်အစီရင်ခံစာတင်ပြပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ အစီရင်ခံစာပေးပို့တင်ပြရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ မိတ္တူပေးရန်၊

(ဓ) မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့မှ တာဝန်ပေးအပ်သည့် အခြားတာဝန်များကိုဆောင်ရွက်ရန်။

အမိန့်ကြော်ငြာစာ (၁၇ /၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၁၉-၂-၂၀၂၆ ရက်စွဲပါ စာအမှတ်၊ ၉/၄၆၄-ရာထူးခန့်/ပထဖ (၂၀၂၆)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၄-၂-၂၀၂၆ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၆ တို့အရ ကာကွယ်ရေးဝန်ကြီးဌာနမှ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုပြီးသော အောက်ပါတပ်မတော်အရာရှိ (၂) ဦးတို့အား ၂၅-၂-၂၀၂၆ ရက်နေ့ကျင်းပပြုလုပ်သည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးအမှတ်စဉ် (၄/၂၀၂၆) သဘောတူဆုံးဖြတ်ချက်အရ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်

၁၉-၂-၂၀၂၆ ရက်နေ့မှစ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီတွင် အင်အားတိုးယူပြီး ၎င်းတို့နှင့် ယှဉ်တွဲပါဌာနများတွင် လက်ထောက်ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ရာထူးနေရာများ၌ ခန့်ထားလိုက်သည်-

စဉ်	ပြန်တမ်းဝင်အမှတ်	အဆင့်၊ အမည်	ဌာန
(၁)	ကြည်း ၃၈၃၄၀	ဒုတိယဗိုလ်မှူးကြီး ပြည့်ဖြိုးဟန်	စွေးများဌာန
(၂)	ကြည်း ၃၈၅၂၂	ဒုတိယဗိုလ်မှူးကြီး သိန်းထက်ဦး	စက်ရုံနှင့် မော်တော်ယာဉ်ဌာန

အမိန့်ကြော်ငြာစာ (၁၈/၂၀၂၆)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၁၉-၂-၂၀၂၆ ရက်စွဲပါ စာအမှတ်၊ ၉/၄၆၄-ရာထူးခန့်/ ပထဖ (၂၀၂၆) နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၄-၂-၂၀၂၆ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၆ တို့အရ ကာကွယ်ရေးဝန်ကြီးဌာနမှ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုပြီးသော အောက်ပါတပ်မတော်အရာရှိ (၂) ဦးတို့အား ၂၅-၂-၂၀၂၆ ရက်နေ့ကျင်းပပြုလုပ်သည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးအမှတ်စဉ် (၄/၂၀၂၆) သဘောတူဆုံးဖြတ်ချက်အရ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် ၁၉-၂-၂၀၂၆ ရက်နေ့မှစ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီတွင် အင်အားတိုးယူပြီး ၎င်းတို့နှင့် ယှဉ်တွဲပါဌာနများတွင် ဌာနခွဲမှူး (လက်ထောက်ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ရာထူးနေရာများ၌ ခန့်ထားလိုက်သည်-

စဉ်	ပြန်တမ်းဝင်အမှတ်	အဆင့်၊ အမည်	ဌာန
(၁)	ကြည်း ၄၀၂၉၃	ဗိုလ်မှူး ဝေမိုးအောင်	အခွန်ဌာန
(၂)	ကြည်း ၄၃၅၆၁	ဗိုလ်မှူး ပြည့်ဖြိုးဝေ	အင်ဂျင်နီယာဌာန (အဆောက်အအုံ)

အမိန့်ကြော်ငြာစာ (၁၉/ ၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ၉-၂-၂၀၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာနှင့် ၂၅-၂-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၆) ဆုံးဖြတ်ချက်တို့အရ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနမှ ရဲ ၂၉၀၂ ဒုတိယရဲမှူးကြီး ကြည်ကြည်လွင်အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့် ၁၁-၂-၂၀၂၆ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ကွပ်ကဲမှုအဖွဲ့ခွဲမှူး၊ အမှတ် (၄) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့ခွဲ [စည်ပင်သာယာရဲတပ်ဖွဲ့(နေပြည်တော်)တွဲ] သို့ တာဝန်ချထားလိုက်သည်။

အမိန့်ကြော်ငြာစာအမှတ် (၂၀/ ၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက်)

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်စွဲပါ စာအမှတ်၊ ၁ / ၁၆၅- (မြဝန်)/ပထဖ (၂၀၂၆) အမိန့်ကြော်ငြာစာ ၄၂/ ၂၀၂၆ အရ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ညွှန်ကြားရေးမှူးချုပ် (တွဲဖက်အတွင်းရေးမှူး) ဦးဇော်မြင့်ဦး အား တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် နေ့မှစ၍ အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၂။ အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် ဦးဇော်မြင့်ဦး သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီကွပ်ကဲမှုအောက်ရှိ ဌာနကြီးများ၏ တာဝန်များကိုပါ တာဝန်ခံဆောင်ရွက်ရသည့်အတွက် လစဉ်အုပ်ချုပ်မှုစရိတ် ၂၀၀,၀၀၀/- (ကျပ် နှစ်သိန်း တိတိ) ကို ခံစားခွင့်ပြုလိုက်သည်။

ညွှန်ကြားချက်အမှတ် (၁/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ ဧနီနဝါရီလ ၂၉ ရက်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သူများကို အရေးယူဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်သည့် ဌာနများအတွက် ဆုကြေးငွေအဖြစ်ပေးအပ်ချီးမြှင့်ရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ဆိုင်ရာလုပ်ငန်းများတွင် သုံးစွဲနိုင်ရန် နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤညွှန်ကြားချက်ကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သူများကို တပ်ရိုက်သည့် ဒဏ်ကြေးငွေများနှင့်စပ်လျဉ်း၍ ဆုကြေးငွေအဖြစ်ချီးမြှင့်ရာတွင် လိုက်နာဆောင်ရွက်ရမည့်ညွှန်ကြားချက်ဟု ခေါ်တွင်စေရမည်။

၂။ ဤညွှန်ကြားချက်တွင် ပါရှိသောစကားရပ်များသည် နေပြည်တော်ကောင်စီဥပဒေနှင့် နေပြည်တော်စည်ပင်သာယာရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာန** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီလက်အောက်ရှိ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနကို ဆိုသည်။

(ခ) **စီမံရေးရာဌာန(ဥပဒေဌာနခွဲ)** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီလက်အောက်ရှိ စီမံရေးရာဌာန(ဥပဒေဌာနခွဲ)ကို ဆိုသည်။

အခန်း (၂)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သူများကို တပ်ရိုက်သည့် ဒဏ်ကြေးငွေများကို စီမံခန့်ခွဲခြင်းနှင့် စာရင်းမှတ်တမ်းတင်ထားရှိခြင်း

၃။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီမှ ထုတ်ပြန်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ဖောက်ဖျက်သူများအား မြို့နယ်တရားရုံး(စည်ပင်သာယာ) ၌ တရားစွဲဆို၍ တပ်ရိုက်သည့်ဒဏ်ကြေးငွေများကို ကော်မတီ၏ ပင်မရန်ပုံငွေရငွေစာရင်း (002-01-051-00004228) အောက်ရှိ **စည်ပင်သာယာရေးဥပဒေအရ ဒဏ်ကြေးငွေများ** ငွေစာရင်းခေါင်းစဉ်တွင် ပေးသွင်းရမည်။

၄။ နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ တပ်ရိုက်သည့် ဒဏ်ကြေးငွေများကို စီမံရေးရာဌာန(ဥပဒေဌာနခွဲ)မှ ငွေသွင်းချလန်ဖြင့် တိုက်ဆိုင်စစ်ဆေးပြီး နေ့စဉ်စာရင်းမှတ်တမ်းရေးသွင်းခြင်း၊ ငွေစာရင်းပုံစံ (စည်ပင်–၁) နှင့် ငွေစာရင်းပုံစံ (စည်ပင် –၃)တို့တွင် စာရင်းရေးသွင်းထိန်းသိမ်းထားရှိရမည်။

အခန်း (၃)
သက်ဆိုင်ရာဌာနများသို့ ဆုကြေးငွေအဖြစ် ရာခိုင်နှုန်းသတ်မှတ်ပေးအပ်ခြင်း

၅။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သူများကို တပ်ရိုက်သည့်ဒဏ်ကြေးငွေများနှင့်စပ်လျဉ်း၍ အောက်ပါဌာန အသီးသီးသို့ ယှဉ်တွဲပါ ရာခိုင်နှုန်းများအတိုင်း ဆုကြေးငွေအဖြစ် ပေးအပ်ရမည်–

(က) နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တရားစွဲသည့်အမှုများ၏ ဒဏ်ကြေးငွေများ

စဉ်	ဌာနအမည်	ရာခိုင်နှုန်း
(၁)	နေပြည်တော်ကောင်စီ	၁၀ %
(၂)	နေပြည်တော်စည်ပင်သာယာရေးကော်မတီ	၅၅ %
(၃)	ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးတာဝန် ထမ်းဆောင်နေသော ဝန်ထမ်းများ	၂၅ %
(၄)	မြို့နယ်တရားရုံး (စည်ပင်သာယာ)	၅ %
(၅)	စီမံရေးရာဌာန(ဥပဒေဌာနခွဲ) ၄%နှင့် မြို့နယ်ဥပဒေရုံး(စည်ပင်သာယာ) ၁%	၅ %

(ခ) လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနမှ တရားစွဲသည့်အမှုများ၏ ဒဏ်ကြေးငွေများ

စဉ်	ဌာနအမည်	ရာခိုင်နှုန်း
(၁)	နေပြည်တော်စည်ပင်သာယာရေးကော်မတီ	၆၀ %
(၂)	လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာန	၂၀ %
(၃)	မြို့နယ်တရားရုံး (စည်ပင်သာယာ)	၁၀ %
(၄)	စီမံရေးရာဌာန(ဥပဒေဌာနခွဲ) ၆% နှင့် မြို့နယ်ဥပဒေရုံး(စည်ပင်သာယာ) ၄%	၁၀ %

၆။ ကော်မတီသည် လစဉ်ရရှိသည့် မော်တော်ယာဉ်ဒဏ်ကြေးငွေများကို သက်ဆိုင်ရာဌာနများသို့ (၃) လ တစ်ကြိမ် ခွဲဝေပေးရမည်။

၇။ ကော်မတီသည် သက်ဆိုင်ရာဌာနအသီးသီးသို့ ဆုကြေးငွေရာခိုင်နှုန်းများအား ပေးအပ်ရာတွင် သက်ဆိုင်ရာဌာနအသီးသီး၏ ငွေစာရင်းအမှတ် သို့မဟုတ် လူပုဂ္ဂိုလ်အမည်သို့ ချက်လက်မှတ်ဖြင့် လွှဲပြောင်းပေးအပ်ပြီး လွှဲပြောင်း၊ လက်ခံပြေစာတွင် လက်မှတ်ရေးထိုး၍ မှတ်တမ်း ထိန်းသိမ်းထားရှိရမည်။

အခန်း (၄)

ကော်မတီအတွင်းရှိ ဌာနများမှ ရရှိသည့်ဆုကြေးငွေများကို စီမံခန့်ခွဲခြင်း

၈။ စီမံရေးရာဌာန (ဥပဒေဌာနခွဲ) အတွက် ခွဲဝေရရှိသော သတ်မှတ်ရာခိုင်နှုန်းများအား ဆုကြေးငွေအဖြစ် စီမံရေးရာဌာန (ဥပဒေဌာနခွဲ) မှ အရာထမ်း၊ အမှုထမ်းအသီးသီးသို့ အညီအမျှခွဲဝေပေးရမည်။

၉။ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနအတွက် ရရှိသောသတ်မှတ်ရာခိုင်နှုန်းများအား ဆုကြေးငွေအဖြစ် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနမှ အရာထမ်း၊ အမှုထမ်း အသီးသီးသို့ အညီအမျှခွဲဝေပေးရမည်။

အခန်း (၅)

စာရင်းစစ်ဆေးခြင်း

၁၀။ ကော်မတီသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သူများကို တပ်ရိုက်သည့် ဒဏ်ကြေးငွေများအား ဆုကြေးငွေ ချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲမှလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှလည်းကောင်း ဘဏ္ဍာရေးနှစ်အလိုက် စာရင်းစစ်ဆေးခြင်းကိုခံယူရမည်။

အခန်း (၆)

အထွေထွေ

၁၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် ၂၀၂၁ ခုနှစ် မတ်လမှစ၍ ခွဲဝေခြင်းမပြုဘဲ ရပ်ဆိုင်းထားခဲ့သည့် မော်တော်ယာဉ်ဒဏ်ကြေးငွေများကို ဤညွှန်ကြားချက်ထုတ်ပြန်သည့်နေ့မှစ၍ သက်ဆိုင်ရာဌာနအသီးသီးသို့ ဆုကြေးငွေအဖြစ် တစ်လုံးတစ်ခဲတည်း ပြန်လည်ခွဲဝေပေးရမည်။

သန်းထွန်းဦး
မြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၆)

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့် ကြီးကြပ်စစ်ဆေးရေးဌာနကြီး၊ ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ရီမာမြင့် အား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှစ၍ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀–၄,၀၀၀–၄၃၈,၀၀၀)ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်ပြီး လက်ရှိဌာနတွင် တာဝန်ချထားလိုက်သည်။

အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၆)

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေ ပမာဏ၏ ၂၅ ရာခိုင်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၂ ပါ သတ်မှတ်ညွှန်ကြားချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၂၄ ဖြင့် သတ်မှတ်ခဲ့ပါသည်။

၃။ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၂၅ ရာခိုင်နှုန်း **အစား** ၁၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၂ ပါ သတ်မှတ်ညွှန်ကြားချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင် သတ်မှတ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

သန်းသန်းဆွေ

ဒုတိယ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

ရုံးအမိန့်အမှတ် (၀၃၅/၂၀၂၆)

ပဲခူးမြို့၊ ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ညွှန်ကြားရေးမှူး ဦးမြင့်လွင် ၏ ကြိုတင်ပြင်ဆင်ခွင့်(၄)လအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် ၈၁ အရ ၁၇-၂-၂၀၂၆ ရက်နေ့မှ ၁၆-၆-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ကြိုတင်ပြင်ဆင်ခွင့်ကုန်ဆုံးသည့် ၁၇ - ၆ -၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၂၃၃ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

မျိုးဆွေဝင်း

ဝန်ကြီးချုပ်

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၆)

ရန်ကုန်မြို့၊ ၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်
(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား) မှ ဒုတိယ ဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ကိုယ်ပိုင်အမှတ် မစ-၀၃၉၆ ဦးစောဝင်းမောင် ၏ သက်ပြည့်အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် ၁၄-၃-၂၀၂၆ ရက်နေ့မှ ၁၃-၇-၂၀၂၆ ရက်နေ့ထိ (၄) လကို ၂၂-၁၂-၂၀၂၅ ရက်နေ့တွင် ကျင်းပသော ကော်မတီဝင်များအစည်းအဝေးအမှတ်စဉ် (၃၂/ ၂၀၂၅) ဆုံးဖြတ်ချက်အမှတ် ၅။ (၃) (၁) နှင့် နိုင်ငံဝန်ထမ်းနည်း၃၀ပဒေများ၊ နည်း၃၀ပဒေ ၈၁။ အရ အများပြည်သူအကျိုးငှာငြင်းပယ်၍ ငြင်းပယ်ခဲ့သောကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ် ပြည့်သည့် ၁၄-၇-၂၀၂၆ ရက်နေ့မှ ၁၃-၁၁-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၁၄-၁၁-၂၀၂၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၆)

ရန်ကုန်မြို့၊ ၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) မှ ဒုတိယ ဌာနမှူး (ညွှန်ကြားရေးမှူး) (အင်ဂျင်နီယာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ကိုယ်ပိုင်အမှတ် မစ-၀၅၈၂ ဦးခိုင်ဇော်ဝင်း အား အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၁၂-၂-၂၀၂၆ ရက်နေ့မှ ၁၁-၆-၂၀၂၆ ရက်နေ့ထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၁၂-၆-၂၀၂၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) မှ ဌာနခွဲမှူး (လက်ထောက်ညွှန်ကြားရေးမှူး) (အင်ဂျင်နီယာ)၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ကိုယ်ပိုင်အမှတ် မစ-၁၃၉၁ ဒေါ်ခင်မိမိ အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၄-၂-၂၀၂၆ ရက်နေ့မှ ၃-၆-၂၀၂၆ ရက်နေ့ထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၄-၆-၂၀၂၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) မှ ဌာနခွဲမှူး (လက်ထောက်ညွှန်ကြားရေးမှူး) (အင်ဂျင်နီယာ)၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ကိုယ်ပိုင်အမှတ် မစ-၁၄၀၀ ဦးကျော်မြင့်မောင် အား အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၄-၂-၂၀၂၆ ရက်နေ့မှ ၃-၆-၂၀၂၆ ရက်နေ့ထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၄-၆-၂၀၂၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရာပြတ်ဌာနမှ ဌာနစုမှူး (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ကိုယ်ပိုင်အမှတ် မစ–၁၉၃၉ ဦးရွှေသိန်း အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၁၉–၂–၂၀၂၆ ရက်နေ့မှ ၁၈–၆–၂၀၂၆ ရက်နေ့ထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၁၉–၆–၂၀၂၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၆)

ရန်ကုန်မြို့၊ ၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်များ၏ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင်ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အမှတ် ၅။ (၄) အရ အင်ဂျင်နီယာဌာန (အဆောက်အအုံ) မှ ခေတ္တဌာနမှူးတာဝန်ထမ်းဆောင်လျက်ရှိသော ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) ကိုယ်ပိုင်အမှတ် မစ–၁၆၁၈ ဦးငွေစိုးသောင်း အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ လစာနှုန်း (၄၁၈,၀၀၀–၄,၀၀၀–၄၃၈,၀၀၀) ရာထူးသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ အစမ်း (၁) နှစ် တိုးမြှင့်ခန့်ထားလိုက်သည်။

အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၆)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်စွဲပါစာဖြင့် လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုလိုက်သည့် အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀) တွင် တွဲဖက်ထားသော အရန်အင်အားစာရင်းမှ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရောက်ရှိသတင်းပို့သည့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့မှစ၍ လက်ထောက်ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၄၁,၀၀၀–၄,၀၀၀–၃၆၁,၀၀၀) ရာထူးဖြင့် ခန့်ထားလိုက်ပြီး ယှဉ်တွဲပါကိုယ်ပိုင်အမှတ်များပေးအပ်၍ ကော်မတီ၏ အတွင်းရေးမှူးရုံးတွင် တွဲဖက်တာဝန်ပေးအပ်လိုက်သည်–

စဉ်	ကိုယ်ပိုင်အမှတ်	အဆင့်	အမည်	ကော်မတီကိုယ်ပိုင်အမှတ်
၁။	ကြည်း ၃၁၀၄၆	ဒုတိယဗိုလ်မှူးကြီး	ရဲထွဋ်ဝင်း	မစ–၂၃၄၀
၂။	ကြည်း ၄၂၁၈၇	ဒုတိယဗိုလ်မှူးကြီး	ဟိန်းဆက်ဇော်	မစ–၂၃၄၁

အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၆)

ရန်ကုန်မြို့၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) ၏ အတည်ပြုချက်အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးရဲထွဋ် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၂/ဥကမ (နိုင်) ၁၅၄၁၉၅] အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရောက်ရှိသတင်းပို့သည့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှစ၍ ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) ရာထူးဖြင့် ခန့်ထားလိုက်ပြီး ကိုယ်ပိုင်အမှတ် (မစ–၂၃၄၂) ပေးအပ်၍ ကော်မတီ၏ အတွင်းရေးမှူးရုံးတွင် တွဲဖက်တာဝန်ပေးအပ်လိုက်သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၁၀ ရက်စွပါစာဖြင့် လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုလိုက်သည့် အောက်ဖော်ပြပါအရာထမ်း (၂) ဦးတို့အား ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရောက်ရှိသတင်းပို့သည့် ၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၁၉ ရက်နေ့မှစ၍ ဌာနခွဲမှူး (လက်ထောက်ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ရာထူးဖြင့် ခန့်ထားလိုက်ပြီး အမည်နှင့် ယှဉ်တွဲပါ ကိုယ်ပိုင်အမှတ်များပေးအပ်၍ ကော်မတီ၏ အတွင်းရေးမှူးရုံးတွင် တွဲဖက်တာဝန်ပေးအပ်လိုက်သည်-

စဉ်	ကိုယ်ပိုင်အမှတ်	အဆင့်	အမည်	ကော်မတီကိုယ်ပိုင်အမှတ်
၁။	ကြည်း ၄၃၉၁၄	ဗိုလ်မှူး	ဝဏ္ဏထွန်း	မစ-၂၃၄၃
၂။	ကြည်း ၄၉၈၃၁	ဗိုလ်မှူး	ထွန်းထွန်းဝင်း	မစ-၂၃၄၄

အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၆)

ရန်ကုန်မြို့၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
(၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၂ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊စီမံရေးရာဌာနမှဒုတိယဌာနမှူး(ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ကိုယ်ပိုင်အမှတ် မစ-၁၉၁၈ ဦးအမ်လှသောင်း ၏ သက်ပြည့် အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် ၁၂-၂-၂၀၂၆ ရက်နေ့မှ ၁၁-၆-၂၀၂၆ ရက်နေ့ထိ (၄) လကို ၁၄-၁-၂၀၂၆ ရက်နေ့တွင် ကျင်းပသော ကော်မတီဝင်များအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ဆုံးဖြတ်ချက်အမှတ် ၅။(စ)(၁)နှင့်နိုင်ငံ့ဝန်ထမ်းနည်း၃၆ပဒေများ၊နည်း၃၆ပဒေ၈၁။အရအများပြည်သူအကျိုးငှာငြင်းပယ်၍ ငြင်းပယ်ခဲ့သော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ် ပြည့်သည့် ၁၂-၆-၂၀၂၆ ရက်နေ့မှ ၁၁-၁၀-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၁၂-၁၀-၂၀၂၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် ထုတ်လုပ်ရေးဌာနမှ ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ကိုယ်ပိုင်အမှတ် မစ-၀၇၃၆ ဦးမင်းဇော် ၏ သက်ပြည့်အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် ၂၀-၄-၂၀၂၆ ရက်နေ့မှ ၁၉-၈-၂၀၂၆ ရက်နေ့ထိ (၄) လကို ၁၄-၁-၂၀၂၆ ရက်နေ့တွင် ကျင်းပသော ကော်မတီဝင်များအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ဆုံးဖြတ်ချက်အမှတ် ၅။ (စ) (၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်း၃၆ပဒေများ၊ နည်း၃၆ပဒေ ၈၁။ အရ အများပြည်သူအကျိုးငှာငြင်းပယ်၍ ငြင်းပယ်ခဲ့သောကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ် ပြည့်သည့် ၂၀-၈-၂၀၂၆ ရက်နေ့မှ ၁၉-၁၂-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၂၀-၁၂-၂၀၂၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် ထုတ်လုပ်ရေးဌာနမှ ဌာနခွဲမှူး (လက်ထောက်ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ကိုယ်ပိုင်အမှတ် မစ-၁၁၈၃ ဒေါ်သီသီဦး ၏ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် ၃-၃-၂၀၂၆ ရက်နေ့မှ ၂-၇-၂၀၂၆ ရက်နေ့ထိ (၄) လကို ၁၄-၁-၂၀၂၆ ရက်နေ့တွင်ကျင်းပသော ကော်မတီဝင်များအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ဆုံးဖြတ်ချက်အမှတ် ၅။ (စ) (၃) နှင့် နိုင်ငံ့ဝန်ထမ်းနည်း၃၆ပဒေများ၊ နည်း၃၆ပဒေ ၈၁။ အရ အများပြည်သူအကျိုးငှာငြင်းပယ်၍ ငြင်းပယ်ခဲ့သောကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂)

နှစ်ပြည့်သည့် ၃-၇-၂၀၂၆ ရက်နေ့မှ ၂-၁၁-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၃-၁၁-၂၀၂၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၆)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၁၀ ရက်စွဲပါ စာဖြင့် လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုလိုက်သည့် အောက်ဖော်ပြပါအရာထမ်း(၃) ဦးတို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ ရောက်ရှိသတင်းပို့သည့် ၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၀ ရက်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲပါ ရာထူးများဖြင့် ခန့်ထားလိုက်ပြီး ကိုယ်ပိုင်အမှတ်များပေးအပ်၍ ကော်မတီ၏ အတွင်းရေးမှူးရုံးတွင် တွဲဖက်တာဝန်ပေးအပ်လိုက်သည်-

စဉ်	အမည်၊ ကိုယ်ပိုင်အမှတ်	မူလတပ်ရင်း	ခန့်အပ်သည့်ရာထူး၊ လစာနှုန်း	ပေးအပ်သည့် ကိုယ်ပိုင်အမှတ်
၁။	ဗိုလ်မှူး တင့်မျိုးလွင် ကြည်း ၄၃၈၅၆	အမှတ်(၃) ခြေလျင် တပ်မဟာ၊ အုပ်ချုပ်မှု ဌာန	ဌာနခွဲမှူး (လက်ထောက် ညွှန်ကြားရေးမှူး) (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)	မစ-၂၃၄၅
၂။	ဗိုလ်မှူး ကျော်စွာစိုး ကြည်း ၅၄၉၅၇	အမှတ် (၄၄) ခြေလျင် တပ်ရင်း	ဌာနခွဲမှူး (လက်ထောက် ညွှန်ကြားရေးမှူး) (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)	မစ-၂၃၄၆
၃။	ဗိုလ်ကြီး မျိုးဝင်းထွန်း ကြည်း ၇၂၁၃၆	အမှတ်(၇၇) ခြေမြန် တပ်မဌာနချုပ်၊ ဌာနချုပ်တပ်ခွဲ	ဌာနစုမှူး (ဦးစီးအရာရှိ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)	မစ-၂၃၄၇

အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၆)

ရန်ကုန်မြို့၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
(၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၈ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်များ၏ ၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၆) ဆုံးဖြတ်ချက်အမှတ် ၅။ (ဇ) (၂) အရ အင်ဂျင်နီယာဌာန (အဆောက်အအုံ) မှ ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ကိုယ်ပိုင်အမှတ် မစ-၁၁၇၄ ဒေါက်တာ ကျော်ကျော်ထွန်း အား မြို့ပြစီမံကိန်းဌာနတွင် လစ်လပ်လျက်ရှိသော ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ အစမ်း (၁) နှစ် တိုးမြှင့်ခန့်ထားလိုက်သည်။

အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၆)

